# ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်၊ သောကြာနေ့၊ (11-9-2015) (၈၃၂၀)


## မေတ္တာ၏ အကျိုးအာနိသင်

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘဝသမ္ပတ္တိအကျိုးပေးသန်သော ကောင်းသောကံတကာတည်းတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သော ကံဟူ၍ မရှိပေ။

သေက္ချတောင်ဆရာတော် ဦးတိလောက

# လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာ ပြင်ဆင်ဆောင်ရွက်မှုအခြေအနေများ ဆွေးနွေး



စာမျက်နှာ » ၃

# တီးတိန်မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် မြေပြိုအက်ကွဲကာ ဆက်လက်နေထိုင်ရန်မသင့်သောကျေးရွာများ ရွှေ့ပြောင်းပေးနိုင်ရန် မြေနေရာပြန်လည်ချထားပေးမည်

**တီးတိန် စက်တင်ဘာ ၁၀**

ချင်းပြည်နယ် ဖလမ်းခရိုင် တီးတိန်မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ် ဒဏ်ခံကျေးရွာများအနက် မြေပြိုအက်ကွဲကာ ဆက်လက်နေထိုင်ရန်မသင့်သော ကျေးရွာများကို စနစ်တကျရွှေ့ပြောင်းပေးနိုင်ရန်အတွက် မြေနေရာ ပြန်လည်ချထားပေးမည်ဖြစ်ကြောင်း တီးတိန်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

တီးတိန်မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် နေအိမ်ပျက်စီးမှု အခြေအနေများကို ဩဂုတ် ၃၀ ရက်အထိ ပြုစုထားသော စာရင်းများအရ အိမ်ပြိုကျပျက်စီးမှု ၆၈ အိမ်၊ ရွှေ့ပြောင်းရန်လိုအပ်သော အိမ်ခြေ ၃၇၂ အိမ် အပါအဝင် အိမ်ခြေစုစုပေါင်း ၄၄၀ ကို အိမ်မြေအလိုက်၊ အိမ်ထောင်စု တစ်စုချင်းစီအလိုက် အသေးစိတ်စာရင်းပြုစုကာ ဆက်လက်နေထိုင်ရန် မသင့်သော ကျေးရွာများကို သင့်တော်သော မြေနေရာသို့ ရွှေ့ပြောင်းပေးနိုင်ရေး အတွက် မြေနေရာလျာထားသတ်မှတ်မှုကို ခရိုင်အုပ်ချုပ်ရေးမှူးရုံးမှတစ်ဆင့် ပြည်နယ်အစိုးရသို့ တင်ပြအတည်ပြုချက်ရယူခဲ့ကြောင်း တီးတိန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဂိုဆွင်းခိုင်က ပြောသည်။

"အခုဆိုရင် မြေပြိုတာ ဘေးအန္တရာယ်ဖြစ်တာ တစ်လကျော်ကြာသွား ပြီးတဲ့အနေအထားမှာ ပြန်လည်ထူထောင်ရေးတွေကို ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ အခုလက်ရှိ

**စာမျက်နှာ ၃ ကော်လံ ၄ သို့**



တီးတိန်မြို့နယ် ကယ်ဆယ်ရေးစခန်း အမှတ်(၂) ကို တွေ့ရစဉ်။

သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့်စီမံကိန်း မကြာမီ စီးပွားဖြစ်လည်ပတ်နိုင်တော့မည်

စာမျက်နှာ - ၅

မူလအခြေအနေသို့ ဆောလျင်စွာ ပြန်လည်ရောက်ရှိစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

စာမျက်နှာ - ၈

ဂျပန်နိုင်ငံ ဟိုဆိုမြို့၌ မိုးသည်းထန်စွာရွာသွန်း၊ ဒေသခံ ၁၀၀၀၀၀ ကျော် ပြောင်းရွှေ့

စာမျက်နှာ - ၁၃



ကြေးမုံစာတည်းရှုထောင့် ၁၁-၉-၂၀၁၉၊ သောကြာနေ့

# လုပ်ငန်းစွမ်းဆောင်ရည်

နိုင်ငံတည်ဆောက်ရာတွင်လည်းကောင်း၊ မိမိလုပ်ငန်း၏ရည်မှန်းချက်ပြီးမြောက်အောင်ဆောင်ရွက်ရာတွင်လည်းကောင်း နေ့မနား၊ ညမနား၊ မနားမနေ စွမ်းအားပြည့်အလုပ်လုပ်ကြသည်ကို ကြုံဖူးကြပေလိမ့်မည်။ အချိန်ကာလသတ်မှတ်ချက်နှင့် လုပ်ငန်းပမာဏပေါ် မူတည်၍ ထိုသို့စွမ်းဆောင်ကြခြင်းအတွက် အထူးပြောဖွယ်ရှိမည်မဟုတ်ချေ။

သို့သော် နိစ္စဓူဝ လုပ်မြဲ၊ ကိုင်မြဲ နေ့စဉ်လုပ်ကိုင်ဆောင်ရွက်နေရသည့် အလုပ်များအတွက်မူ မနားမနေ လုပ်ကိုင်ဆောင်ရွက်နေပါက ထိုအလုပ်၏ အရည်အသွေး၊ တိုးတက်အောင်မြင်မှု၊ လုပ်ငန်းစွမ်းဆောင်ရည်နှင့် ဆန်းသစ်တီထွင်မှုစသည့် လုပ်ငန်းပိုင်းဆိုင်ရာများ ပိုမိုတောက်ပြောင်လာလိမ့်မည်မဟုတ်သည်ကို အလုပ်လုပ်သူ၏ အနေအထားများအား လေ့လာသုံးသပ်ကြည့်ခြင်းအားဖြင့် သိသာနိုင်မည်ဖြစ်သည်။

လူတိုင်းလူတိုင်းအနေဖြင့် ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်ပုံအရ တစ်နေ့တာအလုပ်လုပ်နိုင်သော ကာယစွမ်းရည်၊ ဉာဏစွမ်းရည် အတိုင်းအတာရှိပြီးဖြစ်သည်။ လူအချို့အနေဖြင့် လိုသည်ထက်ပိုမို အလုပ်ကိုလုပ်ဆောင်နိုင်စွမ်းရှိတတ်ပြီး အချို့လူတို့အနေဖြင့် လိုသည်ထက်လျော့နည်းလုပ်ဆောင်နိုင်သည့် အနေအထားများ ရှိတတ်ကြပါသည်။

ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်ထားမှုအရ သတ်မှတ်ထားသော အလုပ်ပမာဏကိုလုပ်ဆောင်ပြီးလျှင် လုပ်ဆောင်မှုစွမ်းရည် တဖြည်းဖြည်းလျော့ကျလာတတ်သည့် သဘောရှိသည်။ ထို့ကြောင့် မိမိ၏ခန္ဓာကိုယ်နှင့် ဦးနှောက်တို့ကို အနားပေးခြင်းဟူသော အိပ်စက်ခြင်းကိုပြုလုပ်ကြရသည်။ ယင်းသဘောကို လွန်ဆန်၍ အအိပ်အနေလျှော့ကာ လိုသည်ထက်ပိုမိုအလုပ်လုပ်လိုက်ပါက လုပ်ဆောင်နိုင်သည့်စွမ်းရည်ကျဆင်းလာခြင်းကို မလွဲမသွေကြုံတွေ့ရမည်ဖြစ်သည်။

ယင်းမှာ ခန္ဓာကိုယ်အား အနားပေးခြင်းဖြစ်သည်။ အခြားတစ်နည်း အနားပေးခြင်းမှာမူ အလုပ်ကြောင့် ပင်ပန်းနွမ်းနယ်မှုကို ပြေပျောက်စေရန်အတွက် စိတ်အပန်းဖြေအနားပေးခြင်းလည်း ရှိသေးသည်။ မိမိတို့စွမ်းဆောင်ခဲ့သော အလုပ်အတိုင်းအတာနှင့် သတ်မှတ်အချိန်ကာလပြည့်သောအခါ ထိုအလုပ်ကိုရပ်နား၍ စိတ်လွတ်ကိုယ်လွတ် ပေါ့ပါးသက်သာစွာအနားယူခြင်းမျိုးဖြစ်သည်။

ပညာရှင်များက မိမိအလုပ်ကို တိုးတက်အောင်မြင်စေရန်အတွက် အလုပ်လုပ်ရာတွင် လိမ္မာပါးနပ်စွာ လုပ်ကိုင်တတ်ဖို့နှင့် အလုပ်ကို အပြင်းအထန် မလုပ်မိဖို့လိုသည်ဟု ဆိုထားသည်။ အလုပ်ကို အကောင်းဆုံးနှင့် စွမ်းအားပြည့်လုပ်ကိုင်နိုင်ရန်လိုအပ်သလို အလုပ်လုပ်ကိုင်ပြီးသောအခါ နေ့စဉ်၊ အပတ်စဉ်၊ နှစ်စဉ် အနားယူ၍ မိမိတို့ကုန်ဆုံးသွားသော လုပ်အားများကို အသစ်ပြန်လည်အင်အားဖြစ်လာစေရန် ဖြည့်ဆည်းပေးရန်လည်း လိုအပ်သည်ဟု ဆိုထားသည်။

လူတစ်ဦးတစ်ယောက်သည် သက်ရှိစိတ်နှင့်ခန္ဓာတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသောကြောင့် ထိုလူ၏ စိတ်နှင့်ခန္ဓာအား ပြန်လည်လန်းဆန်းအောင် အစဉ်အမြဲအလေးထားဆောင်ရွက်ပေးရသည်။ အားလပ်မှုမရှိ၊ ပျော်ရွှင်မှုမရှိ အမြဲထာဝရ အလုပ်နှင့်လက်မပြတ်ရှိနေပါလျှင် ထိုလူတွင် ထူးခြားသောစွမ်းဆောင်ရည်များရှိလာမည်မဟုတ်ဘဲ စက်ရုပ်လူသားကဲ့သို့ ခိုင်းသည့်အတိုင်းသာ လုပ်တတ်ကိုင်တတ်သည့် အနေအထားမျိုးသာရရှိလိမ့်မည်ဖြစ်သည်။

ထိုလူသားအနေဖြင့် အလုပ်လုပ်မှုကြာရှည်လာသည်နှင့်အမျှ စိတ်ပင်ပန်းမှု၊ ကိုယ်ပင်ပန်းမှု၊ စိတ်ဖိစီးမှုများဖြင့် လုပ်ငန်းစွမ်းဆောင်ရည် မတိုးတက်သည့်အပြင် စိတ်ကျန်းမာရေး၊ ကိုယ်ကျန်းမာရေးပါ တစ်နေ့တခြား ထိခိုက်လာမည်ဖြစ်သည်။ အမှန်တွင် လူတိုင်းလူတိုင်းအနေဖြင့် အလုပ်လုပ်နိုင်သော အချိန်ကာလမှစတင်ကာ သေသည်အထိ အလုပ်များလုပ်နေရဦးမည်ဖြစ်သည်။

သို့သော် မိမိ၏စိတ်နှင့်ခန္ဓာကိုယ်ကို ပြန်လည်အားမွေး အစာကျွေးခြင်းဖြင့် မိမိကိုယ်ကိုမိမိ ပြန်လည်သစ်လွင်တောက်ပြောင်အောင် ကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားအောင် ဖန်တီးတတ်ရမည်ဖြစ်သည်။ သို့မှသာ ကျန်းမာလန်းဖြာ၍ ကုန်ထုတ်စွမ်းအားမြင့်မားပြီး အောင်မြင်သည့်လုပ်ငန်းတစ်ခုကို ရရှိပိုင်ဆိုင်နိုင်မည်ဖြစ်ပါသည်။ ။

## မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကိုယ်ဝန်ဆောင်အာဟာရ ထောက်ပံ့မှု အစီအစဉ်တွင် ပြန်ကြားရေးဝန်ကြီးဌာနက အလှည့်ကျပူးပေါင်းပါဝင်



**နေပြည်တော် စက်တင်ဘာ ၁၀**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ကိုယ်ဝန်ဆောင်အာဟာရထောက်ပံ့မှုအတွက် ဝန်ကြီးဌာနများကလည်း ပူးပေါင်းပါဝင်လျက်ရှိရာ ယနေ့တွင် ကိုယ်ဝန်ဆောင်မိခင် ၉၀ အတွက် ပြန်ကြားရေးဝန်ကြီးဌာန မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက အလှည့်ကျထောက်ပံ့ခဲ့သည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ မေတ္တာစမ်းရေဆေးခန်းမှ ကိုယ်ဝန်ဆောင်မိခင်များအား ကိုယ်ဝန်စအပ်ချိန်မှစ၍ လာရောက်ပြသချိန်တိုင်း လစဉ်ဆန်၊ဆီ၊ အိုင်အိုဒင်းဆား၊ကြွေကာအုပ်၊ မြေပဲ၊ ကုလားပဲ၊ ပဲနီလေး ၊ ဆပ်ပြာစသည်ဖြင့် ငွေကျပ် တစ်သောင်းခန့်တန်ဖိုးရှိ အာဟာရယူနစ်များကို ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အစီအစဉ်တွင် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များ၌ တစ်နေ့တာ အာဟာရအဖြစ် ငှက်ပျောသီး၊ ကြက်ဥ၊ ဘီစကစ် (သို့မဟုတ်) ပေါင်မုန့်၊ ကုလားပဲများကို ဝန်ကြီးဌာန မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများကလည်း အလှည့်ကျ ပူးပေါင်းပါဝင်ထောက်ပံ့လျက်ရှိသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း မေတ္တာစမ်းရေဆေးခန်းသည် ၂၀၁၃ ခုနှစ်မှ စတင်ကာ ကိုယ်ဝန်ဆောင်မိခင်များကို အာဟာရယူနစ်များ ထောက်ပံ့ပေးလျက်ရှိရာ လစဉ်အာဟာရယူနစ်ငါးရာဝန်းကျင်ခန့်ကို ထောက်ပံ့ပေးလျက်ရှိကြောင်းနှင့် ဒက္ခိဏသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်များရှိ ကျေးရွာများမှ ကိုယ်ဝန်ဆောင်မိခင်များက ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စက်တင်ဘာ ၁၄ ရက်တွင် တစ်နိုင်ငံလုံးရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲစာရင်းကပ်ပြီး ကြေညာမည်။
မဲဆန္ဒရှင်ပြည်သူများ သွားရောက်ကြည့်ရှုပြီး အမည်မပါလျှင် ပုံစံ(၃)ဖြင့် ဖြည့်ပေးရန်၊ မပါသင့်သူပါနေလျှင် ပုံစံ(၄)ဖြင့် ပယ်ဖျက်ပေးရန်၊
အချက်အလက်မှားနေလျှင် ပုံစံ (၄-က)ဖြင့် ပြင်ဆင်ပေးရန်၊
သို့မှသာ မှန်ကန်သည့် မဲစာရင်းဖြစ်ပြီး မဲပေးနိုင်ကြမည်။
မဲပေးခွင့်မဆုံးရှုံးစေရန် မဲစာရင်းသွားကြည့်ပြီး
ဖြည့်စွက်/ပြင်ဆင်/ပယ်ဖျက်ခြင်းများ ဆောင်ရွက်သွားကြရန်။



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၁၀**

| | |
|---|---|
| **ရန်ကုန် ရွှေဈေး** | ၇၆၃၃၀၀ - ၇၆၄၃၀၀ |
| **မန္တလေး ရွှေဈေး** | ၇၆၃၃၀၀ - ၇၆၄၃၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | |
|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၉၀/၈၀၀ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၉၀/၇၀၀ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၂၈၂.၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၄၄၀.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = ၂၀၁.၀၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၅.၁၈၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၂၉၃.၄၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၁၉.၂၄၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = ၁၀၆၆.၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၇.၀၀ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = ၈၉၂.၇၉ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၉၀၀.၇၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြို့မစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှ၊ သီရိ

ပြည်တွင်းရေးရာ

# လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲကျင်းပရေးဆိုင်ရာ ပြင်ဆင်ဆောင်ရွက်မှုအခြေအနေများ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကမ္ဘာ့ခေါင်းဆောင်များ မဟာမိတ်အဖွဲ့မက်ဒရစ်မှ ဘူတန်ဝန်ကြီးချုပ်ဟောင်း မစ္စတာ ဂျင်မီရိုဆာသင်လေးနှင့် ဩစတြီးယားအဓိပတိဟောင်း မစ္စတာ အဲဖရက်ဂူဆန်ဘာတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ပြည်သူလူထု၏ ဆန္ဒနှစ်ရပ်ဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်မှုအခြေအနေ၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာ ပြင်ဆင်ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ပညာပေးသင်တန်းဖွင့်



**နေပြည်တော် စက်တင်ဘာ ၁၀**

မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များပညာပေးသင်တန်း အမှတ်စဉ် (၂/၂၀၁၅) ဖွင့်ပွဲကိုယနေ့ နံနက် ၈နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူး AEC နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် အဓိကတာဝန်ယူလုပ်ဆောင်ကြရမည့်သူများမှာ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များဖြစ်၍ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များနှင့်အညီ သိရှိနားလည်ပြီး ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်နိုင်ရန်နှင့် မဲရုံမှူးအနေဖြင့် မဲရုံတွင်ဖြစ်လာနိုင်သည့်ပဋိပက္ခများ၊ ပြဿနာများအပေါ်တွင် ဥပဒေနှင့်အညီ ဖြေရှင်းနိုင်ရန် လိုအပ်ကြောင်း။

မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်တိုင်းသည် ကိုယ်စီတာဝန်ကိုသိရှိပြီး လုပ်ငန်း၏ ရည်ရွယ်ချက်ကိုသိမှသာ တာဝန်ကို တိတိကျကျဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ မဲရုံဝင်ပေါက်တွင် မဲဆန္ဒရှင်လက်ချောင်းများအား စစ်ဆေးခြင်းသည် မင်တို့သည့်အခါ မင်မစွဲအောင် Coating တစ်ခုခုလုပ်ထားခြင်း ရှိ/မရှိကို စစ်ဆေးခြင်း၊ လက်ချောင်းတွင် မင်တို့ခြင်းသည် တစ်ဦးတည်းက နှစ်ကြိမ်မဲမပေးနိုင်စေရန် ဆောင်ရွက်ခြင်း၊ မဲဆန္ဒရှင်သက်သေခံလက်မှတ်ပါမှသာ မဲပေးခွင့်ပြုမည်မဟုတ်ဘဲ မှတ်ပုံတင်သော်လည်းကောင်း၊ သက်သေအထောက်အထား တစ်ခုခုသော်လည်းကောင်း ပြသနိုင်ပါကလည်း မဲပေးခွင့်ပြုခြင်း၊ မည်သည့်သက်သေခံကတ်မှ မပါသော်လည်း မဲဆန္ဒရှင်မှန်ကန်ကြောင်း ထောက်ခံပြောကြားသူရှိလျှင် ပုံစံ(၁၂) ဖြင့်မှတ်တမ်းပြု၍ မဲပေးခွင့်ပြုခြင်းစသည်ဖြင့် သိရှိထားရန်လိုကြောင်း။

ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် စပ်လျဉ်း၍ ကြိုတင်မဲပေးသူစာရင်းများ မဲရုံတွင်ကပ်ထားရန်၊ မဲရေတွက်သည့်အခါ ကြိုတင်မဲကို ဦးစွာရေတွက်ရန်၊ မဲလက်မှတ်များအား အသိသက်သေများ ကြည့်ရှုသူများကို ပြသရန်၊ မဲရလဒ်များကို မဲရုံတွင်ကပ်ထားကြေညာရန်၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အဖွဲ့များနှင့် မီဒီယာများကို ကြည့်ရှုလေ့လာခွင့်ပြုရန်၊ မဲပေးစဉ်ကာလတွင် လျှို့ဝှက်မဲပေးမှုကို မထိခိုက်စေရန် ထိန်းသိမ်းဆောင်ရွက်နိုင်ရေး စသည်တို့ကိုလည်း သင်ကြားပေးရန် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအဖြစ် တာဝန်ယူဆောင်ရွက်ကြမည့်သူများတွင် အတွေ့အကြုံရှိသူများ ပါနိုင်သကဲ့သို့ အတွေ့အကြုံမရှိသူများလည်း ပါဝင်နိုင်ကြောင်း၊ သင်တန်းတွင် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လက်စွဲပါ လမ်းညွှန်ချက်များအတိုင်း ကျွမ်းကျင်စွာလုပ်ဆောင်နိုင်ရေး လေ့ကျင့်ပေးရန်လိုကြောင်း။

နည်းပြလုပ်မည့်သူများကိုယ်တိုင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များနှင့် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လက်စွဲပါ အချက်အလက်များအပေါ် ဂဃနဏ ရှင်းရှင်းလင်းလင်း သိရှိထားမှသာ ပြန်လည်သင်ကြားပို့ချချိန်တွင် ထိရောက်စွာ သင်ကြားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် Australia Electoral Commission မှ Ms.Robyn Whitney ကသင်တန်းပို့ချရခြင်းနှင့် စပ်လျဉ်း၍ ယခုသင်တန်းသည် ကော်မရှင်၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ဆင့်ပွားသင်တန်းပို့ချရာတွင် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ပါကြောင်း၊ လုပ်ငန်းစဉ်တိုင်းတွင် ပြဿနာအသေးအဖွဲမှစ၍မဖြစ်ပွားစေရန် လုပ်ငန်းကြီးငယ်မရွေး အလေးထားဆောင်ရွက်ရန် ပို့ချလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းအား တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ သင်တန်းသား ၅၁ဦးဖြင့် စက်တင်ဘာ ၁၀ရက်မှ ၁၁ရက်ထိ နှစ်ရက်ကြာဖွင့်လှစ်မည်ဖြစ်သည်။ **(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်
## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူအမည်ပြောင်း လျှောက်ထားခြင်း တို့ကို စီမံခန့်ခွဲ ရေးကော်မတီအစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၁၀-၉-၂၀၁၅ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်းသက်တမ်းတိုး တစ်ဦး၊ ထုတ်ဝေသက်တမ်းတိုး တစ်ဦး၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက် ကိုးဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် နှစ်ဦး၊ မဂ္ဂဇင်း ထုတ်ဝေခွင့် နှစ်ဦး၊ အထွေထွေထုတ်ဝေခွင့် ၁၅ ဦးနှင့် ပေါင်းလုပ်ငန်းအသစ် ၁၉ ဦးတို့အားလည်းကောင်း၊ ဂျာနယ်ရုံးခန်းလိပ်စာပြောင်း တစ်ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်းအမည်ပြောင်း တစ်ဦးတို့အားလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး၁၀၃၄ ဦးနှင့် အသစ်လျှောက်ထားသူ ၂၃၄ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း အတွက် သက်တမ်းတိုး ၉၉၀ နှင့် အသစ်လျှောက်ထားသူ ၅၆၆ ဦး၊ သတင်းအေဂျင်စီလုပ်ငန်းအသစ် လျှောက်ထားသူ ၁၇ ဦး၊ စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ၂၈၄၁ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူတစ်ဦးကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

**ရွှေဖုံးမှ**

ပြန်လည်ထူထောင်ရေး အပိုင်းနဲ့ ပတ်သက်ပြီး မြေနေရာလျာထားမှုကို ဆောင်ရွက်ပြီးဖြစ်ပါတယ်။ပြောင်းရွှေ့မယ့် နေရာတွေကလည်း ဒေသခံတွေကိုယ်တိုင် ပြောင်းရွှေ့လိုတဲ့နေရာတွေ ဖြစ်ပါတယ်။ အစိုးရအဖွဲ့ အတည်ပြုချက်ရယူပြီး အစိုးရရဲ့ဦးဆောင်မှုနဲ့ အတူ အစိုးရ၊ အစိုးရ မဟုတ်တဲ့အဖွဲ့အစည်းတွေအကုန်လုံး ပံ့ပိုးမှုတွေနဲ့ မြေနေရာချထားပေးမယ်။ ချထားပေးပြီးတော့ တန်ဖိုးနည်းအိမ်ရာတွေ ဆောက်လုပ်မယ့်အပိုင်းတွေ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကို အစိုးရဘက်ကရော INGO၊ NGO တွေနဲ့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ဦးဂိုဆွင်းခိုင်ကပြောသည်။

တီးတိန်မြို့နယ်အတွင်းတွင် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်မှု ကြုံတွေ့ခဲ့ရသည့် ကျေးရွာပေါင်း ၂၄ ရွာခန့်ရှိပြီး ရွှေ့ပြောင်းရန်လိုအပ်နေသော အိမ်ခြေပေါင်း ၄၄၀ ခန့်ရှိသည်။အချို့ကျေးရွာများသည် နေအိမ်ပြိုကျမှုမဖြစ်ခဲ့သော်လည်း မြေသားအက်ကွဲကြောင်းများဖြစ်ပေါ်ကာ မြစ်ငယ်တစ်ခုသဖွယ် ရေစီးကြောင်းများ စီးဆင်း၍ ဆက်လက်နေထိုင်ရန် မသင့်တော်သောကြောင့် ပြောင်းရွှေ့ရန် လိုအပ်ခြင်းဖြစ်ကြောင်း သိရသည်။ ကျေးရွာများအနက် ထိခိုက်မှုအများဆုံးဖြစ်ခဲ့သော ကျေးရွာမှာ လိုင်ဘုန်ကျေးရွာဖြစ်သည်ဟု သိရသည်။

လက်ရှိတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေပြီး ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်နေသူများကို စားနပ်ရိက္ခာများ လုံလောက်စွာ ထောက်ပံ့ပေးအပ်နိုင်ရေးအတွက် စနစ်တကျပြင်ဆင်ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။ ကယ်ဆယ်ရေးစခန်းများတွင် လာရောက်နေထိုင်ခြင်းမရှိသည့် ကျေးရွာများတွင်နေထိုင်သူများအတွက်လည်း ထောက်ပံ့ရေးပစ္စည်းများကို ဆက်လက်ပေးပို့လျက်ရှိပြီး သဘာဝဘေးဒဏ်မသင့်သော်လည်း စားဝတ်နေရေးနှင့် လမ်းပန်းဆက်သွယ်မှု အခက်အခဲ ဖြစ်ပေါ်နေသည့် ကျေးရွာများလည်းရှိကြောင်း ပရဟိတအဖွဲ့များမှ သိရသည်။ သဘာဝဘေးကြောင့် မြေပြို၊အိမ်ပျက်စီးသွားသော ကျေးရွာများ မြေနေရာချထားပေးမှုနှင့် အိမ်ရာများ ပြန်လည်ဆောက်လုပ်ပေးနိုင်မှုတို့ကို အမြန်ဆုံးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်မှုကို မိုးရာသီအကုန် ပွင့်လင်းရာသီတွင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(၀၀၁)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အစ္စရေးနိုင်ငံသမ္မတအား သွားရောက်တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၀**

အစ္စရေးနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အစ္စရေးနိုင်ငံသမ္မတ Mr. Reuven Rivlin အား စက်တင်ဘာ ၉ ရက် မွန်းလွဲပိုင်းတွင် ဂျေရုစလင်မြို့ရှိ သမ္မတအိမ်တော်၌ သွားရောက်ဂါရဝပြု တွေ့ဆုံသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က စက်တင်ဘာ ၉ ရက်တွင် ကျရောက်သော အစ္စရေးနိုင်ငံတော် သမ္မတ၏ (၇၆)နှစ်မြောက် မွေးနေ့ အတွက် ဆုမွန်ကောင်းတောင်းပြီး မွေးနေ့ဂုဏ်ပြုလက်ဆောင်ပန်းစည်း အားသမ္မတထံပေးအပ်သည်။**(ယာပုံ)**

အစ္စရေးနိုင်ငံသမ္မတက အစ္စရေး နိုင်ငံအခက်အခဲများ ရှိစဉ်တွင် မြန်မာနိုင်ငံက ကူညီပေးခဲ့တာတွေကို ကျေးဇူးတင်ကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတွင် ယဉ်ကျေးမှု ဆိုင်ရာများကိုပါ ပူးပေါင်းဆောင် ရွက်ရန် ဆန္ဒရှိကြောင်း၊ ၁၉၅၀ ပြည့်နှစ်က အစ္စရေးနှင့် မြန်မာနိုင်ငံ ချစ်ကြည်ရင်းနှီးမှု အခြေအနေသို့ ရောက်အောင် ပြန်လည်တည်ဆောက် သွားမည်ဖြစ်ကြောင်း၊ အစ္စရေးနိုင်ငံ တည်ရှိရေးနှင့် ဒေသတွင်းအခြေအနေ များနှင့် ပတ်သက်၍ မြန်မာနိုင်ငံမှ အသိအမှတ်ပြုမှုအပေါ် ကျေးဇူးတင် ရှိပါကြောင်း ဆွေးနွေးပြောကြား သည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ခရီးစဉ်တိုတောင်းသော်လည်း သမ္မတ၊ ကာကွယ်ရေးဝန်ကြီး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် အပါအဝင် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး ခဲ့ပြီး စက်ရုံများအား လေ့လာခွင့်ရရှိခဲ့ သည့်အတွက် အောင်မြင်သော ခရီးစဉ်တစ်ခုဖြစ်ကြောင်း ဆွေးနွေး ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့သည် အစ္စရေးနိုင်ငံ ဂျေရုစလင်မြို့ဟောင်းသို့ မော်တော် ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့်အဖွဲ့သည် စက်တင်ဘာ ၉ ရက် ညပိုင်းတွင် အစ္စရေးနိုင်ငံ တဲလ်အဗီး မြို့ Bun Gurion အပြည်ပြည် ဆိုင်ရာလေဆိပ်မှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရာ အစ္စရေးနိုင်ငံ Directorate of Security for Defense Establishment ၏ အကြီးအကဲ Mr. Amir Kain နှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။**(ဝဲပုံ)**



**(မြဝတီ)**

# မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာအေးကျော်<br>ပါမောက္ခချုပ်<br>မကွေးတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရတနာပုံတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာခင်မောင်ဦး<br>ပါမောက္ခချုပ်<br>ရတနာပုံတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မကွေးတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာမျိုးကြွယ် | ပါမောက္ခချုပ်<br>ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်<br>လယ်ယာစိုက်ပျိုးရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန |
| (ခ) | ဒေါက်တာလှတင့် | ပါမောက္ခချုပ်<br>ရန်ကုန်အဝေးသင်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာတင်မောင်ထွန်း | ပါမောက္ခချုပ်<br>စစ်တွေတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဃ) | ဒေါက်တာသက်ထွန်းအောင် | ပါမောက္ခချုပ်<br>ပြည်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (င) | ဒေါက်တာကြည်စိုး | ပါမောက္ခချုပ်<br>ပဲခူးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (စ) | ဒေါက်တာသူရဦး | ပါမောက္ခချုပ်<br>စစ်ကိုင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဆ) | ဒေါက်တာတင်ဝင်း | ပါမောက္ခချုပ်<br>မိတ္ထီလာစီးပွားရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဇ) | ဒေါက်တာတင်မောင်လှ | ပါမောက္ခချုပ်<br>မန္တလေးအဝေးသင်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဈ) | ဒေါက်တာဦးချို | ပါမောက္ခချုပ်<br>ပခုက္ကူတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ည) | ဒေါက်တာဝင်းနိုင် | ပါမောက္ခချုပ်<br>မုံရွာတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဋ) | ဒေါက်တာမောင်မောင် | ပါမောက္ခချုပ်<br>လားရှိုးတက္ကသိုလ်<br>အဆင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဌ) | ဒေါက်တာဒေါ်တင်မာကြည် | ပါမောက္ခချုပ်<br>ပင်လုံတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာသိန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ခ) | ဦးအောင်အောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံခန့်ခွဲမှုနှင့် နည်းပညာဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့်ငွေကြေးဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (ဂ) | ဒေါ်သန်းသန်းဆွေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငွေပေးချေမှုနှင့်<br>စာရင်းရှင်းလင်းမှု<br>စနစ်ဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေး<br>ကြပ်မတ်ကွပ်ကဲမှုဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

**✻ ဟားခါး-ဖလမ်းမှ**

အဲဒီနေရာရောက်တော့ ဘယ်လိုမှ ရှေ့ဆက်သွားလို့မရတော့ဘူး။ ညဘက်ဖြစ်သွားတော့ လမ်းပိုင်းပြုပြင်မှုအခက်အခဲဖြစ်သွားတယ်။ မိုးကလည်း အရမ်းရွာနေတော့ အဆင်မပြေဘူး။ ဒါကြောင့် ဟားခါးကိုပဲ ပြန်လှည့်ခဲ့ရတယ်။ ဒါပေမယ့် လမ်းဦးစီးကိုတော့ ဖုန်းဆက်ပြီး ဒီနေရာမှာ ဒီလိုဖြစ်နေတယ်လို့ လှမ်းအကြောင်းကြားခဲ့ပါတယ်။ ကလေးတို့ ဖလမ်း၊ တီးတိန်တို့ကလာတဲ့ ယာဉ်တွေလည်း အဲဒီညက ညအိပ်ရပ်နားခဲ့ရတယ်လို့ သိရပါတယ်"ဟု ဖလမ်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စက်တင်ဘာလ ၉ ရက် နံနက်ပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးမှ အဆိုပါလမ်းပိုင်းကို ယန္တရားကြီးများဖြင့် ပြင်ဆင်ဆောင်ရွက်ပေးပြီး နာရီပိုင်းအတွင်း လမ်းပွင့်အောင် ဆောင်ရွက်ပေးခဲ့သည်ဟု သိရသည်။ အလားတူ ဖလမ်းမြို့နယ်အတွင်းတွင်လည်း မိုးရွာ၍ မြေပြိုကာ ရေစီးများဖြစ်ပေါ်ပြီး လမ်းပျက်စီးမှုများ ထပ်မံဖြစ်ပေါ်နေကြောင်း သိရသည်။ လမ်းဦးစီးမှ အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ဆောင်ရွက်ပေးနေသောကြောင့် လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ခြင်းမရှိဘဲ အချိန်နှောင့်နှေးကြန့်ကြာမှုများသာ ရှိခဲ့သည်ဟု ခရီးသည်များက ပြောသည်။

သက်နုတောင်တန်းများဖြစ်၍ မိုးသည်းထန်စွာရွာသွန်းသည့်အခါ မြေပြိုခြင်း၊ တောင်ပေါ်မှကျဆင်းလာသည့်ရေများ မြောင်းငယ်သဖွယ် ရေစီးများဖြစ်ပေါ်သွားခြင်းတို့ကြောင့် သွားလာရေးအခက်အခဲများဖြစ်ပေါ်လျက်ရှိသည်။ ရာသီဥတု ထပ်မံဆိုးရွားခြင်း၊ မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းခြင်းများဖြစ်ပေါ်ပါက လမ်းပန်းဆက်သွယ်မှုအခက်အခဲရှိနိုင်ပြီး အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ပေးခြင်း၊ လမ်းဖောက်လုပ်ခြင်းများကို ဆောင်ရွက်နေရသည်ဟု သိရသည်။ **(ဆုနှင်းလဲ့)**



**စက်တင်ဘာ ၁၀ ရက် ညနေ ၅ နာရီခန့်က ကျောက်တံတားမြို့နယ် အမှတ်(၄)ရပ်ကွက် ပန်းဆိုးတန်းလမ်း (အထက်)ရှိ လူနေထိုင်မှုမရှိသည့် နေအိမ် မီးလောင်မှုဖြစ်ပွားမှုကို တွေ့ရစဉ်။** (၀၄၀)

ပြည်တွင်းရေးရာ

# သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့်စီမံကိန်း မကြာမီ စီးပွားဖြစ်လည်ပတ်နိုင်တော့မည်

**ရန်ကုန်　　စက်တင်ဘာ　၁၀**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် ယမန်နေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် သီလဝါအထူးစီးပွားရေးဇုန်သို့ ရောက်ရှိပြီး လုပ်ငန်းများပြီးစီးမှုနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတဦးညာဏ်ထွန်းသည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများလိုက်ပါလျက် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံးသို့ရောက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းခွင်မှ ဒေသခံလုပ်သားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ MJTD ၏ President & CEO, Mr. Takashi Yanai က သီလဝါ အထူးစီးပွားရေးဇုန်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြခဲ့သည်။ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ MJTD မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှုနှင့် ပေါင်းစပ်ညှိနှိုင်းပေးနိုင်မည့်အခြေအနေတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။ ထို့နောက် MJTD မှ ဥက္ကဋ္ဌ ဦးသိန်းဟန်က သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့်စီမံကိန်းကို မကြာမီဖွင့်လှစ်ရန် စီစဉ်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်က သီလဝါအထူးစီးပွားရေးဇုန်၏ အစုရှယ်ယာများကို ဝင်ငွေအဆင့်ဆင့်အမျိုးမျိုးရှိသော အလွှာအသီးသီးမှပြည်သူများ ပါဝင်ခွင့်ရရှိရေးအတွက် အစုရှယ်ယာတစ်စုလျှင် တစ်သောင်းကျပ်နှုန်း အများပြည်သူများအား အဓိကရောင်းချနိုင်မှု၊ ဒေသခံများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မှု၊ စက်ရုံလည်ပတ်မည့်အချိန်တွင် အသင့်ဝင်ရောက်လုပ်ကိုင်နိုင်ရေးအတွက် လုပ်သားများအား အကြိုကျွမ်းကျင်မှုသင်တန်းများ ပို့ချပေးနေမှု၊ အမာထည်အခြေခံအဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု၊ သဘာဝပတ်ဝန်းကျင်လေ့လာဆန်းစစ်မှု၊ လူမှုစီးပွားထိခိုက်ဆန်းစစ်မှုတို့ အပါအဝင် သီလဝါအထူးစီးပွားရေးဇုန်၏ နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးများက သီလဝါအထူးစီးပွားရေးဇုန်အတွင်း ဆက်လက်ဆောင်ရွက်သွားမည့် လျှပ်စစ်ကဏ္ဍ၊ ဆိပ်ကမ်းတည်ဆောက်ရေးကဏ္ဍ၊ လမ်းပိုင်းတိုးချဲ့ဖောက်လုပ်ရေးကဏ္ဍတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဒုတိယသမ္မတက တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် သီလဝါအထူးစီးပွားရေးဇုန်သည် မိမိတို့နိုင်ငံက ဆောင်ရွက်လျက်ရှိသည့် အထူးစီးပွားရေးဇုန်များ၏ ရှေ့ပြေးစီမံကိန်းဖြစ်၍ ရင်းနှီးမြှုပ်နှံသူများအတွက် အမာထည်အခြေခံအဆောက်အအုံနှင့် အပျော့ထည်အခြေခံအဆောက်အအုံအား ပြီးပြည့်စုံပြီး လုပ်သာကိုင်သာရှိသည့် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းဖန်တီးပေးရန် လိုအပ်သလို နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးစီးပွားဖြစ်ထွန်းမှုရလဒ်ကောင်းများ ဖော်ဆောင်ပေးရန်လိုကြောင်း၊ ရင်းနှီးမြှုပ်နှံသူများရွေးချယ်ရာတွင် အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်မှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ၊ သွင်းကုန်အစားထိုးနိုင်မှု၊ ပို့ကုန်ပမာဏမြှင့်တင်နိုင်မှု၊ အဆင့်မြင့်နည်းပညာများရရှိနိုင်မှု ၊ ကုမ္ပဏီအုပ်ချုပ်မှု ( Corporate Governance)၊ နိုင်ငံတကာဂုဏ်သတင်းကျော်ဇောမှု၊ လူမှုအကျိုးသက်ရောက်မှုအပေါ် တာဝန်ခံပူးပေါင်းဆောင်ရွက်မှု စသည့်အချက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါကြောင်း။



ယခု ဟက်တာ ၄၀၀ ပါဝင်သော သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့်စီမံကိန်းမှာ မကြာမီစတင်၍ စီးပွားဖြစ်လည်ပတ်နိုင်တော့မည်ဖြစ်ကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းကို ပြည်ပတွင်သွားရောက်အလုပ်လုပ်ကိုင်နေကြရသူများအပါအဝင် မိမိတို့နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးဖော်ဆောင်ပေးနိုင်ရန် လွန်ခဲ့သည့်နှစ်ကတည်းက စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်သူလူထုယုံကြည်မှုရှိရေးအတွက် တာဝန်ရှိသူများက အလုပ်ဖြင့် သက်သေပြကြရမည်ဖြစ်ကြောင်း၊ အလားတူ ရင်းနှီးမြှုပ်နှံသူများကိုလည်း စိတ်ချလက်ချအဆင်ပြေစွာ ရင်းနှီးမြှုပ်နှံနိုင်ရန် အာမခံချက်များ ပေးနိုင်ရမည်ဖြစ်ကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်အတွင်း ဝန်ကြီးဌာနများဖြင့် စုဖွဲ့ဖွင့်လှစ်ပေးထားသည့် One Stop Service Center ကလည်း ရင်းနှီးမြှုပ်နှံသူများ အဆင်ပြေစေအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီရုံး၌ ဖွင့်လှစ်ထားရှိသည့် One Stop Service Center ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်ထားပြီး မကြာမီလည်ပတ်တော့မည့် KOYORAD MYANMAR FACTORY PROJECT သို့ရောက်ရှိပြီး မြန်မာလုပ်သားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတသည် တည်ဆောက်ဆဲ Lu Thai Myanmar အထည်ချုပ်စက်ရုံသို့ရောက်ရှိပြီး စက်ရုံပြီးစီးချိန်တွင် အသင့်အလုပ်လုပ်ကိုင်နိုင်ရန် စက်ရုံ၏အစီအစဉ်ဖြင့် ဒေသခံလုပ်သားများအား သုံးလသင်တန်းကြိုတင်သင်ကြားပို့ချနေမှုကို ကြည့်ရှုအားပေးကာ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

၂၀၁၅ ခုနှစ် စက်တင်ဘာလဆန်းအထိ သီလဝါအထူးစီးပွားရေးဇုန်အတွင်း ကုမ္ပဏီပေါင်း ၄၀ ကို ရင်းနှီးမြှုပ်နှံမှုများ ခွင့်ပြုပေးခဲ့ကာ ရင်းနှီးမြှုပ်နှံမှုအများဆုံးနိုင်ငံမှာ ဂျပန်နိုင်ငံဖြစ်ပြီး ဒုတိယအများဆုံးမှာ ထိုင်းနိုင်ငံဖြစ်ကြောင်း သိရသည်။ လက်ရှိကာလတွင် ဂျပန်၊ တရုတ်၊ မလေးရှား၊ ပြင်သစ်၊ အမေရိကန်၊ စင်ကာပူ၊ ထိုင်း၊ တရုတ်(တိုင်ပေ)၊ ဆွီဒင်၊ မြန်မာ၊ ဟောင်ကောင်နှင့် ဩစတြေးလျအပါအဝင် နိုင်ငံပေါင်း ၁၂ နိုင်ငံက ရင်းနှီးမြှုပ်နှံလျက်ရှိသည်။ ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း ကုမ္ပဏီ ၁၃ ခုကို ဆောက်လုပ်ခွင့်ပါမစ်ပေးခဲ့ပြီး ကုမ္ပဏီ ၁၂ ခုမှာ စတင်ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။ KOYORAD (Japan) ကုမ္ပဏီသည် ယခုစက်တင်ဘာလအတွင်း စီးပွားဖြစ် စတင်မည်ဖြစ်ပြီး ယခုနှစ်အကုန်တွင် Foster ကုမ္ပဏီ၊ Lu Thai Myanmar ကုမ္ပဏီ၊ Indorama ကုမ္ပဏီနှင့် Cute ကုမ္ပဏီတို့မှ စက်ရုံငါးရုံ လည်ပတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

**✻ ကျောဖုံးမှ**

မိမိတို့အနေဖြင့် ဘက်ပေါင်းစုံမှ ကြုံတွေ့နေရသော စိန်ခေါ်မှုများကိုရင်ဆိုင်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်သူဗဟိုပြုဖွံ့ဖြိုးမှုရရှိစေရန်၊ ပြည်သူလူထု၏ နေ့စဉ်လိုအပ်ချက်များပြည့်ဝစေရန် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်နေပါကြောင်း။

"တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ နှိုင်းယှဉ်သိသာသော အားသာချက်အကျိုးကျေးဇူးများ"ကို ပြည့်ပြည့်ဝဝ ရရှိခံစားရစေရန်၊ နှစ်ရှည်အမျိုးသား ဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတို့အကြား ချိတ်ဆက်ပေးနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း။

အသေးစားနှင့် အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများသည် ဒေသတွင်းစီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အစိုးရ-ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်ရန် များစွာလိုအပ်ကြောင်း၊ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အစိုးရ-ပုဂ္ဂလိကမိတ်ဖက်များအတွက် အလုံးစုံလွှမ်းခြုံထားသော ပတ်ဝန်းကျင်တစ်ခု ဖွံ့ဖြိုးလာစေရန်နှင့် ထပ်မံလိုအပ်သည့် ဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန်အတွက် အဓိကထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဒေသတွင်းနှင့် ဒေသခွဲအစီအစဉ်များ၏ တစ်စိတ်တစ်ဒေသအဖြစ် အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ဖြတ်ကျော်စီးပွားရေးပေါင်းစည်းမှု ပိုမိုခိုင်မာလာစေရန်အပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဒေသတွင်းအဖွဲ့အစည်းများအကြား မညီမျှမှု လျှော့ချခြင်းနှင့် ကျယ်ပြန့်လာသော ပြည်တွင်းစီးပွားရေး၏ ဝင်ပေါက်/ထွက်ပေါက်များ၏ အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

နယ်စပ်ဖြတ်ကျော် စီးပွားရေးပေါင်းစည်းမှု ပိုမိုခိုင်မာလာခြင်းဖြင့် ပြည်တွင်းစိန်ခေါ်မှုများကို မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ၏ ဖွံ့ဖြိုးမှုအခွင့်အလမ်းများအဖြစ် ပြောင်းလဲကျော်လွှားနိုင်မည်ဟု မျှော်လင့်ကြောင်း။

မဟာမဲခေါင်ဒေသတွင်းနိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ဒေသတွင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုသည် တိုးတက်လျက်ရှိပြီး တတိယဆယ်စုနှစ်၏နှစ်ဝက်ကို ရောက်ရှိနေပြီဖြစ်ကြောင်း၊ ယခုရောက်ရှိနေသည့်အခြေအနေတွင် ရောင့်ရဲတင်းတိမ်မနေဘဲ မိမိတို့၏ ရည်မှန်းချက်ဖြစ်သည့် ဒေသတွင်းနိုင်ငံများအကြား ပေါင်းစည်းမှု၊ သဟဇာတရှိမှုနှင့် ကြွယ်ဝချမ်းသာမှုရရှိစေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသတွင်းနိုင်ငံများအကြား လွယ်ကူချောမွေ့စွာ ဖွံ့ဖြိုးတိုးတက်စေရန် သယ်ယူပို့ဆောင်ရေးစင်္ကြံကို စီးပွားရေးစင်္ကြံအဖြစ် ပြုပြင်ပြောင်းလဲရန် လိုအပ်ကြောင်း။

ယခုအစည်းအဝေးတွင် သက်ဆိုင်ရာနိုင်ငံအသီးသီးမှ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်း၍ အမြင်ချင်းဖလှယ်ခဲ့သည့်ရလဒ်များသည် မိမိတို့အားလုံးအတွက် အကျိုးဖြစ်ထွန်းမှုများစွာရရှိစေမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အတူ တက်ရောက်လာကြသူများသည် အတူတကွ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် မဟာမဲခေါင်ဒေသ ဝန်ကြီးများအဆင့်အစည်းအဝေးကို ဆက်လက်ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် အာရှဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌ မစ္စတာ စတီဗင်ဂရော့တို့က ပူးတွဲသဘာပတိများအဖြစ်ဆောင်ရွက်ကြပြီး စက်တင်ဘာ ၉ ရက်က ကျင်းပခဲ့သည့် မဟာမဲခေါင်ဒေသ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးအစီရင်ခံစာပါ မဟာမဲခေါင်ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုမူဘောင် အကောင်အထည်ဖော်မှုအစီအစဉ် ၂၀၀၄-၂၀၁၈ တိုးတက်မှုအခြေအနေ၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ မူဘောင် ၂၀၁၅-၂၀၂၂၊ မဲခေါင်ဒေသစီမံကိန်းဆိုင်ရာ အကြောင်းအရာများ၊ GMS Project Database၊ သယ်ယူပို့ဆောင်ရေးနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့ရေး၊ မဲခေါင်ဒေသ ခရီးသွားလုပ်ငန်းဆိုင်ရာ စျေးကွက်ရှာဖွေရေးမဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် ၂၀၁၅-၂၀၂၀၊ မဲခေါင်ဒေသ နယ်စပ်ဖြတ်ကျော် အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်ရေး မူဘောင်များ၊ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်အဖွဲ့များ၏ အစီရင်ခံစာများ၊ မဟာမဲခေါင်ဒေသ စီးပွားရေးဖိုရမ်ပါအချက်များကို သုံးသပ်ဆွေးနွေးခဲ့ကြသည်။

GMS အစီအစဉ်ကို အာရှဖွံ့ဖြိုးရေးဘဏ်၏ အကူအညီဖြင့် ၁၉၉၂ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အာရှဖွံ့ဖြိုးရေးဘဏ်၏ အခြားသောဒေသတွင်းနှင့် ဒေသခွဲ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များအနက် မဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်သည် နှစ်အကြာရှည်ဆုံးနှင့် အအောင်မြင်ဆုံး အစီအစဉ်တစ်ရပ်ဖြစ်သည်။

ယခု ကျင်းပလျက်ရှိသည့် မဟာမဲခေါင်ဒေသဝန်ကြီးများ အစည်းအဝေးတွင် မဲခေါင်ဒေသစင်္ကြံများနှင့် နယ်စပ်ဒေသများရှိ အဓိကမြို့ပြစခန်းများ ဖွံ့ဖြိုးမှုရရှိစေရေးအတွက် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု၊ ဘက်စုံပါဝင်မှုနှင့် ယှဉ်ပြိုင်စွမ်းအားတိုးမြှင့်ခြင်းတို့အပေါ် အခြေခံပြီး မဲခေါင်ဒေသခွဲ မြို့ပြဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင် ၂၀၁၅-၂၀၂၂ ကို အတည်ပြုနိုင်ခဲ့ပြီး ပူးတွဲကြေညာချက်စာတမ်းကို ထုတ်ပြန်ကြေညာနိုင်ခဲ့သည်။

အဆိုပါကြေညာစာတမ်းတွင် မဲခေါင်ဒေသခွဲ အစီအစဉ်၏ ပို့ဆောင်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ သတင်းအချက်အလက်နှင့် ဆယ်သွယ်ရေးနည်းပညာကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးနှင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးကဏ္ဍ စသည်ဖြင့် ကဏ္ဍအလိုက် ဖြစ်ပေါ်တိုးတက်မှုများ၊ လက်ရှိဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများတွင် မဲခေါင်ဒေသခွဲ၏ အခန်းကဏ္ဍနှင့် ရှေ့လုပ်ငန်းစဉ်များ ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဘူတန်ဝန်ကြီးချုပ်ဟောင်းနှင့် သြစတြီးယားအဓိပတိဟောင်းတို့အား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၁၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကမ္ဘာ့ခေါင်းဆောင်များ မဟာမိတ်အဖွဲ့ မက်ဒရစ်မှ ဘူတန်ဝန်ကြီးချုပ်ဟောင်း မစ္စတာ ဂျင်မိရိုဆာသင်လေးနှင့် သြစတြီးယား အဓိပတိဟောင်း မစ္စတာ အဲဖရက်ဂူဆန်ဘာတို့ ဦးဆောင်သည့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# မြန်မာနိုင်ငံသား ၄၂ ဦး အင်ဒိုနီးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၀**

အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်းတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ၂၆ ဦးသည် စက်တင်ဘာ ၉ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ ၁၆ ဦးသည် ယနေ့ နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် လည်းကောင်း မလေးရှားလေကြောင်းလိုင်း လေယာဉ်ခရီးစဉ်အမှတ် MH-740 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။

ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသား ၄၂ ဦးအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး နေမိုးသက်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ **(အပေါ်ပုံ)**

မြန်မာနိုင်ငံသား ၄၂ ဦးအနက် ၂၆ ဦးတို့အား IOM မှ စီစဉ်ပေးသော မော်တော်ယာဉ်များဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းအတတ်သင် သိပ္ပံကျောင်းသို့လည်းကောင်း၊ ကျန် ၁၆ ဦးတို့အား ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်းရှိ သာခုစာသင်တိုက် သီရိမင်္ဂလာကျောင်းသို့လည်းကောင်း တာဝန်ရှိသူများက ပို့ဆောင်နေရာချထားပေးခဲ့ပြီး လူကုန်ကူးခံရသူများ ဟုတ်/မဟုတ် အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု ရန်ကုန်နှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့က တွေ့ဆုံမေးမြန်းမှုများ ဆောင်ရွက်လျက်ရှိသည်။

ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသား ၄၂ ဦးတွင် တနင်္သာရီတိုင်းဒေသကြီးမှ ၃၂ ဦး၊ မွန်ပြည်နယ်မှ သုံးဦး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ နှစ်ဦးစီ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ တစ်ဦးစီတို့ဖြစ်ကြောင်း သိရပြီး တွေ့ဆုံမေးမြန်းမှုများ ပြီးစီးပါက သက်ဆိုင်ရာနေရပ်များသို့ IOM အစီအစဉ်ဖြင့် ပြန်လည်ပို့ဆောင်သွားမည်ဖြစ်ကြောင်းနှင့် တစ်ဦးလျှင် အင်ဒိုနီးရှားပါတိတ်ရှပ် တစ်ထည်၊ ဘောင်းဘီရှည် တစ်ထည်၊ ဖိနပ် တစ်ရံနှင့် နေရပ်ပြန်သည့်နေ့တွင် ငွေကျပ် နှစ်သိန်းစီ ထောက်ပံ့ပေးရန် IOM မှ စီစဉ်ထားရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဖောင်းပြင်၊ မော်လိုက်၊ ကလေးဝ၊ မင်းကင်း၊ မုံရွာ၊ ပခုက္ကူနှင့် ညောင်ဦးမြို့တို့ စိုးရိမ်ရေမှတ်များအထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁၀**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ငါးပေခွဲခန့်၊ မော်လိုက်မြို့တွင် ခုနစ်ပေခွဲခန့်၊ ကလေးဝမြို့တွင် ခြောက်ပေခန့်၊ မင်းကင်းမြို့တွင် ငါးပေခွဲခန့်နှင့် မုံရွာမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း ဖောင်းပြင်မြို့၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် တစ်ပေခွဲခန့်စီ၊ မင်းကင်းမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေခန့်စီ ကျဆင်းနိုင်ပြီး ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်နှင့် မုံရွာခရိုင်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရှောင်ရှားကြပါရန် အကြံပြုအပ်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ပေဝက်ခန့်နှင့် ညောင်ဦးမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်အသီးသီး အထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ပခုက္ကူခရိုင်နှင့် ညောင်ဦးခရိုင် အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားကြောင်း သိရသည်။ **(ကြေးမုံ)**

# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်း ပို့ဆောင်ထောက်ပံ့

**နေပြည်တော် စက်တင်ဘာ ၁၀။** သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်ဖြင့် ပေးပို့လျက်ရှိသည်။

ထိုသို့ ပေးပို့လျက်ရှိရာ ယနေ့တွင် ကမ္ဘောဇလေကြောင်းလိုင်းမှ လေယာဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ခေါက်ရေ တစ်ခေါက်ဖြင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများဖြစ်သော အဝတ်အထည်နှင့် စားစရာများကို ပေးပို့ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# သတင်းမီဒီယာကောင်စီဝင်လောင်း အဆိုပြုရန် ဖိတ်ခေါ်

သတင်းမီဒီယာဥပဒေနှင့် သတင်းမီဒီယာနည်းဥပဒေများအရ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ) အဖြစ်မှ **"သတင်းမီဒီယာကောင်စီ"**အဖြစ် အများဆန္ဒဖြင့် ရွေးကောက်ပွဲကျင်းပပြီး အသစ်ပြင်ဆင်ဖွဲ့စည်းမည်ဖြစ်ပါသဖြင့် နည်းဥပဒေတွင် အကျုံးဝင်သည့် အဖွဲ့အစည်းများမှ ပါဝင်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများအနေနှင့် သတင်းမီဒီယာကောင်စီ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ထံ အမည်စာရင်းတင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

**ကောင်စီဝင်လောင်းရွေးချယ်ရာတွင် ကိုယ်စားလှယ်လောင်းများအတွက် အရည်အချင်းသတ်မှတ်ချက်**

(က) **သတင်းမီဒီယာအဖွဲ့အစည်းများ**

၁။ အသင်းဝင်ဦးရေ အနည်းဆုံး(၁၀၀)ရှိရမည်။
အသင်းဝင်ဦးရေအလိုက် အောက်ပါအတိုင်း ကိုယ်စားလှယ်ဦးရေ တင်သွင်းနိုင်သည်-
(က) အသင်းဝင်ဦးရေ(၁၀၀)မှ (၄၉၉)ဦးထိကိုယ်စားလှယ် (၁)ဦး။
(ခ) အသင်းဝင်ဦးရေ(၅၀၀)မှ (၉၉၉)ဦးထိကိုယ်စားလှယ် (၂)ဦး။
(ဂ) အသင်းဝင်ဦးရေ (၁၀၀၀)နှင့် အထက် (၃)ဦး။
၂။ အသင်းဖွဲ့စည်းပုံစည်းမျဉ်းရှိရမည်။
၃။ သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် လှုပ်ရှားဆောင်ရွက်မှုရှိရမည်။
၄။ ဖွဲ့စည်းထားမှုသက်တမ်း (၁)နှစ်နှင့် အထက်ရှိရမည်။
၅။ နိုင်ငံခြားအဖွဲ့အစည်းတစ်ခုခု၏ လက်အောက်ခံမဖြစ်စေရ။

(ခ) **တစ်ဦးချင်းရွေးချယ်ခံမည့်သတင်းမီဒီယာသမားများ**

၁။ သတင်းမီဒီယာလုပ်ငန်းတွင် လေးစားအပ်သောရင့်ကျက်သည့် လုပ်ငန်းအတွေ့အကြုံ (၁၀)နှစ်နှင့် အထက်ရှိရမည်။
၂။ သိသာထင်ရှားသော သတင်းမီဒီယာလုပ်ငန်းဆောင်ရွက်ခဲ့ဖူးသည့် မှတ်တမ်းကောင်းရှိရမည်။
၃။ အချိန်မှန်ထုတ်ဝေသော သတင်းစာ၊ ဂျာနယ်များမှ ထုတ်ဝေသူ၊ အမှုဆောင်အရာရှိချုပ်၊ အယ်ဒီတာချုပ်၊ ရုပ်သံလွှင့်မီဒီယာများမှ သတင်းခန်း၏ အမှုဆောင် ထုတ်လုပ်ရေးမှူးနှင့် အထက် တာဝန်ရှိသူဖြစ်ရမည်။

(ဂ) **တစ်ဦးချင်းရွေးချယ်ခံရမည့် အခြားနယ်ပယ်များမှ ကိုယ်စားလှယ်လောင်းများ**

၁။ သက်ဆိုင်ရာနယ်ပယ်တွင် လေးစားအပ်သောရင့်ကျက်သည့် လုပ်ငန်းအတွေ့အကြုံရှိရမည်။
၂။ သက်ဆိုင်ရာနယ်ပယ်တွင် သိသာထင်ရှားသောလုပ်ငန်းဆောင်ရွက်ခဲ့ဖူးသည့် မှတ်တမ်းကောင်းရှိရမည်။

(ဃ) **သတင်းမီဒီယာနည်းဥပဒေ အခန်း(၃)၊ နည်းဥပဒေပုဒ်မ(၇)အရ အောက်ပါအချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်သူအား ကောင်စီဝင်လောင်းအဖြစ် အမည်စာရင်းတင်သွင်းခြင်းမပြုနိုင်ပါ။**

(၁) နိုင်ငံ့ဝန်ထမ်းဖြစ်ခြင်း။
(၂) မကျန်းမာမှုကြောင့် ကောင်စီ၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်စွမ်းမရှိခြင်း။
(၃) အကျင့်စာရိတ္တပျက်ပြားမှုနှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရဖူးသူဖြစ်ခြင်း။
(၄) နိုင်ငံရေးပါတီတစ်ခုခုတွင် အမှုဆောင်ရာထူးတာဝန် ထမ်းဆောင်နေသူဖြစ်ခြင်း။

* အဆိုပါပြုလွှာပုံစံများကို မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)ရုံးခန်း၊ အမှတ်(၉၀၂)၊ ၉လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်တွင်လည်းကောင်း၊ www.facebook.com/myanmar presscouncil စာမျက်နှာတွင် လည်းကောင်း ကူးယူနိုင်ပါသည်။

* အဆိုပြုလွှာများကို ကာယကံရှင်ကိုယ်တိုင် ကောင်စီရုံးခန်းသို့ လာရောက်၍သော်လည်းကောင်း၊ အွန်လိုင်းမှတစ်ဆင့် အီးမေးလ်လိပ်စာ mmpresscouncil@gmail.com သို့လည်းကောင်း **၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂ ရက် သောကြာနေ့ ညနေ ၄း၀၀နာရီ** နောက်ဆုံးထား၍ တင်သွင်းရပါမည်။

* ရွေးချယ်တင်မြှောက်ပွဲ ပြုလုပ်မည့်နေ့ကိုသီးခြားကြေညာပါမည်။

**သတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့**
**အမှတ် (၉၀၂)၊ ၉လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

ပြန်လည်ထူထောင်ရေး


# ချင်းတွင်းမြစ်ရေသည် မြစ်ကြောင်းတစ်လျှောက် မြို့များ၏ စိုးရိမ်ရေမှတ်အထက်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၀**


စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေမြင့်တက်ခဲ့ရာ မြစ်ကြောင်းတစ်လျှောက်ရှိ ဟုမ္မလင်း၊ ဖောင်းပြင်၊ မော်လိုက်၊ ကလေးဝ၊ မင်းကင်းနှင့် မုံရွာမြို့တို့တွင် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ အဆိုပါ မြို့တို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်လျက်ရှိသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ဖောင်းပြင်မြို့၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် တစ်ပေခွဲခန့်စီ၊ မင်းကင်းမြို့နှင့်မုံရွာမြို့တို့တွင် တစ်ပေခန့်စီ ကျဆင်းနိုင်ပြီး ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်များဖြင့် ဖော်ပြထားသည်။

**(သတင်းစဉ်)**


ချင်းတွင်းမြစ်ရေ အခြေအနေ (ဟုမ္မလင်းမြို့)





ချင်းတွင်းမြစ်ရေ အခြေအနေ (ဖောင်းပြင်မြို့)





ချင်းတွင်းမြစ်ရေ အခြေအနေ (မော်လိုက်မြို့)





ချင်းတွင်းမြစ်ရေ အခြေအနေ (မင်းကင်းမြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (ကလေးဝမြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (မုံရွာမြို့)





# ဝဇန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့တွင် ဝဇန်မြစ်ရေမြင့်တက်လျက်ရှိရာ ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ အဆိုပါမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် တစ်ပေခန့် ကျော်လွန်လျက်ရှိပြီး နောက် ၃ ရက်အတွင်း ပေဝက်ခန့် တက်လာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏မှတ်တမ်းများကို ဂရပ်ဖြင့်ဖော်ပြထားရှိသည်။

**(သတင်းစဉ်)**

ဝဇန်မြစ်ရေ အခြေအနေ (ငါးသိုင်းချောင်းမြို့)





# ဧရာဝတီမြစ်ရေ ပခုက္ကူနှင့် ညောင်ဦးမြို့တို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်မည်

**နေပြည်တော် စက်တင်ဘာ ၁၀**


ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ပခုက္ကူမြို့တွင် ပေဝက်ခန့်နှင့် ညောင်ဦးမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏မှတ်တမ်းများကို ဂရပ်ဖြင့်ဖော်ပြအပ်ပါသည်။

**(သတင်းစဉ်)**

ဧရာဝတီမြစ်ရေ အခြေအနေ (ညောင်ဦးမြို့)




ဧရာဝတီမြစ်ရေ အခြေအနေ (ပခုက္ကူမြို့)




# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီသို့ နိုင်ငံ/အဖွဲ့အစည်းများမှ အလှူငွေနှင့်အလှူပစ္စည်းများလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၀**

ရေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီသို့ နိုင်ငံ/အဖွဲ့အစည်းများမှ အလှူငွေနှင့်အလှူပစ္စည်းများပေးပို့လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၈ ရက်တွင် ဂျပန်အစိုးရအဖွဲ့ အစည်းအဝေး၌ ရေဘေးသင့်ဒေသများတွင် စာသင်ကျောင်းများ ပြန်လည်တည်ဆောက်ရေး၊ ရေသန့်စင်ယာဉ်များနှင့် ရေတွင်း၊ ရေဘုံပိုင်များ ထောက်ပံ့နိုင်ရေးအတွက် ဂျပန် ယန်း ငါးဘီလီယံကို ထပ်မံလှူဒါန်းသွားမည်ဖြစ်ကြောင်း၊ ဩဂုတ် ၄ ရက်တွင် ဂျပန်ယန်း ၁၈ သန်းတန်ဖိုးရှိ အရေးပေါ်ကယ်ဆယ်ရေး ပစ္စည်းများဖြစ်သော စောင်၊ အိပ်ရာလိပ်နှင့် ပလတ်စတစ်အခင်းများ လှူဒါန်းခဲ့သည်။ ဩဂုတ် ၁၄ ရက်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ သန်းတန်ဖိုးရှိ အစားအစာ၊ ရေနှင့်သန့်ရှင်းရေးသုံးပစ္စည်းများ၊ အမိုးအကာနှင့် အခြားပစ္စည်းများ လှူဒါန်းခဲ့ကြောင်းနှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ နိုင်ငံတကာကြက်ခြေနီအသင်းတို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း ရန်ကုန်မြို့ရှိ ဂျပန်သံရုံးမှ သိရသည်။

ထို့အတူ ပေကျင်းမြို့ရှိ မြန်မာစစ်သံရုံး (ကြည်း၊ ရေ၊ လေ) အရာရှိစစ်သည်နှင့် မိသားစုများမှ လှူဒါန်းငွေ ဒေါ်လာ၅၀၀၊ အာဆီယံ စစ်သံရုံးများနှင့် ALTT ကုမ္ပဏီတို့မှ လှူဒါန်းငွေ ယွမ် မင်ဘီ ၆၁၇၀၀ နှင့် အလှူပစ္စည်း စက္ကူပုံး ၁၅ ပုံးတို့ကို စက်တင်ဘာ ၅ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရေဘေးသင့်ဒေသရှိ တိရစ္ဆာန်များအတွက် အစားအစာနှင့်ဆေးဝါးများ လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၀**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ရေဘေးသင့်ဒေသရှိ အစာနှင့်ဆေးဝါးအခက်အခဲဖြစ်ပေါ်နေသော တိရစ္ဆာန်များအတွက် လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၈ ရက်က ရခိုင်ပြည်နယ်သို့ အစာ ၂၈ တန် (တန်ဖိုးငွေကျပ် ၆၅၃၅၈၁၇) အား တပ်မတော်(ရေ)မှ စစ်ရေယာဉ်အမှတ်(၁၆၁၁)ဖြင့် ပေးပို့လှူဒါန်းခဲ့သည်။ ယနေ့အထိ ရေဘေးသင့်ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ အစာ(၄၃၅ ဒသမ ၃၀၆)တန်နှင့် ဆေးဝါးများ ပေးပို့လှူဒါန်းခဲ့ပြီးဖြစ်သည်။ ဆက်လက်၍ ကျန်ရှိနေသေးသော ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ စီစဉ်ပေးသော မီးရထားတွဲများဖြင့်လည်းကောင်း၊ ဌာနပိုင်မော်တော်ယာဉ်များဖြင့်လည်းကောင်း အမြန်ဆုံးပေးပို့လှူဒါန်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

# မိုးစပါးစိုက်တောင်သူလယ်သမားများသို့ နှိုးဆော်ချက်

၁။ မြန်မာနိုင်ငံတွင် နှစ်စဉ် မိုးစပါး ၁၅ သန်းနှင့် နွေစပါး ဧက သုံးသန်းခန့် စိုက်ပျိုးပြီး စပါးတင်း သန်းပေါင်း ၁၃၄၇ ထွက်ရှိကာ ဆန်ဖူလုံမှုရှိသည့်အပြင် ပြည်ပသို့ပင် ဆန်တင်ပို့ရောင်းချနေသော နိုင်ငံတစ်ခုဖြစ်ပါသည်။

၂။ ယခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မြန်မာနိုင်ငံအနှံ့ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တစ်နိုင်ငံလုံး မိုးစပါးစိုက်လယ်မြေ ၁၅ သန်းကျော်ရှိသည့်အနက် ၉-၉-၂၀၁၅ ရက်နေ့အထိ မိုးစပါး ၁၃၂၆၆၉၆ ဧက ရေလွှမ်းခဲ့ပြီး ၁၂၂၇၁၇၈ ဧက ပြန်လည်ပေါ်ပြီး ဖြစ်ပါသည်။ ၎င်းတို့အနက် ၉၇၁၀၀၂ ဧက ထိခိုက်ခဲ့ပြီး ၇၄၆၇၆၂ ဧက ပျက်စီးခဲ့ခြင်းကြောင့် ပျက်စီးမှုရာခိုင်နှုန်း ၄ ဒသမ ၉ ရာနှုန်းရှိ၍ အချိန်မီ ပြန်လည်အစားထိုးစိုက်ပျိုးလျက်ရှိရာ ပျက်စီးခဲ့သည့် ပျိုးခင်း ၁၀၆၁၈ ဧကအပေါ်တွင် ဧက ၅၄၃၀ ပြန်လည်ပျိုးထောင်ပြီး ဖြစ်ပါသည်။ ပျက်စီးခဲ့သည့် စိုက်ခင်း ၇၃၆၁၄၄ ဧကအပေါ်တွင် ၄၁၃၉၉၂ ဧက ပြန်လည်အစားထိုး စိုက်ပျိုးပြီးဖြစ်ပါသည်။ ဆက်လက်စိုက်ပျိုးလျက်ရှိပါသည်။

၃။ တောင်သူလယ်သမားများ၏ ရေကြီးနစ်မြုပ်ပျက်စီးသွားသော လယ်မြေများအား မိုးစပါးအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် အောက်ဖော်ပြပါနည်းလမ်းများအသုံးပြု၍ လိုက်နာဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(က) အရန်ပျိုးများဖြင့် ပြန်လည်အစားထိုးစိုက်ပျိုးခြင်း၊

(ခ) သက်လတ်နှင့် သက်ကြီး စပါးမျိုးများကို သက်တမ်းရက် ၆၀ အတွင်းရှိ စပါးစိုက်ခင်းမှ သားတက်ခွဲ၍ ပွားများစိုက်ပျိုးခြင်း၊

(ဂ) သက်လျဉ်စပါးမျိုးဖြင့် ပျိုးထောင်စိုက်ပျိုးခြင်း၊

(ဃ) သက်လျဉ်စပါးမျိုးဖြင့် တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း၊

(င) မပျက်စီးဘဲ ထိခိုက်သော စပါးခင်းများအား ရေသွင်း၊ ရေထုတ် ပြုလုပ်ပေးပြီး သဘာဝမြေဩဇာနှင့် ပုလဲဓာတ်မြေဩဇာ ၃း၁ ဖြင့် ရောစပ်ထည့်သွင်းပေးခြင်း။

၄။ ရေကြီးနစ်မြုပ်မှုမရှိဘဲ ပုံမှန်ကောင်းမွန်နေသော စပါးခင်းများအား အထွက်နှုန်းတိုးတက်ရေးအတွက် ပေါင်းမြက်နှိမ်နင်းခြင်း၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာကို အချိုးညီအချိန်ကိုက်ထည့်သွင်းခြင်း၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် ကာကွယ်နှိမ်နင်းခြင်း၊ ရေသွင်း၊ ရေထုတ် ဂရုပြုဆောင်ရွက်ခြင်းလုပ်ငန်းများကို အထူးဂရုပြုဆောင်ရွက်ကြရန် လိုအပ်ပါသည်။

၅။ သို့ပါ၍ စပါးစိုက်ပျိုးသူ တောင်သူလယ်သမားများအနေဖြင့် အကူအညီများလိုအပ်ပါက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ တိုင်းဒေသကြီး/ပြည်နယ်/ ခရိုင်/ မြို့နယ်ရုံးများသို့ ဆက်သွယ်အကူအညီရယူနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

**(လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**

# မူလအခြေအနေသို့ ဆောလျင်စွာပြန်လည်ရောက်ရှိစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၁၀**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေသည် ယမန်နေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ မင်းပြားမြို့ ပရိယတ္တိဓမ္မိကာရုံကျောင်းတိုက်တွင် နိုင်ငံတော် ဗဟိုဝန်ဆောင် ဦးစီးပဓာန နာယကဆရာတော်အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မင်းပြားမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံကာ ရေဘေးသင့်ဒေသများတွင် မူလအခြေအနေသို့ ဆောလျင်စွာ ပြန်လည်ရောက်ရှိစေရေးအတွက် လိုအပ်ချက်များကို နိုင်ငံတော်အပိုင်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးနေသကဲ့သို့ ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရေး မှာကြားသည်။

ထို့နောက် မင်းပြားမြို့နယ်အတွင်း ရေဘေးသင့် ပြည်သူများအတွက် နယ်စပ်ရေးရာ ဝန်ကြီးဌာနက ထောက်ပံ့လှူဒါန်းသော ဆန်၊ အဝတ်အထည်၊ စောင်၊ ခြင်ထောင်များကို ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မင်းပြားမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများနှင့် သင်တန်းသူများအား တွေ့ဆုံ၍ ထောက်ပံ့ငွေများ ပေးအပ်ကာ သင်တန်းကျောင်းအတွင်း အိပ်ဆောင်၊ စားရိပ်သာနှင့် မီးဖိုဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် မြောက်ဦးမြို့ သျှစ်သောင်းဘုရားတွင် မြောက်ဦးမြို့နယ်အတွင်းမှ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားကာ ဆန်၊ အဝတ်အထည်၊ စောင်၊ ခြင်ထောင်များ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ကျောက်တော်မြို့နယ် မဟာမုနိဘုရားကြီးအတွင်း လေအေးပေးစက်များ တပ်ဆင်နိုင်ရေး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မဟာမုနိဘုရားရင်ပြင်တော်တွင် ကျောက်တော်မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအားတွေ့ဆုံ၍ လတ်တလောလိုအပ်ချက်များဖြစ်သည့် ဆန်၊ အဝတ်အထည်၊ စောင်၊ ခြင်ထောင်များ ထောက်ပံ့ပေးအပ်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး လုပ်ငန်းအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများကိုလည်းကောင်း၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနအနေဖြင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် စက်ချုပ်သင်တန်း၊ လက်သမား၊ ပန်းရန်၊ သံချည်သံကွေး သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့်လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေဘေးသင့်ပြည်သူများအတွက် သတ္တုတွင်းဝန်ကြီးဌာနက စတုတ္ထအကြိမ် အလှူငွေများပေးအပ်



**နေပြည်တော် စက်တင်ဘာ ၁၀**

ချင်းပြည်နယ်အတွင်း ရေဘေးသင့်ပြည်သူများအတွက် နေအိမ်များ ပြန်လည်တည်ဆောက်ရန်အတွက် သတ္တုတွင်းဝန်ကြီးဌာနက အလှူငွေပေးအပ်ခြင်းအခမ်းအနားကို စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန(နေပြည်တော်)၌ ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်အောင်က ဦးစီးပြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းက စတုတ္ထအကြိမ် ကျပ်သိန်းပေါင်း ၅၀၀၀ ကို ပေးအပ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ၂၀၁၅-၂၀၁၆ ခုနှစ် ရေကြီးနစ်မြုပ်ထိခိုက်ပျက်စီးခဲ့သည့် မိုးစပါးဧရိယာများတွင် မိုးစပါးပြန်လည်အစားထိုး စိုက်ပျိုးပြီးစီးမှုအခြေအနေ

၉-၉-၂၀၁၅ ရက်အထိ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ပျက်စီးဧက မိုးစပါးစိုက်ခင်း | ပြန်လည်အစားထိုးစိုက်ပျိုးပြီးအခြေအနေ | | | | | စိုက်ပျိုးပြီး ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|
| | | | အရန်ပျိုး | သားတက်ခွဲ | ပျိုးထောင်စိုက် | တိုက်ရိုက်မျိုးစေ့ချ | စုစုပေါင်း | |
| ၁ | ကချင် | ၁၂၈၅၈ | ၄၅၈၈ | | ၈၂၆ | ၂၁၄၉ | ၇၅၆၃ | ၅၈. ၈၂ |
| ၂ | ကယား | ၃၂ | | | | | | |
| ၃ | ကရင် | ၇၄ | | | ၇၄ | | ၇၄ | ၁၀၀. ၀၀ |
| ၄ | ချင်း | ၁၂၁၃ | | | | ၃၇၂ | ၃၇၂ | ၃၀. ၆၇ |
| ၅ | စစ်ကိုင်း | ၈၀၈၀၈ | ၂၅၄၇၂ | | ၃၈၁၁ | ၂၅၄၁၈ | ၅၄၇၀၁ | ၆၇. ၆၉ |
| ၆ | ပဲခူး | ၁၄၈၉၀၁ | ၁၀၄၄၉ | ၃၂၆၈၆ | ၂၁၃၀၅ | ၂၇၉၈၅ | ၉၂၄၂၅ | ၆၂. ၀၇ |
| ၇ | မကွေး | ၈၀၄၆ | | | ၁၃၄၄ | ၆၀၅၅ | ၇၃၉၉ | ၉၁. ၉၆ |
| ၈ | မန္တလေး | ၁၄ | | | ၅ | | ၅ | ၃၅. ၇၁ |
| ၉ | ရခိုင် | ၂၁၆၅၃၁ | | | ၁၀၀၉၄ | ၂၀၄၉၈၃ | ၂၁၅၀၇၇ | ၉၉. ၃၃ |
| ၁၀ | ရန်ကုန် | ၅၆၄၈၆ | ၁၇၄၉ | ၃၃၃၀ | ၈၀၁ | ၆၈၈၀ | ၁၂၇၆၀ | ၂၂. ၅၉ |
| ၁၁ | ရှမ်း | ၂၂၈၆ | ၁၀၇ | | ၃၂၇ | ၂၇ | ၄၆၁ | ၂၀. ၁၇ |
| ၁၂ | ဧရာဝတီ | ၂၀၈၈၉၅ | ၃၄၇၆ | ၄၉၃၂ | ၂၈၂ | ၁၄၄၆၅ | ၂၃၁၅၅ | ၁၁. ၀၈ |
| | စုစုပေါင်း | ၇၃၆၁၄၄ | ၄၅၈၄၁ | ၄၀၉၄၈ | ၃၈၈၆၉ | ၂၈၈၃၃၄ | ၄၁၃၉၉၂ | ၅၆. ၂၄ |

# ဝေါင်းသိုင်းချောင်းမြို့၌ ဝန်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်မြင့်တက်နိုင်

**နေပြည်တော် စက်တင်ဘာ ၁၀**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဝေါင်းသိုင်းချောင်းမြို့တွင် ဝန်မြစ်ရေသည် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်သုံးရက်အတွင်း ပေဝက်ခန့် တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဝေါင်းမြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။ **(ကြေးမုံ)**

ပြန်လည်ထူထောင်ရေး

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ၂၀၁၅ ခုနှစ် ဇွန်လမှ စက်တင်ဘာလအထိ ပေးပို့ထောက်ပံ့မှုအခြေအနေ ဇယားချုပ်(၁၀-၉-၂၀၁၅)

**နေပြည်တော် စက်တင်ဘာ ၁၀**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန်လမှ စက်တင်ဘာလအထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင်လည်းကောင်း၊ ဇွန်လမှ စက်တင်ဘာလအထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင် လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၄၆၄၇၆၀ မှ လူဦးရေ ၁၆၉၃၉၅၂ ဦး ရေဘေးသင့်ခဲ့ပြီး ၁၂၉ ဦး သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာတန်ဖိုးငွေကျပ် ၉၁၃၆၈၄၅၀၊ အရေးပေါ်အစားအစာတန်ဖိုးငွေကျပ် ၁၆၇၂၉၂၃၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၁၃၇၅၄၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုးငွေကျပ် ၃၄၄၆၀၀၀၉၆ နှင့် သေဆုံးမှုထောက်ပံ့ကြေး ငွေကျပ် ၁၁၀၀၀၀၀၀၊ ပြန်လည်ထူထောင်ရေးအတွက် ငွေကျပ် ၂၉၃၃၁၅၂၇၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၈၉၄၅၅၃၀၄၆ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | မျောပါ/ ပျက်စီး အိမ်ခြေ | ဘေးသင့် အိမ်ထောင်စု | ဘေးသင့် လူဦးရေ | သေဆုံး | ထောက်ပံ့မှု (ကျပ်) | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | ပြန်လည်ထူထောင် ရေးအတွက် | စုစုပေါင်း | |
| ဇွန်လ (၂၄) ရက်နေ့မှ (၂၈) ရက်နေ့အထိ | | | | | | | | | | | | | |
| ၁။ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၀၄ | ၆၀၀၀၀၀ | - | ၆၀၂၄၀၄၅၄ | |
| ၂။ | တနင်္သာရီတိုင်းဒေသကြီး | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | - | ၆၂၉၈၈၀ | |
| ၃။ | ကရင်ပြည်နယ် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | - | ၉၅၆၉၄၀ | |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | - | ၁၉၃၇၃၈၄ | |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | - | ၂၈၁၀၅၂ | |
| | ပေါင်း | ၄၀၅ | ၂၁၄၆ | ၁၄၉၁၁ | ၇ | ၃၅၄၇၃၅၀ | ၃၇၉၂၇၈၀ | ၄၀၃၀၀၀၀၀ | ၁၅၇၀၅၅၈၀ | ၇၀၀၀၀၀ | - | ၆၄၀၄၅၇၁၀ | |
| ဇူလိုင်လ (၁၆) ရက်နေ့မှ စက်တင်ဘာလ (၁၀)ရက်နေ့အထိ | | | | | | | | | | | | | |
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၁၂၃ | ၉၇၃၈၉ | ၄၇၃၂၃၉ | ၂၄ | ၃၅၄၂၄၄၀၀ | ၁၄၈၅၀၀၀ | ၁၉၇၅၀၀၀၀ | ၆၄၅၉၀၈၀၀ | ၂၀၀၀၀၀၀ | - | ၁၂၃၃၅၀၂၀၀ | |
| ၂။ | ကချင်ပြည်နယ် | ၆၉ | ၁၄၈၅ | ၇၄၅၄ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၄၀၃၅၉၀၆ | ၁၀၀၀၀၀ | ၄၂၈၃၄၇၅၀ | ၆၂၄၂၀၉၅၆ | |
| ၃။ | ရှမ်းပြည်နယ် | ၁၂၈ | ၁၀၃၂ | ၅၃၂၉ | ၉ | ၁၆၉၉၂၀၀ | - | ၄၈၅၀၀၀၀ | ၅၀၉၉၇၂၂ | ၉၀၀၀၀၀ | - | ၁၂၅၄၈၉၂၂ | |
| ၄။ | မန္တလေးတိုင်းဒေသကြီး | ၂၅၅ | ၄၆၉၃ | ၁၈၉၇၇ | ၁၂ | ၉၄၃၆၅၀၀ | - | ၉၂၅၀၀၀၀ | ၃၃၅၃၃၇၁၀ | ၁၁၀၀၀၀၀ | - | ၅၃၃၂၀၂၁၀ | |
| ၅။ | ချင်းပြည်နယ် | ၂၉၂၅ | ၄၂၅၇ | ၂၁၇၈၆ | ၁၂ | - | - | ၅၂၃၄၀၀၀၀ | ၄၁၇၉၉၆၈ | ၅၀၀၀၀၀ | - | ၅၇၀၁၉၉၆၈ | |
| ၆။ | ရခိုင်ပြည်နယ် | ၁၃၇၄၁ | ၁၆၃၃၆ | ၉၆၁၀၅ | ၅၆ | - | - | - | ၇၂၀၁၃၇၀ | ၅၆၀၀၀၀၀ | ၁၅၀၄၈၀၅၂၀ | ၂၂၈၁၈၁၈၉၀ | |
| ၇။ | ကရင်ပြည်နယ် | ၁ | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | - | - | - | ၁၃၈၁၇၈၅၀ | |
| ၈။ | မွန်ပြည်နယ် | ၄၅ | ၁၅၁၅ | ၆၆၃၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | - | ၆၅၀၇၅၇၀ | |
| ၉။ | ပဲခူးတိုင်းဒေသကြီး | ၂၆၉ | ၈၇၉၁၅ | ၁၇၇၃၁၅ | ၅ | - | - | - | ၃၀၄၁၂၃၂၀ | - | - | ၃၀၄၁၂၃၂၀ | |
| ၁၀။ | မကွေးတိုင်းဒေသကြီး | ၄၁၄ | ၆၃၆၉၃ | ၃၀၃၆၉၄ | ၂ | ၅၇၆၀၀၀၀ | - | - | ၅၇၃၅၂၆၅၀ | - | ၁၀၀၀၀၀၀၀၀ | ၁၆၃၁၁၂၆၅၀ | |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | ၂၀၁၄၁ | ၁၂၆၈၂၁ | ၄၉၈၀၄၃ | - | ၁၆၀၀၉၆၅၀ | - | ၈၅၅၀၀၀၀ | ၄၄၄၈၅၇၆၀ | - | - | ၆၉၀၄၅၄၁၀ | |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | - | ၁၅၅၂၃ | ၆၃၀၈၂ | ၁ | ၁၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | - | ၁၀၅၆၉၃၉၀ | |
| | **စုစုပေါင်း** | **၄၀၁၁၁** | **၄၂၂၀၉၈** | **၁၆၇၉၀၄၁** | **၁၂၂** | **၈၇၈၂၁၁၀၀** | **၁၂၉၃၆၄၅၀** | **၉၇၂၄၀၀၀၀** | **၃၂၈၈၉၄၅၀၆** | **၁၀၃၀၀၀၀၀** | **၂၉၃၃၁၅၂၇၀** | **၈၃၀၅၀၇၃၃၆** | |
| | **ဇွန်လမှ စက်တင်ဘာလထိ စုစုပေါင်း** | **၄၀၅၁၆** | **၄၂၄၂၄၄** | **၁၆၉၃၉၅၂** | **၁၂၉** | **၉၁၃၆၈၄၅၀** | **၁၆၇၂၉၂၃၀** | **၁၃၇၅၄၀၀၀၀** | **၃၄၄၆၀၀၀၉၆** | **၁၁၀၀၀၀၀၀** | **၂၉၃၃၁၅၂၇၀** | **၈၉၄၅၅၃၀၄၆** | |

**မှတ်ချက်။** *(၉-၉-၂၀၁၅)နေ့ စာရင်းနှင့် ကွာခြားချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၌ ဘေးသင့်အိမ်ထောင်စုတွင် (၂၀၇)စုနှင့် ဘေးသင့်လူဦးရေတွင် (၁၉၉၄)ဦး တိုးလာပါသည်။*

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်းနှင့် ပြန်စိုက်ဧက

၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၀ ရက်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | |
|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၃၄၈၆ | ၃၁၅၁၇ | ၁၂၈၅၈ | ၇၇၄၁ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၆၈ | ၄ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၈၀၁ | ၅၈၀၁ | ၃၂၅၃ | ၃၇၂ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၂၃၃၉၈ | ၁၈၃၈၇၅ | ၁၂၁၄၀၉ | ၆၁၄၉၄ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၁၅၂၈၄၇ | ၉၄၀၅၄ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၈၄၆ | ၆၅၈၅၈ | ၁၅၃၃၉ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၀၂၁၉ | ၂၉၀၂၁၉ | ၂၁၇၂၄၆ | ၂၁၅၇၉၂ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၁၀၇၈၄၅ | ၅၆၄၈၆ | ၁၃၄၂၆ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၄၉၁ | ၁၃၄၉၁ | ၂၇၀၄ | ၄၆၇ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၈၅၃၉ | ၂၆၄၂၄၈ | ၂၁၀၇၀၁ | ၂၇၀၂၀ |
| | **စုစုပေါင်း** | **၁၄၈၄၄၇၄** | **၁၃၈၈၆၉၁** | **၈၄၃၅၆၄** | **၄၃၅၇၈၈** |

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၀

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၃ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

owrwa&avmiyrm Pjynrojzi a&yvr a&aumusvsu&on a&avmiwrlu;rm;

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၃. ၃၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၄. ၄၀' |
| ၃။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၁. ၁၀' |
| ၄။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၉၀' |
| ၅။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၂. ၁၀' |
| ၆။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၀. ၂၀' |
| ၇။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၀. ၁၀' |
| ၈။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၁. ၇၀' |
| ၉။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၇၀' |
| ၁၀။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၅၀' |
| ၁၁။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၂၀' |
| ၁၂။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၅၀' |
| ၁၃။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၀. ၈၀' |
| ၁၄။ | ရေသိုးရေလှောင်တမံ | ၁၅၅၀၀ | ၀. ၂၀' |
| ၁၅။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၀၀' |
| ၁၆။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၉၀' |
| ၁၇။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၄၀' |
| ၁၈။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၁. ၃၀' |
| ၁၉။ | ရွှေတောင်ဆည် | ၅၃၆၀ | ၀. ၁၀' |
| ၂၀။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၀. ၄၀' |
| ၂၁။ | စဥ့်ကူးချောင်းဝေါင်း ရေလှောင်တမံ | ၂၂၂၉ | ၀. ၁၀' |
| ၂၂။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၇၀' |
| ၂၃။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၁. ၀၀' |
| ၂၄။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၁. ၉၀' |
| ၂၅။ | ရွှေနတ်တောင်ရေလှောင်တမံ | ၅၂၅၀ | ၀. ၂၀' |
| ၂၆။ | အဇင်းဆည် | ၁၅၄၂၇ | ၀. ၁၀' |
| ၂၇။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၄၀' |
| ၂၈။ | ရပ်ပိုင်းကွင်းရေလှောင်တမံ | ၆၂၅ | ၀. ၁၀' |
| ၂၉။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁. ၆၀' |
| ၃၀။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၇၉' |
| ၃၁။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၇၆' |
| ၃၂။ | မုံးရင်ရေလှောင်တမံ | ၂၅၉၀၀ | ၀. ၂၀' |
| ၃၃။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၂၀' |

(သတင်းစဉ်)

# ကယန်းအမျိုးသားပါတီက

# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**ကယန်းအမျိုးသားပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး ဦးနန်းရီက ၎င်းတို့ပါတီ၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူများခင်ဗျား-**

ကျွန်တော်ဟာ ကယန်းအမျိုးသားပါတီ ဗဟိုကော်မတီအထွေထွေ အတွင်းရေးမှူး ဦးနန်းရီဖြစ်ပါတယ်။ ကယန်းတိုင်းရင်းသား လူမျိုးအကြောင်း အရာနဲ့ ကယန်းအမျိုးသားပါတီရဲ့ ရည်ရွယ်ချက်များ၊ မူဝါဒလုပ်ငန်းစဉ် များ အကျဉ်းတို့ကို ဟောပြောတင်ပြသွားပါမယ်။

**ကယန်းတိုင်းရင်းသားလူမျိုးအကြောင်းအရာအကျဉ်းမှာ-**

ကယန်းတိုင်းရင်းသားလူမျိုးဟာ ရှေးပဝေသဏီကပင် ကယားပြည်နယ် (အနောက်/မြောက်ခြမ်း)၊ ရှမ်းပြည်နယ်တောင်ပိုင်း (ဖယ်ခုံမြို့နယ်နှင့် ပင်လောင်းမြို့နယ်)၊ နေပြည်တော်ကောင်စီနယ်မြေ(လယ်ဝေးနှင့် ပျဉ်းမနား နယ်)၊ ကရင်ပြည်နယ် (သံတောင်မြို့နယ်မြောက်ပိုင်း)တို့တွင် တစုတစည်း တည်း၊ တစ်ဆက်တစ်စပ်တည်း နေထိုင်ကြပါတယ်။ ကယန်းတိုင်းရင်းသား လူမျိုးလူဦးရေ သုံးသိန်းကျော်ရှိပါတယ်။

ကယန်းတိုင်းရင်းသားလူမျိုးဟာ အခြားတိုင်းရင်းသားလူမျိုးများဖြစ် ကြတဲ့ (ကယား၊ မနူ၊ ကယော၊ ယင်းတလဲ၊ ဂေဘား)တို့နဲ့ ညီအစ်ကို အရင်း အချာများဖြစ်ကြပါတယ်။ တစ်ခုတည်းသောစကား၊ စာပေနှင့်ယဉ်ကျေးမှု ရှိပါတယ်။ နယ်ချဲ့အင်္ဂလိပ်ရဲ့လက်ချက်ကြောင့် ကယားပြည်နယ်၊ ရှမ်းပြည် နယ်၊ နေပြည်တော်ကောင်စီနယ်မြေနဲ့ ကရင်ပြည်နယ်တို့၌ သံပရာသီး လေးခြမ်းခွဲသကဲ့သို့ အခွဲခံခဲ့ရပါတယ်။

ကယန်းတိုင်းရင်းသားလူမျိုးဟာ နယ်ချဲ့အင်္ဂလိပ်နဲ့ ဖက်ဆစ်ဂျပန်တို့ကို အခြားညီအစ်ကိုတိုင်းရင်းသားများနဲ့ လက်တွဲပြီး အကြီးအကျယ်တိုက်ထုတ် ခဲ့ပါတယ်။ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင်လည်း ပြည်ထောင်စုမပြိုကွဲ ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ခေတ်အဆက်ဆက်အစိုးရနှင့် ပူးပေါင်းပြီးကြိုးပမ်း ဆောင်ရွက်လာခဲ့သည်မှာလည်း သမိုင်းတွင် အထင်အရှားတွေ့ရှိရပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား-**

ကယန်းတိုင်းရင်းသားလူမျိုးများဟာ နိုင်ငံတော်နှင့် ပြည်သူအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အနေနဲ့ တာဝန်ထမ်းရွက်နိုင်ရန်အတွက် အခါအခွင့် ရှိတိုင်း နိုင်ငံရေးပါတီကို တည်ထောင်လာခဲ့ပါတယ်။

- ၁၉၉၀ ခုနှစ်မှာ ကယန်းအမျိုးသားစည်းလုံးညီညွတ်ရေးဒီမိုကရေစီ အဖွဲ့ချုပ်တည်ထောင်ခဲ့ပြီး ၁၉၉၀ ရွေးကောက်ပွဲဝင်ခဲ့ရာ လွှတ်တော်ကိုယ်စား လှယ်နှစ်ဦး အနိုင်ရရှိခဲ့ပါတယ်။
- ၂၀၁၀ ခုနှစ်မှာ ကယန်းအမျိုးသားပါတီတည်ထောင်ခဲ့ပြီး ၂၀၁၀ ရွေးကောက်ပွဲဝင်ခဲ့ရာ နှစ်ဦး အနိုင်ရရှိခဲ့ပါတယ်။
- ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်သုံးဦး၊ အမျိုးသား လွှတ်တော် နှစ်ဦး၊ ပြည်နယ်လွှတ်တော် ခုနစ်ဦး၊ တိုင်းရင်းသားရေးရာတစ်ဦး စုစုပေါင်း ၁၃ ဦး ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား-**

ကယန်းအမျိုးသားပါတီရဲ့ ရည်ရွယ်ချက်များကို တင်ပြပါမယ်။

**ရည်ရွယ်ချက်တို့မှာ -**


(၁) မြန်မာ့နိုင်ငံရေးမှာ တစ်ထောင့်တစ်နေရာ၊ အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်တာဝန်ထမ်းရွက်နိုင်ရေး၊
(၂) ပြည်ထောင်စုစစ်စစ် တည်ဆောက်ရေး၊
(၃) စစ်မှန်တဲ့ ဒီမိုကရေစီရရှိရေး၊
(၄) တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊
(၅) ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊
(၆) ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး၊
(၇) အချုပ်အခြာအာဏာကို တိုင်းရင်းသားပြည်သူလက်ဝယ်မှာ ထားရှိရေး၊
(၈) အာဏာရှင်အစိုးရနဲ့ အာဏာရှင်စနစ်များ ချုပ်ငြိမ်းရေး၊
(၉) ကယန်းတိုင်းရင်းသားလူမျိုးများကို သင့်လျော်တဲ့ဒေသတစ်ခုခုမှာ တစုတစည်းတည်းပေါင်းစည်းခွင့်ရရှိရေး၊
(၁၀) ကယန်းဒေသဖွံ့ဖြိုးတိုးတက်ရေး၊
(၁၁) ကယန်းစကား၊ စာပေနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ဖော်ထုတ်ထိန်းသိမ်းရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်မှာ ဖြစ်ပါ တယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား -**

ကယန်းအမျိုးသားပါတီရဲ့ နိုင်ငံရေးမူဝါဒလုပ်ငန်းစဉ်များကို တင်ပြပါ မယ်။

**နိုင်ငံရေးမူဝါဒလုပ်ငန်းစဉ်များမှာ -**

(၁) ဘက်မလိုက်နိုင်ငံရေးမူဝါဒကို ကျင့်သုံးပြီး ငြိမ်းချမ်းစွာအတူယှဉ် တွဲနေထိုင်မှု မူ(၅)ချက်ကို ကျင့်သုံးသွားမယ်။
(၂) ပြည်ထောင်စုကို အမျိုးသားပြည်နယ်နဲ့ တည်ဆောက်မယ်။
(၃) ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်အစိုးရများ အာဏာခွဲဝေမှုရှိရ ပါမယ်။
(၄) လွတ်လပ်တဲ့ တရားစီရင်ရေးထားရှိမယ်။
(၅) ကာကွယ်ရေးနဲ့ လုံခြုံရေးဟာ သမ္မတအောက်မှာထားရှိမယ်။
(၆) ဥပဒေအပေါ်မှာ မည်သူမျှမရှိရဘူး။
(၇) ပြည်တွင်းငြိမ်းချမ်းရေးအတွက် နိုင်ငံရေးပြဿနာများကို နိုင်ငံရေး နည်းလမ်းဖြင့် စားပွဲဝိုင်းမှာဖြေရှင်းမယ်။
(၈) ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးခြင်းအားဖြင့် မူးယစ်ဆေးဝါး ပပျောက်ရေးကို ဆောင်ရွက်မယ်။
(၉) ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးမယ်။
(၁၀) ကျန်းမာရေးကဏ္ဍမှာ စေတနာ၊ ကရုဏာရှေ့တန်းတင်ပြီး သက်သာချောင်ချိစွာ ကုသနိုင်ရေးကြိုးပမ်းမယ်။
(၁၁) လူမှုရေး၊ ယဉ်ကျေးမှု၊ စာရိတ္တများကောင်းမွန်စေပြီး တတ်သိပညာ ဖွံ့ဖြိုးတိုးတက်စေနိုင်သော ပညာရေးစနစ်သို့ မြှင့်တင်ပေးမယ်။ ကျောင်းသားသမဂ္ဂများ ဖွဲ့စည်းခွင့်ရှိရမယ်။
(၁၂) ကျေးလက်အထိ လမ်းပန်းဆက်သွယ်ရေးကောင်းအောင် ဆောင် ရွက်မယ်။
(၁၃) လယ်လုပ်သူ လယ်ပိုင်ရမယ်။ လယ်သမားသမဂ္ဂများ ဖွဲ့စည်းခွင့် ရှိရမယ်။
(၁၄) အလုပ်သမားများဘဝ ဖူလုံရေးကြိုးပမ်းပေးမယ်။ အလုပ်သမား သမဂ္ဂ ဖွဲ့စည်းခွင့်ရှိရမယ်။
(၁၅) ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်း၍ ငွေကြေးတန်ဖိုး တည်ငြိမ်အောင် ကြိုး ပမ်းမယ်။
(၁၆) လူငယ်များအား တိုင်း ပြည်အတွက် အနာဂတ် ကြယ်ပွင့်များ ဖြစ်လာ အောင် မွေးထုတ်မယ်။ လူငယ်သမဂ္ဂများ ဖွဲ့ စည်းခွင့်ရှိမယ်။
(၁၇) အမျိုးသမီး ကဏ္ဍမြှင့် တင်ပေးမယ်။အမျိုးသားနဲ့ တန်းတူအခွင့်အရေးရှိရမယ်။
(၁၈) တိုင်းရင်းသားလူမျိုးများရဲ့စကား၊ စာပေနှင့် ယဉ်ကျေးမှုမြှင့်တင် ပေးမယ်။
(၁၉) စီးပွားရေးထက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဦးစား ပေးမယ်။
(၂၀) တိုင်းပြည်ရဲ့ သယံဇာတများကို ရေရှည်အကျိုးကိုရှေးရှုပြီး စည်းကမ်းစနစ်နဲ့ ထုတ်ယူသုံးစွဲမယ်။
(၂၁) ကျေးလက်အထိ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်အောင် ကြိုးပမ်း မယ် စသည်များ ဖြစ်ပါတယ်။



**တိုင်းရင်းသားပြည်သူများခင်ဗျား -**

နိုင်ငံရေးပါတီတိုင်းက ရည်ရွယ်ချက်များ၊ မူဝါဒလမ်းစဉ်များရှိကြပါတယ်။ တိုင်းပြည်အတွက် ဘယ်လိုရည်ရွယ်ချက်များထားရှိပါတယ်၊ တိုင်းပြည် တိုးတက်ပြောင်းလဲဖို့ ဘယ်လိုလုပ်မယ်။ ဘယ်လိုဆောင်ရွက်မယ် မူဝါဒ လုပ်ငန်းစဉ်များထားရှိကြပါတယ်။ ဒါဟာ အင်မတန်အရေးကြီးပါတယ်။ သို့သော် ကောင်းတဲ့ရည်ရွယ်ချက်များ၊ မူဝါဒလုပ်ငန်းစဉ်များထားရှိရုံနဲ့ မပြီးသေးပါဘူး။ အမှန်တကယ် လက်တွေ့ကျကျဆောင်ရွက်နိုင်မယ့် လူတွေ ဖြစ်ကြဖို့ အလွန်အရေးကြီးပါတယ်။ လူကောင်းလူတော်ဖြစ်ကြဖို့ လိုပါတယ်။ လူရိုးလူဖြောင့်ဖြစ်ကြဖို့ လိုပါတယ်။ သစ္စာသမာဓိရှိကြဖို့လိုပါတယ်။ တိုင်းပြည် ကို အမှန်တကယ်ချစ်၊ ပြည်သူကို အမှန်တကယ်ချစ်တဲ့လူဖြစ်ကြဖို့ လိုပါ တယ်။ ဒါ့ကြောင့် ပါတီကိုလည်း ကြည့်ဖို့လိုပါတယ်။ လူလည်းကြည့်ဖို့လိုပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းသာရှိသေးရင် ကျွန်ုပ်တို့တိုင်းပြည်ဟာ ဒီလိုအဆင့်နဲ့သာ ရှိလိမ့်မယ်လို့မထင်ပါဘူး။ ဗိုလ်ချုပ်အောင်ဆန်းမူဝါဒကဲ့သို့ရှိတဲ့ နိုင်ငံရေး ပါတီကို ကြည့်ကြပါ။ ဗိုလ်ချုပ်အောင်ဆန်းအမူအကျင့်ကဲ့သို့ ရှိတဲ့လူကိုသာ ရွေးချယ်ကြပါလို့ တိုက်တွန်းလိုပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား -**

နိုင်ငံရေးပါတီကြီးတစ်ခုတည်းနဲ့ အစိုးရဖွဲ့နိုင်တာမျိုးကို ဦးစားမပေး လွန်းကြပါနဲ့။ ပါတီကြီးတစ်ခုတည်းနဲ့ အစိုးရဖွဲ့နိုင်လို့ ထင်ရာစိုင်းတတ်တဲ့ သမိုင်းအတွေ့အကြုံရှိလာခဲ့ပါတယ်။ ညွန့်ပေါင်းအစိုးရမျိုးမှ အပြန်အလှန် ထိန်းကျောင်းမှုကောင်းတဲ့ အစိုးရမျိုးဖြစ်လာနိုင်မယ်လို့ ယူဆပါတယ်။ အပြန် အလှန်လေးစားကြမှသာ တိုင်းပြည်ကိုတိုးတက်အောင် ပြုပြင်ပြောင်းလဲနိုင် မယ်လို့ ယူဆပါတယ်။ တိုင်းရင်းသားများအားလုံးပါဝင်တဲ့ ညွန့်ပေါင်းအစိုးရ မျိုးဖွဲ့စည်းနိုင်မယ်ဆိုရင် တို့တိုင်းပြည်အတွက် အကောင်းဆုံးဖြစ်မယ်လို့ ထင်မြင်ယူဆပါတယ်။ ဒါကြောင့် တိုင်းရင်းသားပါတီများကို ထောက်ခံကြပါ။ ကယန်းအမျိုးသားပါတီကိုလည်း ထောက်ခံမဲပေးကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## အာဆီယံပြည်သူ့ဂုဏ်ပြုဆု (ASEAN People's Award) လျှောက်ထားနိုင်

**နေပြည်တော် စက်တင်ဘာ ၁၀**

၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်းတည်ထောင်ရေးအထိမ်းအမှတ် လှုပ်ရှားဆောင်ရွက်မှုအနေဖြင့် အာဆီယံအသိုက်အဝန်းတည်ဆောက်မှုများတွင် ပြောင်မြောက်စွာ ပံ့ပိုးပါဝင်ဆောင်ရွက်ခဲ့သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား/အဖွဲ့အစည်းတို့အား အသိအမှတ်ပြုချီးကျူးဂုဏ်ပြုရန် ရည်ရွယ်ကာ အာဆီယံပြည်သူ့ဂုဏ်ပြုဆု (ASEAN People's Award)ကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီးမှ လူပုဂ္ဂိုလ်/ အဖွဲ့အစည်းတစ်ခုစီကို ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခံရသည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းအနေဖြင့် ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ချီးမြှင့်ခံရမည်ဖြစ်သည်။ ဆုပေးပွဲအခမ်းအနားကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည့် (၂၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ Side Event အဖြစ် ကျင်းပသွားမည် ဖြစ်သည်။ ရွေးချယ်ခံရသည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းအနေဖြင့် မိမိ/မိမိအဖွဲ့အစည်း၏ လှုပ်ရှားဆောင်ရွက်မှုများ၊ အောင်မြင်မှုများကို ဆုပေးပွဲအခမ်းအနားတွင် တင်ဆက်ပြသနိုင်ရမည်ဖြစ်သည်။ ASEAN People's Award ၏ ဆောင်ပုဒ်မှာ "သက်ဝင်လှုပ်ရှား တောင့်တင်းခိုင်မာသော အာဆီယံအသိုက်အဝန်းတည်ထောင်ရေး" (BUILDING A VIBRANT AND RESILIENT ASEAN COMMUNITY) ဖြစ်သည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ နိုင်ငံသား/အဖွဲ့အစည်းများ လျှောက်ထားနိုင်ကြောင်းနှင့် လျှောက်ထားသူပုဂ္ဂိုလ်/အဖွဲ့အစည်းအနေဖြင့် မိမိနှင့်ပတ်သက်သည့် အချက်အလက်၊ မိမိလုပ်ငန်း အဖွဲ့အစည်းနှင့်ပတ်သက်သည့် အချက်အလက်၊ အသိုက်အဝန်းအတွက် အထောက်အကူပြုသည့် လှုပ်ရှားဆောင်ရွက်မှု၊ အနာဂတ်တွင် လှုပ်ရှားဆောင်ရွက်မည့် အစီအစဉ်၊ မိမိ/မိမိအဖွဲ့အစည်းရရှိခဲ့သည့် အောင်မြင်မှုများနှင့်ပတ်သက်သည့် သက်သေအထောက်အထား စသည်တို့နှင့်အတူ ပူးတွဲတင်ပြလျှောက်ထားနိုင်သည်။ လျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်မှာ စက်တင်ဘာ ၃၀ ရက်ဖြစ်ပြီး အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉) နေပြည်တော်သို့ လိပ်မူလျှောက်ထားနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက www.asean.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ ဥက္ကဋ္ဌ ဦးအေးကြိုင်က ၎င်းတို့ပါတီ၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**အားလုံးမင်္ဂလာပါ**

ပါတီပေါ်ပေါက်လာပုံ- ကျွန်တော်ရို့ ပါတီမထူထောင်မီ ရခိုင်ပြည်နယ်ရှိ မြို့နယ်ငါးခုမှ ညီလာခံကဲ့သို့သော အချို့သော ပုဂ္ဂိုလ်များနဲ့ ဆွေးနွေးရာမှာ ၂၀၁၀ ပါတီ ထူထောင်ခွင့်ရချိန်တွင် တစ်ပါးသူကမှလည်း ပါတီထူထောင်ရန် ပေါ်ပေါက်ခြင်းမရှိပါ၍ ပြည်နယ်ကိုယ်စားပြု ရခိုင်ပါတီတစ်ခုရှိသင့်သည်ဟု အဖြေထွက်ပေါ်ချက်အရ မိမိတို့အနေဖြင့် တတ်နိုင်သည့်ဘက်မှ ရခိုင်ပြည်သူ ပြည်သားများအား အလုပ်အကျွေးပြုလုပ်လိုသည့်ဆန္ဒဖြင့် ပါတီထူထောင်ခွင့်အမှတ်စဉ်(၈)ဖြင့် ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီအဖြစ် ထူထောင်ခြင်းဖြစ်ပါကြောင်း ဦးစွာပဏာမ နှုတ်ခွန်းဆက်သလိုက်ရပါတယ်။

ကျွန်တော်ကတော့ ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီ ဥက္ကဋ္ဌ ဦးအေးကြိုင်ဖြစ်ပါတယ်။

ပါတီ၏လိုဂိုတံဆိပ်မှာ သဇင်(နှစ်ခက်)ဖြစ်ပါတယ်။ သဇင်ပန်းတို့၏ သဘာဝမှာ လောင်းရိပ်မပွင့် ပင်မြင့်ပွင့်သော ပန်းဖြစ်သလို ရခိုင်တို့၏ အထွတ်အထိပ် ပန်းတစ်ပွင့်လည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ပါတီကလည်း မည်သည့်အဖွဲ့အစည်းလက်အောက်ခံမှ မဟုတ်ဘဲ ရခိုင်ပြည်နယ်ရဲ့ ကံကြမ္မာကို ပြောင်းလဲဖြစ်ပေါ်တိုးတက်နိုင်ရန် ရခိုင်သားများရို့နှင့် သုတေသနပြု ဝိုင်းဝန်းအဖြေရှာ ဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။

ပါတီအလံ - ပါတီ၏အလံမှာ ထိပ်ဆုံးထောင့်စွန်း တြိဂံပုံအဖြူရောင်၌ ဒန်းဂါးတံဆိပ်တို့မှာ ရခိုင်ပြည်နယ် သင်္ကေတတံဆိပ်နှင့် ဖြူစင်သန့်ရှင်းခြင်းကို ဖော်ဆောင်ပြီး အလံ၏အထက်နား အနီရောင်မှာ ရဲရင့်ခြင်း၊ ဇွဲသတ္တိရှိခြင်းကို ဖော်ဆောင်လျက်၊ အလံ၏အောက်နားအပြာရောင်မှာ စည်းလုံးညီညွတ်ခြင်းကို ဖော်ဆောင်ကာ အလံ၏အလည်တည့်တည့် ကြယ်ဖြူလေးလုံးမှာ ရခိုင်ပြည်နယ်ရှိ လေးဝတီသားများအားလုံး ဖြူစင်သောသဘောထားနှင့် ညီတူညီမျှရှိကြသည်ကို ဖော်ဆောင်ခြင်းပင်ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ ရခိုင်ပြည်နယ်အား ကိုယ်စားပြု ၂၀၁၀ ခုနှစ်တွင် ဦးစွာထူထောင်ပေါ်ပေါက်ခြင်းကြောင့် ပြည်တွင်းပြည်ပ အစိုးရအဖွဲ့အစည်းများ၊ အသင်းအဖွဲ့အစည်းများ၊ အခြားသော နိုင်ငံရေးပါတီများမှ ငွေကြေးကဏ္ဍ ဆက်စပ်ကမ်းလှမ်းခြင်းများရှိကောင်းရှိနိုင်သည်မှာ အမှန်ပင်ဖြစ်သော်လည်း သဇင်ပန်းတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အညီ သစ္စာစောင့်သိစွာဖြင့် နည်းပရိယာယ်အားဖြင့်သော်လည်းကောင်း၊ ကိုယ်ကျိုးဖက်လို၍သော်လည်းကောင်း၊ တစ်စုံတစ်ရာဖောက်ဖျက်ကျူးလွန်ခြင်းမရှိ ရှောင်ကြဉ်လျက် တစ်ဖက်မှ ဖိအားပေးကြိုးဆွဲခံကင်းဝေးကာ မိမိတို့ခြေမှာ မိမိတို့ ရပ်တည်လာခဲ့ကြခြင်းကြောင့် ရန်ပုံငွေအားနည်းပါး၍ ရခိုင်ပြည်နယ်အတွင်း ကျယ်ပြန့်နှံ့စပ်အောင် မဆောင်ရွက်နိုင်ခဲ့ခြင်းမှာ အမှန်ပင်ဖြစ်ပါတယ်။ အခုလို ထုတ်ဖော်ပြောဆိုရခြင်းမှာလည်း တစ်ဖက်မှ ထူထောင်ထားသော ပါတီတစ်ခုလိုလို အစိုးရကခိုင်းစေ၍ မဲကွဲအောင်လုပ်နေသလိုလို ပုတ်ခတ်ပြောဆိုခြင်းများရှိနေခြင်းကြောင့် ပြည်သူတွေ သူခိုးက အိမ်ရှင်၊ အိမ်ရှင်ကသူခိုး ဟုတ်နိုးနိုး ယောင်ဝါးဝါးမဖြစ်ရလေအောင် အခွင့်ကြုံခိုက် လူသိရှင်ကြားတင်ပြလိုက်ရခြင်းဖြစ်ပါသည်။ ယင်းကြောင့် ရခိုင်ပြည်နယ်အရေး သစ္စာ သမာဓိရှိရှိ ဝိုင်းဝန်းအဖြေရှာ ဆောင်ရွက်လိုသူများ ဤသဇင်နှစ်ခက် ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီနှင့် ဆက်စပ်ပူးပေါင်း ပါဝင်ကြပါရန်ကိုလည်း နှိုးဆော်တိုက်တွန်းလိုက်ရပါသည်။

**ပါတီ၏ ရည်ရွယ်ချက်/ယုံကြည်ချက်/ လမ်းစဉ်သဘောထား**

ပါတီ၏ရည်ရွယ်ချက်မှာ တစ်ပါတီအာဏာရှင်စနစ်မှ အရပ်ဘက်ပြည်သူ့အုပ်ချုပ်ရေး ဖယ်ဒရယ်ဒီမိုကရေစီစနစ်ပေါ်ပေါက်ရန်နှင့် အားလုံးပွင့်လင်းမြင်သာစွာ ပါဝင်နိုင်သည့် ဒီမိုကရေစီအစိုးရ၏ ဦးဆောင်မှုဖြင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးလျက် ပိုမိုရင့်ကျက်သည့် လူနေမှုဘဝ/စနစ်တကျ အမြန်ဆုံးဖြစ်ပေါ်လာစေရန် ရည်ရွယ်ပါသည်။

ပါတီ၏ ယုံကြည်ချက်မှာ ၂၀၀၈ ဖွဲ့စည်းပုံသည် ကျွန်တော်တို့ လိုလားသည့် ဒီမိုကရေစီစနစ်တစ်ရာရာနှုန်းပြည့် ပြီးပြည့်စုံသည်ဟူ၍ မဟုတ်ပါ။ ပေါ်ပေါက်လာမည့် အများပြည်သူမှ ရွေးချယ်ပေးလိုက်သော ပြည်သူ့ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များမှ (၂၀၀၈)ခုနှစ် ဖွဲ့စည်းပုံကို ပြင်ဆင်ဖြည့်စွက်ခြင်းဖြင့် အများပြည်သူလိုလားတောင့်တနေသည့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် တန်းတူညီမျှသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဖြင့် ဖယ်ဒရယ်ဒီမိုကရေစီစနစ်ပေါ်ထွန်းလျက် ဒေသအသီးသီး ညီတူညီမျှ ဖွံ့ဖြိုးတိုးတက်မှုကို ရရှိခံစားကြရမည်ဟု ယုံကြည်ပါသည်။

ပါတီ၏ လမ်းစဉ်မှာ ငြိမ်းချမ်းရေးလမ်းစဉ်ပင်ဖြစ်ပါသည်။ တည်ငြိမ်အေးချမ်းမှုရှိမှ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည့်အတွက် ဒေသခံပြည်သူတို့ရဲ့ လက်ရှိပကတိဘက်ပေါင်းစုံ လိုအပ်နေသော အရာများကို အခြားသောပါတီများနှင့်မိတ်ဖွဲ့ကာ တူညီသည်များကို လက်တွဲပူးပေါင်းလျက် မတူညီသည်များကိုလည်း ဆက်လက်အဖြေရှာဆွေးနွေးဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းငြိမ်းချမ်းရေး ထာဝစဉ်ရရှိသည်အထိ ဆောင်ရွက်သွားဖို့ပင်ဖြစ်ပါတယ်။

လက်ရှိတွင်လည်း ကျွန်တော်တို့ပါတီမှ (၅၆) ပါတီကိုယ်စားပြုငြိမ်းချမ်းရေးနှင့် နိုင်ငံရေးမူဘောင်ရေးဆွဲရေး (၁၅)ပါတီထဲတွင် ပါဝင်ဆောင်ရွက်လျက်ရှိနေပါတယ်။

ပါတီသဘောထား - ကျွန်တော်တို့ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီသည် ဖွဲ့စည်းပုံအရ ပါဝင်လုပ်ဆောင်ခွင့်ရရှိပါက တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးနှင့် ညီတူညီမျှ ဖြစ်စေမည့် ရခိုင်ပြည်နယ်အတွက် အောက်ပါမူဝါဒလမ်းစဉ်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ဖို့ဖြစ်ပါတယ်။

၁။ ကျွန်တော်တို့ ရခိုင်ပြည်နယ်အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးရှိ ပြည်သူလူထုလိုလားသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၊ အစိုးရ၊ တပ်မတော်၊ တရားဝင်ပါတီအားလုံး၊ တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းအားလုံး၊ လူထုလူတန်းစားအတတ် ပညာရှင်၊ အသိပညာရှင်လိုအပ်လျှင် လိုအပ်သလို ပါဝင်ခြင်းဖြင့် ဖော်ဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ဖို့ဖြစ်ပါတယ်။

၂။ ရခိုင်ပြည်နယ်တွင် ကြုံကြိုက်ခဲ့ကြရသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိဘဲ နိုင်ငံ၏ အချုပ်အခြာအာဏာကို သူတစ်ပါးက ဖိအားပေးမှု၊ ခြိမ်းခြောက်တောင်းဆိုမှုပြုလုပ်ကာ မည်သည့်အဖွဲ့အစည်း၊ မည်သည့်နိုင်ငံကိုမဆို ပြည်သူအားဖြင့် တွန်းလှန်သွားရန်ဖြစ်ပါသည်။

၃။ ကျွန်တော်တို့ပါတီကိုယ်စားပြုသည့် ရခိုင်ပြည်နယ်သည် နိုင်ငံအတွင်း အဆင်းရဲဆုံးပြည်နယ်တစ်ခုအဖြစ် ရပ်တည်နေရသလို တခြားသော တိုင်းဒေသကြီးနဲ့ ပြည်နယ်တိုင်းရင်းသားတွေရဲ့ အမျိုးသားရေးအခက်အခဲပဋိပက္ခမှ လွတ်မြောက်စေရန် အထက်မှာဖော်ပြခဲ့သော ဖွဲ့စည်းပုံပြောင်းလဲဖြစ်ပေါ်လာစေခြင်းဖြင့် မိမိတို့နှင့်ပတ်သက်သည့် ရခိုင်ဒေသမှလည်း မြေပေါ်မြေအောက်ထွက်ရှိသော သယံဇာတအား ပြည်ထောင်စုအစိုးရနှင့် ခွဲဝေသည့်စနစ်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။

၄။ ရခိုင်ပြည်နယ်မှ မြောက်မြားစွာသော အဝေးရောက်အလုပ်ရှာထွက်ခွာသွားကြသည့် ရခိုင်ပြည်သူ/ပြည်သူများအား မိမိဒေသအတွင်းသို့ ပြန်လည်ရောက်ရှိလာနိုင်စေရန် ပြည်နယ်အတွင်း အလုပ်အကိုင်များ ဖန်တီးဖော်ထုတ်ရန် စက်မှုဇုန်နှင့် ဖြစ်နိုင်ခြေစက်ရုံများ ဖြစ်ပေါ်လာအောင် ပြည်နယ်အစိုးရ၊ ပြည်ထောင်စုအစိုးရတို့ ပူးပေါင်းအားထုတ်ဖို့ ဖြစ်ပါသည်။

ပါတီသည် လူမှုရေး/နိုင်ငံရေး/စီးပွားရေး/တောင်သူလယ်သမားရေး/ ပညာရေး/အလုပ်သမားရေး/ကျန်းမာရေး အခြားသောကိစ္စရပ်များနှင့်ပတ်သက်လို့ ပါတီဖွဲ့စည်းပုံစာအုပ်ထဲမှာ ရေးသွင်းဖော်ပြထားပြီး ဖြစ်ပါသည်။ အခုကတော့ အချိန်နှင့်တစ်ပြေးညီ ပြောဆိုရတဲ့အတွက် လိုရင်းတိုရှင်း ပန်ကြားသွားဖို့ ဖြစ်ပါတယ်။

ကျန်းမာရေး၊ ပညာရေး၊ တောင်သူလယ်သမားအရေး၊ အလုပ်သမားအရေးနှင့်ပတ်သက်လို့ လက်ရှိတွင်လိုအပ်နေသောအရာများအား အကောင်းဆုံးပြောင်းလဲတိုးတက်ဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပတ်သက်လို့ အိမ်နီးချင်းနိုင်ငံများမှ တရားမဝင်ခိုးဝင်လာခြင်းအား တားဆီးကာကွယ်နိုင်အောင် ထိန်းသိမ်းကြပ်မတ်ခြင်းနှင့် နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်း၊ နိုင်ငံသားအဖြစ်မှ ရပ်စဲခြင်း၊ ရုပ်သိမ်းခြင်း၊ သန်းခေါင်စာရင်းတို့ကို တိကျစွာ ကြိုးပမ်းဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။

ရခိုင်ပြည်သူ ပြည်သားအပေါင်းတို့ ကျွန်တော်တို့ ရခိုင်လူမျိုးများသည် ရိုးသားပွင့်လင်းကြပါသည်။ ရိုးသားပွင့်လင်းခြင်းကို အခွင့်ကောင်းယူကာ နည်းပရိယာယ်အသုံးချခြင်းများအပေါ် မကျရောက်လေအောင် အကန်းယုံ အရမ်းယုံ မယုံကြဘဲ လက်တွေ့ကျကျလေ့လာသုံးသပ်ခြင်းဖြင့် အဖြေရှာဆောင်ရွက်ကြပါလို့ တိုက်တွန်းပန်ကြားလိုပါရေ။

နိဂုံးချုပ်အနေဖြင့် ပန်ကြားလိုတာကတော့ ယခုပေါ်ပေါက်လာမည့် (၂၀၁၅) ရွေးကောက်ပွဲကာလမှာ အများပြည်သူရွေးချယ်ပေးရမှာကတော့ (၂၀၁၆)ခုနှစ် အာဏာသုံးရပ်တွင် တာဝန်ယူဆောင်ရွက်ကြရမည့် ပုဂ္ဂိုလ်များဖြစ်ကြပါတယ်။ ယင်းကြောင့် တိုင်းပြည်အကျိုး ဒေသခံအကျိုးများကို အမှန်တကယ်အပြောနှင့် အလုပ်၊ အလုပ်နှင့် အပြော ညီမျှသည့် ပုဂ္ဂိုလ်များဖြစ်ပြီး မိမိတို့အား အလုပ်အကျွေးပြုမည့် အရည်အချင်း ပြည့်ဝသူများအား အသဲထဲက မဲတစ်ပြားကို ဉာဏ်နှင့်ယှဉ်ကာ မဲပေးပြုလုပ်ကြပါလို့ ပန်ကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။

## အလင်းသစ်မော်ကွန်း (၁)

CHO: (ရက္ခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီ)၂

VI အာရိယန်ရို့ ဂန္ထဝင်သမိုင်းအမွီ ဘိုးဘွားစိုင်ဆက်ထိန်းသိမ်းခရေမြီ
သာကီနွယ်ရို့ အောင်လံဝင့်ချီ ငြိမ်းချမ်းရေးအတွက် လမ်းပြဖို့ပါတီ

CHO (ရက္ခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီ)၂

VII ပြည်ရက္ခိုင်အဝှမ်း အေးချမ်းဖွံ့ဖြိုးအောင် ဒီမိုကရေစီတည်ဆောက်ကတ်မည်
ချမ်းအတူပူအမျှ ရက္ခိုရရို့ နှလုံးအိမ် အမျိုးစောင့်တရားထင်ရှားနိုးကြားလီ

CHO (ရက္ခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီ)၂

VIII ဂုဏ်ရောင်မော်ကွန်း ထွန်းပလခြမ်းမြီ ရက္ခိုတရို့ အားမာန်ချီ
အမျိုးဘာသာအတွက် စည်းလုံးလက်တွဲညီ ရက္ခိုင်စည်သံနဲ့ ပြည်ကြီးနိုးထလီ

CHO (ရက္ခိုင်ပြည် အမျိုးသားအင်အားစုပါတီ)၅

## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၁၀**

“ဝ”အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ၊ တအာင်း (ပလောင်) အမျိုးသားပါတီနှင့် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၁၁ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD (Variety)၊ မြန်မာ့အသံ ရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၂ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။ **(သတင်းစဉ်)**

## ချင်းတွင်းမြစ်ရေ ဟုမ္မလင်းမြို့၌ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်

**နေပြည်တော် စက်တင်ဘာ ၁၀**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။ **(ကြေးမုံ)**

# ကရင်ပြည်သူ့ပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**ကရင်ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးစောထွန်းအောင်မြင့်နှင့် အထွေထွေအတွင်းရေးမှူး ဦးစောစေးဝါးတို့က ၎င်းတို့ပါတီ၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



"အားလုံးမင်္ဂလာပါ"

ကျွန်တော်ကတော့ ကရင်ပြည်သူ့ပါတီရဲ့ ဥက္ကဋ္ဌ စောထွန်းအောင်မြင့် ဖြစ်ပါတယ်။ ကရင်အမည်ကတော့ စောဆာတူဝေါ ဖြစ်ပါတယ်။ ယခုလို ပြည်သူလူထုနဲ့ တိုက်ရိုက်ထိတွေ့ စကားပြောဆိုခွင့်ရရှိတဲ့အတွက် လုပ်သားပြည်သူအားလုံးနှင့် စီစဉ်ပေးတဲ့ တာဝန်ရှိပုဂ္ဂိုလ်များကိုပါ အထူးကျေးဇူးတင်ရှိပါတယ်။ အားလုံးပဲ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေလို့ မေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်တို့ ပါတီရဲ့အမည်ဖြစ်တဲ့(ကရင်ပြည်သူ့ပါတီ)ရဲ့ အဓိပ္ပာယ်ကို စတင်ရှင်းလင်းပါမယ်။ ကရင်ပြည်သူ့ပါတီကို ကရင်အမျိုးသားများက ဦးဆောင်သောကြောင့် ကရင်ပြည်သူ့ပါတီဟု ခေါ်သော်လည်း အားလုံးသောပြည်ထောင်စုဖွားတိုင်းရင်းသား လုပ်သားပြည်သူလူထုအားလုံးကို ကိုယ်စားပြုတဲ့အနေဖြင့် ပြည်သူ(Peoples)ဆိုတဲ့ ဝေါဟာရကို ထည့်ထားပါတယ်။ ပြည်သူ(Peoples)ဆိုတဲ့ ဝေါဟာရဟာနိုင်ငံရေးအဘိဓာန်မှာပဲ ရှိတယ်။ အောက်ခြေလူတန်းစား၊ သာမန်ပြည်သူများ၊ တစ်ရွာတည်းနေ တစ်ရေတည်းသောက် ပြည်သူအများစုကို ကိုယ်စားပြုသူများဟု အဓိပ္ပာယ်ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ပါတီဟာ ကရင်သာမကဘဲ လူမျိုးပေါင်းစုံဖြစ်တဲ့ ပြည်သူများပါဝင်နိုင်ကြောင်း ပဏာမပြောကြားလိုပါတယ်။ အမြင်ကျဉ်းမြောင်းသော လူမျိုးစုအမြင်မဟုတ်ဘဲ ပြည်သူတစ်ရပ်လုံးပါဝင်ကြောင်း ရှင်းလင်းပြောကြားလိုပါတယ်။ တိုင်းရင်းသား လုပ်သားပြည်သူအားလုံးပါဝင်နိုင်ပြီး ပါတီမှလည်း ဝင်ရောက်ရွေးချယ်ခံနိုင်ပါတယ်။

ကရင်ပြည်သူ့ပါတီကို ဖွဲ့စည်းပြီး ဘာကြောင့်ရွေးကောက်ပွဲဝင်သလဲ ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါရှိတဲ့ ကရင်တစ်မျိုးသားလုံးအတွက် ရရှိသင့်၊ ရရှိထိုက်သော အခွင့်အလမ်း Space နဲ့ နေရာ Platform ကိုယူပြီး ကိုယ်စားပြုပြောဆိုနိုင်ရန်နှင့် ကရင်အမျိုးသားအပါအဝင်ဖြစ်တဲ့ ပြည်သူတစ်ရပ်လုံးအတွက် အကျိုးပြုနိုင်ရန် ဖြစ်ပါတယ်။

ကျွန်တော်တို့ ကရင်ပြည်သူ့ပါတီရဲ့ သဘောထားခံယူချက်ကတော့ တိုင်းပြည်အေးချမ်းသာယာမှ တိုင်းပြည်စီးပွားရေး ကောင်းမွန်လာအောင် ဆောင်ရွက်နိုင်မယ်။ ဒါမှ တစ်ဦးချင်း လူနေမှုအဆင့် ကောင်းမွန်လာပြီး တစ်တိုင်းပြည်လုံး ခေတ်မီဖွံ့ဖြိုးတိုးတက်လျက် အိမ်နီးချင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်မယ်လို့မြင်ပါတယ်။

နိုင်ငံရေးအမြင်ကတော့ ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ တစ်ဆင့်ပြီး တစ်ဆင့် ထိန်းသိမ်းသွားရမှာပါပဲ။ တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ စိတ်ရှည်လက်ရှည် သည်းခံညှိနှိုင်းပြီး အသွင်ကူးပြောင်းရမယ့်ဖြစ်စဉ်လို့ပဲ ထင်ပါတယ်။ ဆန္ဒစောပြီးလုပ်ဆောင်ရင် တိုင်းပြည်နစ်နာသွားစရာ အကြောင်းရှိနိုင်ပါတယ်။

စီးပွားရေးအမြင်ကတော့ ဈေးကွက်စီးပွားရေးပီပီပြင်ပြင် အချုပ်အချယ်မရှိ လွတ်လွတ်လပ်လပ် ဆောင်ရွက်ခွင့်ပြုပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဖိတ်ခေါ်ဆောင်ရွက်လျှင် တိုင်းပြည် ပိုမိုတိုးတက်ချောင်လည်လာမည်ဟု ထင်မြင်ပါတယ်။

ပညာရေးအမြင်ကတော့ လူတိုင်း၊ ကလေးတိုင်း ပညာသင်ကြားနိုင်ရေးနှင့် အလုပ်အကိုင်ရရှိရေးကို အထောက်အကူပြုတဲ့ ပညာရေးစနစ်ကို အကောင်အထည်ဖော်သင့်ပါတယ်။ တိုင်းရင်းသားလူနည်းစုများကိုလည်း မိမိဘာသာစာပေများကို လွတ်လပ်စွာ သင်ကြားခွင့်ပြုသင့်တယ်လို့ထင်ပါတယ်။ ပြည်ထောင်စုကြီးဟာ တိုင်းရင်းသားတွေနဲ့ ဖွဲ့စည်းနေတာ အရှိဖြစ်နေတဲ့အတွက် ဤအရှိဖြစ်စဉ်ကို လက်ခံပြီး မတူကွဲပြားမှုများကနေပြီး စည်းလုံးညီညွတ်မှုရရှိနိုင်မယ့်နည်းလမ်းကို ရှာဖွေဖော်ထုတ်သင့်ပါတယ်။


ကျန်းမာရေးအမြင်ကတော့ အောက်ခြေပြည်သူလူထုအတွက် အကုန်အကျသက်သာသော ဆေးဝါးကုသမှုစနစ် အကောင်အထည်ဖော်သင့်ပါတယ်။ တစ်နည်းအားဖြင့် ပညာရေး၊ ကျန်းမာရေးအသုံးစရိတ်ကို ပိုမိုတိုးမြှင့်ခွဲဝေပေးသင့်ပါတယ်။ ပညာရေးနဲ့ ကျန်းမာရေးက ပြည်သူလူထုအတွက် အကောင်းဆုံး အရင်းအနှီးဆိုတဲ့ အမြင်ရရှိမှသာလျှင် တိုးတက်အောင်လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

လူမှုရေးအမြင်ကတော့ စိတ်ရင်းစေတနာကောင်းဖြင့် ဖွဲ့စည်းသော အဖွဲ့များကို လွတ်လပ်စွာဖွဲ့စည်းခွင့်ပြုပြီး အားပေးကူညီပံ့ပိုးသင့်တယ်လို့ ထင်ပါတယ်။

တိုင်းရင်းသားရေးအမြင်ကတော့ ပြည်ထောင်စုတိုင်းရင်းသားအားလုံးဟာ စည်းလုံးညီညွတ်မှုရရှိပါမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုအပြည့်အဝရရှိစေရန်အတွက် သဘောထားကြီးကြီးထားပြီး နည်းမျိုးစုံဖြင့် မရမနေ ကြိုးစားဆောင်ရွက်သွားရမယ်လို့ မြင်ပါတယ်။

တစ်မျိုးသားလုံး ပြန်လည်စည်းလုံးညီညွတ်ရေးအမြင်ကတော့ All inclusive တစ်မျိုးသားလုံး ဆွေးနွေးညှိနှိုင်းတိုင်ပင်မှုလမ်းကြောင်းမှသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အပြီးတိုင်အောင်မြင်ပြီးဆုံးသည်အထိ စိတ်ရှည်သည်းခံစွာဖြင့် ပြုလုပ်သွားရမှာပဲဖြစ်ပါတယ်။

အခြားပါတီများအပေါ် သဘောထားအနေဖြင့် အခြားသော ကရင်ပါတီများနှင့်သော်လည်းကောင်း၊ အခြားပါတီမှ ကရင်အမျိုးသားများ နှင့်သော်လည်းကောင်း ဦးတည်ချက်ချင်းတူလျှင် လက်တွဲ ဆောင်ရွက်သွားပါမယ်။ မည်သည့်ပါတီနှင့်မဆို အခြေခံ သဘောထားတူညီလျှင် လက်တွဲ ဆောင်ရွက်ကြမည်ဖြစ်ပါတယ်။



ကရင်ပြည်သူ့ပါတီရဲ့ ရွေးချယ်မှုလမ်းကြောင်းကတော့ ပြည်သူများအတွက် အကျိုးရှိမယ်ဆိုလျှင် ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲမထားဘဲ လုပ်ကိုင်ဆောင်ရွက်သွားပါမယ်။ အရှိကိုအရှိအတိုင်း ရှုမြင်သုံးသပ်ပြီး တိုင်းပြည်၏ ရေရှည်အကျိုးကိုသာ အဓိကထား ရပ်တည်ဆောင်ရွက်မည်ဖြစ်ပါတယ်။

လက်ရှိ ရွေးချယ်တင်မြှောက်ပွဲအပေါ် ချမှတ်သောဦးတည်ချက်ကတော့ ကရင်တိုင်းရင်းသားအရေးကို လုပ်ဆောင်နိုင်မယ့် တိုင်းရင်းသားလူမျိုးလွှတ်တော်ကို အဓိကထားပါမယ်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ကို အင်အားရှိသရွေ့ ဝင်ရောက်အရွေးခံပါမယ်။ ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့နိုင်မယ့် တိုင်းဒေသကြီးလွှတ်တော်ကို ဒုတိယဦးစားပေး ဝင်ရောက်ယှဉ်ပြိုင်ပါမယ်။ ဒါကြောင့် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်များမှာ

| | | |
|---|---|---|
| တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ် | ယခင်-၅ နေရာ | ယခု ၅ နေရာ |
| တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော် | ယခင်-၄ နေရာ | ယခု၆၆နေရာ |
| အမျိုးသားလွှတ်တော် | ယခင်-၅ နေရာ | ယခု ၂၂ နေရာ |
| ပြည်သူ့လွှတ်တော် | ယခင်-၇ နေရာ | ယခု ၂၆ နေရာ |

စုစုပေါင်းလွှတ်တော် ၁၁၉ နေရာကို ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

ပြည်သူလူထုကို နောက်ဆုံးပြောကြားလိုတာကတော့ ရွေးကောက်ပွဲနေ့ကြီးကို စိတ်ရှည်သည်းခံခြင်း အပြည့်အဝဖြင့် စောင့်ဆိုင်းပြီး မိမိကိုယ်တိုင်ပိုင်ဆိုင်တဲ့ အသည်းကြားက မဲတစ်ပြားနဲ့ကို မိမိစိတ်ကြိုက်ခေါင်းဆောင်ကို ရွေးချယ်မဲပေးကြပါ။ ရွေးကောက်ပွဲကြီးက အမှန်တကယ်ဖြစ်ပေါ်လာပြီဖြစ်တဲ့အတွက် မဲမပေးဘဲနေတာက ဘာမှအပြောင်းအလဲတစ်ရပ်ဖြစ်မလာနိုင်ပါဘူး။ မိမိမဲတစ်ပြားအပါအဝင် ပြည်သူအားလုံးရဲ့ မဲများနဲ့ ပါတီစုံဒီမိုကရေစီစနစ်သို့ အပြောင်းအလဲတစ်ခုဖြစ်ပေါ်စေရန် ဝိုင်းဝန်းလုပ်ဆောင်ကြပါစို့လို့ နိဂုံးချုပ်ပြောကြားလိုပါတယ်။



ကျွန်တော်ကတော့ ကရင်ပြည်သူ့ပါတီရဲ့ အထွေထွေအတွင်းရေးမှူး တာဝန်ထမ်းဆောင်တဲ့ ဦးစောစေးဝါးဖြစ်ပါတယ်။ ခုလို ပြည်သူလူထုနှင့် တိုက်ရိုက်တွေ့ဆုံပြောကြားခွင့်ရတဲ့အတွက် အထူးကျေးဇူးတင်ရှိပါတယ်။ ပြည်သူလူထုအပေါင်း မင်္ဂလာအပေါင်းနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေလို့ ဆန္ဒပြုပါတယ်။

ကျွန်တော့်ဥက္ကဋ္ဌကြီးက ပါတီရဲ့မူဝါဒ၊ လမ်းစဉ်နှင့် ရပ်တည်ချက်တွေကို ပြောကြားပြီးဖြစ်တဲ့အတွက် ကျွန်တော့်အနေဖြင့် ပြည်သူလူထု၊ အထူးသဖြင့် ကရင်ပြည်သူလူထုအတွင်းမှာ ရှင်းရှင်းလင်းလင်းမသိသေးတဲ့အကြောင်း အချက်အလက်အချို့ကို ပြောကြားလိုပါတယ်။

ပထမဦးဆုံးကိစ္စကတော့ ပင်စင်စားဝန်ထမ်းဘဝကနေပြီးတော့ နိုင်ငံရေးလောကထဲ ဘာဖြစ်လို့ဝင်လာသလဲဆိုတာကို ပြောကြားလိုပါတယ်။ တိုတိုနဲ့ လိုရင်းကို ပြောရရင် ဘဝနေဝင်ချိန်၊ ဘဝနိဂုံးအပိုင်းမှာ လူငယ်မျိုးဆက်သစ်တွေအတွက် ကိုယ်တတ်သမျှမှတ်သမျှ ကိုယ်ရရှိပြုစုပျိုးထောင်လာခဲ့တဲ့ အတွေ့အကြုံပေါ်မှာ မူတည်ပြီး အကောင်းဆုံးအမွေတစ်ခုထားခဲ့လိုခြင်းပဲ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံရှိသော ပြည်သူ့အစိုးရသို့ ပြောင်းလဲမှုအစဉ်မှာ ကိုယ်တတ်စွမ်းသမျှ ပါဝင်ခြင်းပဲဖြစ်ပါတယ်။ တစ်နည်းအားဖြင့် တိုင်းပြုပြည်ပြု အခန်းကဏ္ဍမှာ ပါဝင်ခြင်းပဲဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ဝန်ထမ်းအငြိမ်းစားဘဝကလာသူမို့ နိုင်ငံရေးသမားတော့ ပီပီပြင်ပြင်မဖြစ်နိုင်ဘဲ တိုင်းပြုပြည်ပြု ပုဂ္ဂိုလ်(Statesman)သာ ဖြစ်နိုင်မယ်လို့ ထင်ပါတယ်။

ဥက္ကဋ္ဌကြီးပြောတဲ့ ကရင်လူမျိုးအတွက် ပြည်သူလူထုအတွက် Platform & Space ဖန်တီးပေးဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံမှာ အဓိက တိုင်းရင်းသားလူမျိုး ဗမာအပါအဝင်ရှစ်ဖွဲ့ရှိရာမှာ ဒီတိုင်းရင်းသားမဏ္ဍိုင်ရှစ်တိုင်မှာ ကရင်တိုင်းရင်းသားမဏ္ဍိုင်မှာ ခိုင်ခိုင်ခံ့ခံ့ရှိစေချင်တယ်။ ပြည်ထောင်စု ဖွံ့ဖြိုးတိုးတက်ဖို့ အကျိုးပြုလုပ်ငန်းလုပ်ခြင်းပါပဲ။

ကျွန်တော်တို့ဟာ တပ်က၊ ပြည်သူ့ရဲက၊ ဝန်ထမ်းကလာတဲ့ပုဂ္ဂိုလ်တွေဖြစ်သော်လည်း ယခုအခါ ပြည်သူထဲက ပေါက်ဖွားလာတဲ့ ပြည်သူတွေဖြစ်နေပြီဖြစ်တဲ့အတွက် ပြည်သူရဲ့ဆန္ဒသဘောထားကို ခြုံမိငုံမိပြီဖြစ်တဲ့အတွက် ပြည်သူ့ဆန္ဒကို လွှတ်တော်ဆန္ဒဖြစ်ဖို့ ပါဝင်လာခြင်းဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် လွတ်လပ်ရေးရရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၄၇ ခုနှစ်နှင့် ၁၉၇၄ ခုနှစ်တို့တွင် ရေးဆွဲကျင့်သုံးခဲ့ပြီးဖြစ်ပါတယ်။ ယခု ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းပြီး ကျင့်သုံးဆောင်ရွက်နေလျက်ရှိပါတယ်။ ယခင်က ၁၉၄၇ ခုနှစ်နှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ မြန်မာနိုင်ငံရှိ လူနည်းစုအခွင့်အရေးကို ပြဋ္ဌာန်းထားခြင်းမရှိပါ။ ယခု ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၁၆၁)၌သာ လူနည်းစုအခွင့်အရေး ပြဋ္ဌာန်းချက်ပါရှိပါတယ်။

ကရင်လူမျိုးတို့သည် မြန်မာနိုင်ငံတွင် ပြန့်ကျဲစွာနေထိုင်ကြပါတယ်။ ကရင်လူမျိုးတို့သည် အမျိုးသားနိုင်ငံရေးအမြင်နိုးကြားမှုမှာလည်း အလွန်ပင်အားနည်းနေပါတယ်။ ကရင်လူမျိုးတို့၏ တိုးတက်ဖွံ့ဖြိုးရေးရည်မှန်းချက်မှာလည်း ပျောက်ကွယ်နေပါတယ်။

သို့ပါ၍ ကရင်ပြည်သူ့ပါတီသည် အောက်ပါအချက် ၃ ချက်ကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါတယ်-

(၁) ကရင်လူမျိုးတို့၏ပြန့်ကျဲနေမှုကို ပြန်လည်ကောက်သင်းကောက်စုစည်းရေး
(၂) ကရင်လူမျိုးတို့နှင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး အမျိုးသားနိုင်ငံရေးအမြင်ရှင်သန်ရေး
(၃) ကရင်လူမျိုးတို့နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လူနေမှုဘဝဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရေးဖြစ်ပါတယ်။

ကရင်တိုင်းရင်းသားရေးရာအတွက် ကိုယ်စားလှယ် ငါးဦးကို ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှာ တစ်ဦးစီရရှိပါတယ်။ ကရင်ရေးရာကိစ္စကို ဆောင်ရွက်မယ့်ကိုယ်စားလှယ်ဟာ အမှန်တကယ် ကရင်လူထုအများစုကို ကိုယ်စားပြုဆောင်ရွက်ရမည့်သူဖြစ်တယ်။ ကရင်တိုင်းရင်းသားပါတီမှ ကရင်ကိုယ်စားလှယ်သာလျှင် ကရင်အမျိုးသားကိစ္စကို ပီပီပြင်ပြင် ဆောင်ရွက်နိုင်မယ်လို့ပဲ ကရင်လူထုကို ပြောလိုပါတယ်။

လွတ်လပ်ပြီးမျှတသော free and fair election ဟာ အမှန်တကယ် လိုအပ်ပါတယ်။ ပြည်သူတွေဟာ မိမိဆန္ဒကို ဘယ်ပယောဂမှမပါဘဲ ဖော်ထုတ်နိုင်မှသာလျှင် ပြည်သူ့အစိုးရပုံစံသို့ ပီပီပြင်ပြင်ပြောင်းလဲနိုင်မှာ ဖြစ်ပါတယ်။ free and fair election ဟာ ဤရွေးချယ်တင်မြှောက်ပွဲရဲ့အသက်ဖြစ်သလို အများပြည်သူရဲ့ ဆန္ဒအမှန်ကို ဖော်ထုတ်ပြသခွင့်ရပါမှ အနာဂတ်ရဲ့ ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုနိုင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့ ကရင်ပြည်သူ့ပါတီဟာ ပြည်မတွင်မကပါဘူး။ ကရင်ပြည်နယ်မှာလည်း ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကရင်ပြည်သူ့ပါတီသည် ကရင်လူမျိုးများနဲ့တကွ တိုင်းရင်းသားလူမျိုးပေါင်းစုံ၏အရေးကို လက်လှမ်းမီသရွေ့ လုပ်ဆောင်ပေးခဲ့ပါတယ်။ တိုင်းရင်းသားလုပ်သားပြည်သူလူထုအတွက်နဲ့ ကရင်လူထုအတွက် အချိန်အခါနဲ့ အခြေအနေပေါ်မူတည်ပြီး ခံစားချက်တူ၊ အမြင်တူ၊ ခံယူချက်တူတဲ့ ပါတီများနဲ့ညှိနှိုင်းပြီး အကောင်းဆုံးဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ကတိပေးပါတယ်။

ကျွန်တော်တို့ ကရင်ပြည်သူ့ပါတီဟာ ယခင်ရွေးကောက်တင်မြှောက်ပွဲမှာ ကိုယ်စားလှယ် ၄၁ ဦးသာ ဝင်ရောက်နိုင်ပါတယ်။ ယခုရွေးကောက်တင်မြှောက်ပွဲမှာ ၁၁၉ ဦး ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ အရေအတွက် နည်းသော်လည်း ပြည်သူလူထုအကျိုးကို အမှန်တကယ်လုပ်ဆောင်ပေးမယ့် ပုဂ္ဂိုလ်များဖြစ်တဲ့အတွက် ပြည်သူလူထုများက တစ်ခဲနက်ထောက်ခံအားပေးဖို့ မေတ္တာရပ်ခံပါတယ်။ ကရင်ပြည်သူ့ပါတီဟာ စဉ်ဆက်မပြတ် ပြည်သူလူထုအကျိုးကို နည်းမျိုးစုံကြိုးပမ်းဆောင်ရွက်နေမယ်ဖြစ်ပြီး ကရင်များအပါအဝင် ပြည်သူတစ်ရပ်လုံးအကျိုးကို ဆတက်ထမ်းပိုးကြိုးပမ်းဆောင်ရွက်သွားနိုင်ဖို့ သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ပြည်သူများရဲ့မေတ္တာကို ခံယူပါတယ်။

ကျေးဇူးတင်ပါတယ်။ ။

# ဂျပန်နိုင်ငံ ဟိုဆိုမြို့၌ မိုးသည်းထန်စွာရွာသွန်း၊ ဒေသခံ ၁၀၀၀၀၀ ကျော်ဘေးလွတ်ရာသို့ရွှေ့ပြောင်း

**ဟိုဆို စက်တင်ဘာ ၁၀**

ဂျပန်နိုင်ငံဟိုဆိုမြို့၌ မကြုံစဖူး ထူးထူးကဲကဲမိုးသည်းထန်စွာရွာသွန်းမှုနှင့်အတူ ရေလွှမ်းမှုဖြစ်ပွားရာ ဒေသခံလူ ၁၀၀၀၀၀ ကျော်မှာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြရကြောင်း ရိုက်တာသတင်းဌာနက သတင်းထုတ်ပြန်သည်။

မြို့တော်တိုကျိုမြောက်ဘက် ၅၆ ကီလိုမီတာ (၃၅မိုင်)အကွာရှိ ဟိုဆိုမြို့၌ ရေလွှမ်းမိုးမှုကြောင့် နေအိမ်များ ပျက်စီးခြင်း၊ သစ်ပင်များ အမြစ်မှကျွတ်ထွက်ခြင်းတို့ဖြစ်ပေါ်ပြီး ကယ်ဆယ်ရေးရဟတ်ယာဉ်များက အိမ်ခေါင်မိုးများပေါ်မှ လူအများအပြားကို ကယ်တင်ပေးခဲ့ရသည်။ လူနှစ်ဦးပျောက်ဆုံးနေပြီး ၁၇ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။



ဂျပန်နိုင်ငံ၏ အဓိကကျွန်းကြီးတစ်ကျွန်းဖြစ်သော ဟွန်ရှူးကျွန်း၌ အီတူးဟုအမည်ပေးထားသော အပူပိုင်းမုန်တိုင်းတိုက်ခတ်ခဲ့ပြီးနောက် ၄၈ နာရီအတွင်း နေရာဒေသအချို့၌ စက်တင်ဘာလ ပုံမှန်မိုးရေချိန်ထက် နှစ်ဆပိုမိုရွာသွန်းခဲ့ကြောင်း မိုးလေဝသဌာနက ပြောကြားသည်။

မြေပြိုမှုဖြစ်ပွားပြီးနောက် အသက်(၆၃)နှစ်အရွယ် အမျိုးသမီးတစ်ဦး ပျောက်ဆုံးနေကြောင်း၊ အသက်(၇၀)ကျော်အရွယ်အဘိုးအိုတစ်ဦးမှာ ရေနစ်မြုပ်နေသောဂုင်း၏ နေအိမ်အတွင်း ပိတ်မိနေသည်ဟု ယူဆရကြောင်း ဟိုဆိုမြို့မှ ဒေသခံတစ်ဦးက ပြောကြားသည်။

တိုကျိုမြို့အရှေ့ဘက်နှင့်မြောက်ဘက်ရှိ ပြည်သူငါးသန်းနေထိုင်ရာ ဒေသများ၌ မိုးသည်းထန်စွာရွာသွန်းနိုင်သဖြင့် ဘေးကင်းရာသို့ ရွှေ့ပြောင်းထွက်ခွာကြရန် ဒေသဆိုင်ရာအာဏာပိုင်များက ညွှန်ကြားခဲ့ကြသည်။

နောက်ထပ် မိုးရွာသွန်းမှုများရှိနိုင်သေးသဖြင့် အရေးပေါ်ဌာနတစ်ခုဖွင့်လှစ်ရန် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ညွှန်ကြားခဲ့သည်။

**ရိုက်တာ။**

# ဟန်ဆောင်လက်ထပ်ပွဲများ စီစဉ်ပေးသူ အမေရိကန်နိုင်ငံသားနှစ်ဦး ဖမ်းဆီးခံရ

**လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၁၀**

အမေရိကန်နိုင်ငံသားများနှင့် အမေရိကန်ပြည်ထောင်စုတွင် တရားဝင်နေထိုင်ခွင့်ရရှိရန် မျှော်လင့်ချက်များဖြင့် ဟန်ဆောင်လက်ထပ်ပွဲများအတွက် ငွေပေးခဲ့ရသည့် တရုတ်နိုင်ငံသားများအကြား ဟန်ဆောင်လက်ထပ်ပွဲများ စီစဉ်ပေးမှုကြောင့် ကယ်လီဖိုးနီးယားပြည်နယ်သားတစ်ဦးနှင့် ၎င်း၏သမီးတို့အား ဖမ်းဆီးလိုက်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

လူဝင်မှုကြီးကြပ်ရေးရှေ့နေတစ်ဦးအဖြစ် အယောင်ဆောင်ထားသူ ဂျေဆင်ရှီရာအိုနှင့် သမီးဖြစ်သူ လင်းလျောင်တို့သည် ၂၀၀၆ ခုနှစ်က လူဝင်မှုကြီးကြပ်ရေးလျှောက်ထားမှု အကြိမ် ၇၀ ကျော် ပြုလုပ်ခဲ့ကြောင်း ကယ်လီဖိုးနီးယားပြည်နယ်ရှိ အမေရိကန်ရှေ့နေရုံးက ပြောကြားသည်။ ၎င်းတို့ကို ဗီဇာအတုပြုလုပ်မှုဖြင့် တရားစွဲဆိုထားပြီး အပြစ်ရှိကြောင်းတွေ့ရှိပါက ထောင်ဒဏ် ငါးနှစ်အထိ ချမှတ်ခံရနိုင်သည်။ ၎င်းတို့သည် တရုတ်အမျိုးသမီးတစ်ဦးထံမှ အခကြေးငွေ အမေရိကန်ဒေါ်လာ ၅၀၀၀၀ ရယူပြီး အမေရိကန်လူမျိုးတစ်ဦးနှင့် လက်ထပ်ပွဲတစ်ပွဲ ကျင်းပနိုင်ရန် စီစဉ်ပေးခဲ့သည်။ ထို့ပြင် ၎င်းတို့သည် ဟန်ဆောင် ဇနီးမောင်နှံများအတွက် လတ်စ်ဗီးဂတ်စ်သို့ ဟန်ဆောင်ဟန်နီးမွန်းခရီးများကိုပါ စီစဉ်ပေးခဲ့သည်။

လော့စ်အိန်ဂျလိစ် အရှေ့မြောက်ပိုင်း၌ ဥပဒေကုမ္ပဏီတစ်ခုအဖြစ် ဟန်ဆောင်ဖွင့်လှစ်ထားသော ဂျေဆင်၏ရုံးခန်းကို စစ်ဆေးရေးမှူးများက စီးနင်းရှာဖွေခဲ့ပြီး အမေရိကန်နိုင်ငံသူများအား ဇနီးမယားအဖြစ် ဟန်ဆောင် လက်ထပ်ပွဲများ ကျင်းပပေးရန် ဖြားယောင်းသူဟု စွပ်စွဲခံထားရသူ အသက်(၄၈)နှစ်ရှိ တတိယမြောက် လူပုဂ္ဂိုလ် တစ်ဦးကိုလည်း ရှာဖွေလျက်ရှိသည်။

**ရိုက်တာ။**

# ထိုင်ဝမ်ရေလက်ကြားတွင် တရုတ်စစ်ဘက်က ကျည်စစ်များပစ်ခတ်၍ စစ်ရေးလေ့ကျင့်မည်

**ပေကျင်း စက်တင်ဘာ ၁၀**

ထိုင်ဝမ်ရေလက်ကြားတွင် စက်တင်ဘာ ၁၁ ရက်မှစတင်ကာ သုံးရက်ကြာစစ်ရေးလေ့ကျင့်မှုပြုလုပ်မည်ဖြစ်ပြီး ယင်းစစ်ရေးလေ့ကျင့်မှု၌ ကျည်စစ်များကို အသုံးပြုမည်ဖြစ်ကြောင်း တရုတ်အစိုးရက ထုတ်ပြန်ကြေညာသည်။ ၎င်းပြင် ယင်းစစ်ရေးလေ့ကျင့်ရာဒေသတွင်းသို့ ရေယာဉ်များဝင်ရောက်ခြင်းမှ ရှောင်ရှားကြရန် သတိပေးချက်ကိုလည်း တရုတ်အစိုးရက ထုတ်ပြန်ထားသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တရုတ်တိုင်ပေကို ၎င်းတို့၏ပိုင်နက်နယ်မြေအဖြစ် တရုတ်နိုင်ငံက ကြေညာထားသည်။ ဒီမိုကရက်တစ်စနစ်ကျင့်သုံးနေသည့် အဆိုပါကျွန်းအား တရုတ်တို့၏အုပ်ချုပ်မှုအောက်သို့ ပြန်လည်ရောက်ရှိရေးအတွက် စစ်အင်အားအသုံးပြုမှုကို မည်သည့်အခါတွင်မျှ စွန့်လွှတ်သွားမည်မဟုတ်ကြောင်း တရုတ်နိုင်ငံက ကြေညာထားသည်။

တရုတ်အမျိုးသားရေးဝါဒီတပ်ဖွဲ့များသည် ၁၉၄၉ ခုနှစ်တွင် တရုတ်ကွန်မြူနစ်တပ်ဖွဲ့များနှင့်ဖြစ်ပွားသော ပြည်တွင်းစစ်ပွဲ၌ရှုံးနိမ့်ခဲ့ပြီးနောက် တရုတ်တိုင်ပေကျွန်းသို့ ဆုတ်ခွာသွားခဲ့ကြခြင်းဖြစ်သည်။

တရုတ်တိုင်ပေ သမ္မတ မာရင်ကျောက်သည် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်ရာ၌ တိုးတက်မှုများရှိနေပြီး ကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာသမိုင်းဝင်သဘောတူညီမှု အများအပြားကို လက်မှတ်ရေးထိုးနိုင်ခဲ့သော်လည်း တရုတ်နိုင်ငံနှင့် တရုတ်တိုင်ပေအကြား ကြီးမားသော သံသယများရှိနေဆဲဖြစ်သည်။

ယင်းစစ်ရေးလေ့ကျင့်မှုကို တရုတ်နိုင်ငံ ပင်လယ်ဆိပ်ကမ်းမြို့ ကွမ်ကျိုးကမ်းလွန်၌ ပြုလုပ်မည်ဟု တရုတ်ပင်လယ်ရေကြောင်း လုံခြုံမှုအုပ်ချုပ်ရေးအဖွဲ့က ပြောကြားသည်။ စစ်ရေးလေ့ကျင့်မှုများမှာ စက်တင်ဘာ ၁၃ ရက်တွင် ပြီးဆုံးမည်ဟုဆိုသော်လည်း ယင်းကိစ္စနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကိုမူ ထုတ်ပြန်ခြင်းမရှိပေ။

တရုတ်အစိုးရ၏ ထုတ်ပြန်ကြေညာချက်နှင့် ပတ်သက်၍တရုတ်တိုင်ပေက လတ်တလောတုံ့ပြန်ပြောဆိုခြင်းမရှိပေ။

**ဆင်ဟွာ။**

❐

# ဂျပန်၊ အမေရိကန်နှင့် တောင်ကိုရီးယားတို့ မြောက်ကိုရီးယားအရေး ဆွေးနွေးဖွယ်ရှိ

**တိုကျို စက်တင်ဘာ ၁၀**

မြောက်ကိုရီးယားနိုင်ငံက ဒုံးကျည်ပစ်လွှတ်နိုင်ဖွယ်ရှိမှုနှင့် ပတ်သက်၍ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနသည် အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ အဆင့်မြင့်အရာရှိများနှင့် ဆွေးနွေးပွဲကျင်းပရန် စီစဉ်လျက်ရှိသည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ယခုလ နှောင်းပိုင်းတွင် အမေရိကန်နိုင်ငံ၌ ဆွေးနွေးပွဲကျင်းပသွားရန် ရည်ရွယ်လျက်ရှိသည်။

မြောက်ကိုရီးယားနိုင်ငံက လက်ရှိအာဏာရ ကိုရီးယားအလုပ်သမားပါတီ တည်ထောင်မှု နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် စစ်ရေးပြချီတက်ပွဲအပါအဝင် အခမ်းအနားတစ်ခုကို အောက်တိုဘာလတွင် ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားထားသည်။ ယင်းအခမ်းအနားနှင့် ပတ်သက်၍ မြောက်ကိုရီးယားနိုင်ငံက တာဝေးပစ်တိုက်ချင်းပစ်ဒုံးကျည်တစ်စင်း ပစ်လွှတ်ဖွယ်ရှိသည်။

ဂျပန်အစိုးရက ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှနှင့် သမုဒ္ဒရာဆိုင်ရာ ဗျူရိုအကြီးအကဲ ဂျူနီချီအိုင်ဟာရာကို ဆွေးနွေးပွဲသို့ တက်ရောက်ရန် စေလွှတ်ဖွယ်ရှိသည်။ အိုင်ဟာရာသည် အမေရိကန်၏ မြောက်ကိုရီးယားဆိုင်ရာ အထူးသံတမန် ဆောင်ကင်၊ ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ တောင်ကိုရီးယားနိုင်ငံ၏ အထူးကိုယ်စားလှယ် ဟွမ်ဂျွန်ကွက်တို့နှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်သည်။

ဂျပန်၊ အမေရိကန်နှင့် တောင်ကိုရီးယားတို့သည် မြောက်ကိုရီးယားအရေးနှင့် ပတ်သက်၍ နောက်ဆုံးဆွေးနွေးပွဲကို မေလအတွင်းက ဆိုးလ်မြို့တွင် တွေ့ဆုံကျင်းပခဲ့ပြီးဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

# အသက်ငါးနှစ်အောက် ကလေးငယ်သေဆုံးမှုနှုန်း ကမ္ဘာတစ်ဝန်းတွင် အိန္ဒိယနိုင်ငံအမြင့်ဆုံးဖြစ်

**နယူးဒေလီ စက်တင်ဘာ ၁၀**

အိန္ဒိယသည် ကမ္ဘာတစ်ဝန်းတွင် အသက်ငါးနှစ်အောက် ကလေးငယ်သေဆုံးမှုနှုန်း အမြင့်ဆုံးနိုင်ငံဖြစ်ကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်)က ထုတ်ပြန်သောလေ့လာမှုအသစ်၌ ဖော်ပြသည်။



အိန္ဒိယနိုင်ငံတွင် ၂၀၁၅ ခုနှစ်အတွင်း အသက်ငါးနှစ်အောက်ကလေးငယ် ၁ ဒသမ ၅ သန်းခန့်သေဆုံးခဲ့သည်။ ယင်းမှာကမ္ဘာတစ်ဝန်း၌ ယခုနှစ်အတွင်းသေဆုံးခဲ့သော အသက်ငါးနှစ်အောက်ကလေးငယ်ဦးရေ၏ ၂၀ ရာခိုင်နှုန်းခန့်ရှိကြောင်း လေ့လာမှုအရသိရသည်။

အိန္ဒိယနိုင်ငံတွင် မွေးဖွားသောကလေးငယ် ၂၁ ဦးတွင် တစ်ဦးမှာ အသက်ငါးနှစ်အောက်အရွယ်၌ သေဆုံးရသည်။

ယခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း၌ အသက်ငါးနှစ်အောက်ကလေးငယ်များသေဆုံးမှုမှာ ဦးရေ ၅ ဒသမ ၉ သန်းရှိကြောင်း ယူနီဆက်ဖ် အစီရင်ခံစာတွင် ဖော်ပြသည်။

အဆုတ်ရောင်ရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါတို့ကဲ့သို့ ကူးစက်ပြန့်ပွားတတ်သော ရောဂါများသည် အသက်ငါးနှစ်အောက် ကလေးငယ်များ သေဆုံးမှု၏ အဓိကလက်သည်များဖြစ်သည်ကို လေ့လာတွေ့ရှိရကြောင်း လန်းဆက်အမည်ရှိ ဆေးပညာဂျာနယ်တွင် ရေးသားဖော်ပြသည်။

**ဆင်ဟွာ။**

# အထူးကျေးဇူးတင်သာဓုခေါ်ဆိုခြင်း

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ အောင်သပြေရပ်ကွက်သည် ရေရှားပါးပြီး စက်ရေတွင်းများ တူးဖော်ရာ၌လည်း ရေထွက်ရှိရန် လွန်စွာခက်ခဲလှပေသည်။ ယခုအခါ ကူကြိုးမွေတော်ပရိယတ္တိစာသင်တိုက်အတွင်း ဒါယကာကြီး ဦးအောင်ကိုဝင်းနှင့် ဒါယိကာမကြီး ဒေါ်နန်းသန်းထွေး(ကမ္ဘောဇဘဏ်လီမိတက်နှင့် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း) မိသားစုတို့၏ စစ်မှန်သော စေတနာသဒ္ဓါတရားဖြင့် တူးဖော်လှူဒါန်းမှုကြောင့် ရေပေါ်များစွာ ထွက်ရှိခဲ့ပြီး ရေလှောင်ကန်ကြီး (၂)ကန်ကို ဆောက်လုပ်လှူဒါန်းပေးသည့်အပြင် ရပ်ကွက်နေပြည်သူများအတွက်လည်း ရေပေးရေးကိုပါ စီစဉ်ဆောင်ရွက်လှူဒါန်းပေးခဲ့သည့်အတွက် ကူကြိုးမွေတော်ပရိယတ္တိစာသင်တိုက်နှင့် အောင်သပြေရပ်ကွက်နေပြည်သူများအတွက် များစွာအကျိုးကျေးဇူးကြီးလှပါသည်။

သို့ဖြစ်ပါ၍ ဒါယကာကြီး ဦးအောင်ကိုဝင်းနှင့် ဒါယိကာမကြီး ဒေါ်နန်းသန်းထွေး(ကမ္ဘောဇဘဏ်လီမိတက်နှင့် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း)မိသားစုတို့အား များစွာကျေးဇူးဥပကာရတင်ရှိပြီး၊ လှူဒါန်းမှုဒါနကုသိုလ်အတွက် ဝမ်းမြောက်နုမော် သာဓုသာဓုသာဓုခေါ်ဆိုလျက် ဒါယကာ၊ ဒါယိကာမကြီး မိသားစုနှင့်တကွ ဤရေအလှူတော်နှင့် စပ်ဆိုင်သူအားလုံး ကျန်းမာချမ်းသာကြ၍ ကောင်းကျိုးလိုအင်ဟူသမျှ ပြည့်စုံကြစေရန် ဆရာတော်နှင့်တကွ အောင်သပြေရပ်ကွက်ပြည်သူများက ဆုတောင်းမေတ္တာပို့သလျက် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**ဦးဣန္ဒာဝုဓ**
**(နာယကဆရာတော်)**
**ကူကြိုးပရိယတ္တိစာသင်တိုက်**
**နှင့်**
**အောင်သပြေရပ်ကွက်ပြည်သူများ**
**တောင်ကြီးမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း။**

# အထူးဝမ်းမြောက်ကျေးဇူးတင်ရှိခြင်း

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့ရှိ စဝ်စံထွန်းဆေးရုံကြီး၌ ခွဲစိတ်ခန်းများ၊ လူနာဆောင်များနှင့် ဆေးရုံတက်ရောက်နေကြသော လူနာများအတွက်လည်းကောင်း၊ ဆေးရုံကြီး၌ တာဝန်ထမ်းဆောင်နေကြသော အရာထမ်း၊ ဝန်ထမ်းမိသားစုများ၏ နေအိမ်များ၌လည်းကောင်း လိုအပ်နေသည့် သန့်ရှင်းသောသောက်သုံးရေများ လုံလောက်စွာ ရရှိစေရန်နှင့် အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရန်အတွက် စက်ရေတွင်းတူးဖော်ပေးခြင်း၊ ရေပိုက်လိုင်းများ ရေတိုင်များ သွယ်တန်းပေးခြင်းစသည့် စေတနာ သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းပေးခြင်းများအတွက် ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် ဇနီး ကမ္ဘောဇဘဏ်လီမိတက် ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသန်းထွေး မိသားစုအား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**ဆေးရုံအုပ်ကြီးနှင့် အရာထမ်း၊ ဝန်ထမ်းများ**
**စဝ်စံထွန်းဆေးရုံကြီး**
**ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့။**

# မော်တော်ယာဉ်ဥပဒေပြဋ္ဌာန်း

**ယမန့်နေ့မှအဆက်**

၅၄။ မည်သူမျှ အောက်ပါတစ်ခုခုကို မပြုလုပ်ရ-
(က) ယာဉ်အကူလက်မှတ်မရှိဘဲ ယာဉ်အကူအဖြစ် ပါဝင်ဆောင်ရွက်ခြင်း၊
(ခ) စိတ်ဖြစ်စေ၊ ကိုယ်ဖြစ်စေ မော်တော်ယာဉ်ကို မောင်းနှင်ရန် သင့်လျော်ခြင်းမရှိသည့်အခါ မောင်းနှင်ခြင်း၊
(ဂ) သတ်မှတ်ထားသည့် ဝန်တင်အားထက်ပိုသော မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊
(ဃ) မော်တော်ဆိုင်ကယ်ကို စီးနင်းစဉ် မော်တော်ဆိုင်ကယ်ဦးထုပ်ကို မေးသိုင်းကြိုး သေချာစွာတပ်၍ မောင်းနှင်မှုမပြုခြင်း၊
(င) သတ်မှတ်ထားသည့် မော်တော်ယာဉ်ကိုမောင်းနှင်စဉ် ယာဉ်မောင်းနှင့် လိုက်ပါစီးနင်းသူများသည် အသက်ကယ်ထိုင်ခုံခါးပတ်ကို တပ်ဆင်မှုမပြုခြင်း၊
(စ) ခြေကျင် လမ်းကူးနေရာနှင့်သက်ဆိုင်သည့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဆန့်ကျင်၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊
(ဆ) ဥပဒေနှင့်အညီ အခွင့်အာဏာမရှိဘဲ သို့မဟုတ် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ မော်တော်ယာဉ်၏ မူလအမျိုးအမည်၊ ရုပ်သဏ္ဍာန် ပျက်ပြားစေသည်အထိ ပြုပြင်ပြောင်းလဲခြင်း သို့မဟုတ် စက်ကိရိယာတစ်စိတ်တစ်ဒေသကို ပြုပြင်ပြောင်းလဲခြင်း သို့မဟုတ် မော်တော်ယာဉ်စစ်ဆေးချက် သက်သေခံလက်မှတ်ပါ အနေအထားများကို ပြုပြင်ပြောင်းလဲခြင်း၊
(ဇ) မော်တော်ဆိုင်ကယ်ကို နောက်ကြည့်မှန် သို့မဟုတ် အိတ်ဇောရှိ အသံထိန်းကိရိယာ မပါဘဲ မောင်းနှင်ခြင်း။

၅၅။ မော်တော်ယာဉ်လက်ဝယ်ရှိသူ မည်သူမျှ အောက်ပါတစ်ခုခုကို မပြုလုပ်ရ-
(က) မော်တော်ယာဉ် ပေးကမ်းခြင်းနှင့် ရောင်းချခြင်းတို့တွင် မော်တော်ယာဉ် ပေးကမ်းသည့် နေ့ရက် သို့မဟုတ် အရောင်းအဝယ် စာချုပ်ချုပ်ဆိုသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း မှတ်ပုံတင်သူ အမည်ပြောင်းလဲပေးနိုင်ရေးအတွက် လျှောက်ထားရန် ပျက်ကွက်ခြင်း၊
(ခ) အမွေဆက်ခံခြင်းဖြင့် မော်တော်ယာဉ် ပိုင်ဆိုင်ခွင့်ရရှိသူသည် မှတ်ပုံတင်သူအမည် ပြောင်းလဲပေးရန် တရားဝင်ပိုင်ဆိုင်ခွင့်ရရှိသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားရန် ပျက်ကွက်ခြင်း၊
(ဂ) မှတ်ပုံတင်သူ အမည်ပြောင်းလဲပေးရန် လျှောက်ထားရာတွင် မော်တော်ယာဉ်ပေးကမ်းခြင်းနှင့် ရောင်းဝယ်ခြင်းစာချုပ်၌ အချက်အလက်တစ်စုံတစ်ရာကို မမှန်မကန်ဖော်ပြခြင်း၊ ပြင်ဆင်ခြင်း၊ ချန်လှပ်ခြင်းနှင့် စာချုပ်ချုပ်ဆိုသည့်နေ့ရက်ကို မမှန်မကန်ဖော်ပြခြင်း။

၅၆။ မည်သူမျှ ဦးစီးဌာနက ထုတ်ပေးသည့် စာတမ်းအမှတ်အသားကို သက်ဆိုင်ခြင်းမရှိသည့် မော်တော်ယာဉ်တွင် ပြောင်းလဲသုံးစွဲခြင်း သို့မဟုတ် သုံးစွဲစေခြင်းမပြုရ။

၅၇။ မည်သူမျှ အခြားသူတစ်ဦးဦး၏ ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလက်မှတ်ကို အသုံးပြု၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း သို့မဟုတ် ယာဉ်အကူအဖြစ် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။

**အခန်း(၁၀)**
**ပြစ်ဒဏ်များ**

၅၈။ (က) မည်သူမဆို ပုဒ်မ ၄၅၊ ပုဒ်မ ၄၆၊ ပုဒ်မ ၄၇ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၄၈ ၊ ပုဒ်မ ၄၉ နှင့် ပုဒ်မ ၅၀ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။
(ခ) မည်သူမဆို ပုဒ်မ ၅၀ ပုဒ်မခွဲ (က) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။
(ဂ) ပုဒ်မခွဲ (က) ပါတားမြစ်ချက်တစ်ရပ်ရပ်ကို တစ်နှစ်အတွင်း ထပ်မံကျူးလွန်လျှင် ထပ်မံကျူးလွန်သော ပြစ်မှုအတွက် သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၉။ မည်သူမဆို ပုဒ်မ ၅၁ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၀။ မည်သူမဆို ပုဒ်မ ၅၂ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် ၁၀ သိန်း ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၁။ မည်သူမဆို ပုဒ်မ ၅၃ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၂။ မည်သူမဆို ပုဒ်မ ၄၇ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၄ နှင့် ပုဒ်မ ၅၇ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၃။ မော်တော်ယာဉ်လက်ဝယ်ရှိသူ မည်သူမဆို ပုဒ်မ ၅၅ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၄။ မည်သူမဆို ပုဒ်မ ၅၆ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၅။ မည်သူမဆို ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၆။ မည်သူမဆို ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေတစ်ခုခုအရဖြစ်စေ ပြစ်ဒဏ်ထိုက်သော ပြစ်မှုကိုကျူးလွန်ရန် အားပေးကူညီလျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

**အခန်း(၁၁)**
**လျော်ကြေးငွေပေးဆောင်ခြင်း**

၆၇။ မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ခုခုကြောင့် တစ်ဦးတစ်ယောက်သောသူသည် ရာဇသတ်ကြီး ပုဒ်မ ၂၇၉၊ ပုဒ်မ ၃၃၇၊ ပုဒ်မ ၃၃၈ သို့မဟုတ် ပုဒ်မ ၃၀၄-က အရ ပြစ်မှုထင်ရှား စီရင်ခံရ၍ ထိုပြုလုပ်သည့် သို့မဟုတ် ပျက်ကွက်သည့်ကိစ္စကြောင့် ပစ္စည်းတစ်ခုခု ပျက်စီးဆုံးရှုံးလျှင် တရားရုံးသည် ယင်းပစ္စည်းပျက်စီးဆုံးရှုံးမှုအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-
(က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းပိုင် ပစ္စည်းတစ်ခုခုပျက်စီးလျှင် အဆိုပါပစ္စည်းကို ပြုပြင်ရန် သို့မဟုတ် အစားထိုးရန် လုံလောက်သည့် လျော်ကြေးငွေပေးစေရန် အမိန့်ချမှတ်ခြင်း၊
(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်ပစ္စည်းမှအပ အခြားပစ္စည်းတစ်ခုခုပျက်စီးလျှင် ပစ္စည်းပိုင်ရှင်နှင့် ပြစ်မှုကျူးလွန်သူနှစ်ဖက်သဘောတူညီမှုမရပါက အဆိုပါပစ္စည်းကို ပြုပြင်ရန် သို့မဟုတ် အစားထိုးရန်လုံလောက်သည့် လျော်ကြေးငွေပေးစေရန် အမိန့်ချမှတ်ခြင်း၊
(ဂ) ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ) အရ ချမှတ်သည့် လျော်ကြေးငွေကို ပေးရန် ပျက်ကွက်လျှင် အဆိုပါလျော်ကြေးငွေကို ဝင်ငွေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၆၈။ ပုဒ်မ ၆၇ အရ ချမှတ်သည့်အမိန့်သည် နစ်နာသူက တရားမမှုစွဲဆိုခွင့်ကို ပိတ်ပင်ခြင်းမရှိစေရ။

**အခန်း(၁၂)**
**စည်းကမ်းထိန်းသိမ်းခြင်းနှင့် အရေးယူခြင်း**

၆၉။ ဝန်ကြီးဌာနသည် ဤဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်သူများအား စစ်ဆေးအရေးယူရန် ဦးစီးဌာနကိုသော်လည်းကောင်း၊ ဦးစီးဌာနမှသင့်လျော်သည့် အရာရှိတစ်ဦးဦး ကိုသော်လည်းကောင်း တာဝန်ပေးအပ်နိုင်သည်။

၇၀။ (က) ရဲဝတ်စုံဝတ်ထားသည့် ရဲအရာရှိသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် မော်တော်ယာဉ် မောင်းနှင်သူအား ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်-
(၁) အရက်သေစာ မူးယစ်သောက်စား၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊
(၂) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သုံးစွဲ၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊
(၃) ဘေးအန္တရာယ်ဖြစ်စေနိုင်သည်အထိ မော်တော်ယာဉ်ကို အရမ်း သို့မဟုတ် ပေါ့လျော့စွာ မောင်းနှင်ခြင်း၊
(၄) ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် မော်တော်ယာဉ်ကို မောင်းနှင်ခြင်း။
(ခ) အရက်သေစာသောက်စား၍ မူးယစ်နေစဉ် မော်တော်ယာဉ်မောင်းနှင်ခြင်းနှင့်စပ်လျဉ်း၍ ထိုသို့ ဖမ်းဆီးခံရသည့်သူတစ်ဦးဦးကို သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း စစ်ဆေးပြီး အချုပ်မှလွှတ်ရမည်။

၇၁။ (က) ရဲဝတ်စုံဝတ်ဆင်ထားသည့် ရဲအရာရှိသည် အောက်ပါတစ်ဦးတစ်ယောက်သော သူကို ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်-
(၁) ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သို့မဟုတ် ဤဥပဒေအရပြုသည့် နည်းဥပဒေများအရ အမည်နှင့်နေရပ် ဖော်ပြစေလိုပါလျက် မဖော်ပြလိုဟု ငြင်းဆိုသူ သို့မဟုတ် ထိုရဲအရာရှိက မမှန်ဟုယုံကြည်ရန်အကြောင်းရှိသော အမည်နှင့်နေရပ် ဖော်ပြသူ၊
(၂) ဤဥပဒေအရဖြစ်သောပြစ်မှု သို့မဟုတ် ဤဥပဒေအရပြုသည့် နည်းဥပဒေများအရဖြစ်သောပြစ်မှုတစ်ခုခုတွင် ပါဝင်သက်ဆိုင်၍ သို့မဟုတ် ပါဝင်သက်ဆိုင်သည်ဟု သင်္ကာမကင်းဖွယ်ရာ အကြောင်းရှိ၍ ထွက်ပြေးတိမ်းရှောင်မည်ဟု သို့မဟုတ် သမ္မန်စာချအပ်ခြင်းမခံရအောင် အခြားနည်းရှောင်ရှားနေမည်ဟု အဆိုပါရဲအရာရှိက ယုံကြည်ရန်အကြောင်းရှိသောသူ၊
(ခ) ရဲအရာရှိသည် မော်တော်ယာဉ်မောင်းနှင်သူအား ဝရမ်းမပါဘဲ ဖမ်းဆီးလျှင် မော်တော်ယာဉ်ကို လုံခြုံစွာ ယာယီထိန်းသိမ်းထားရန် လိုအပ်ပါက မိမိသင့်သည်ဟု ထင်မြင်ယူဆသည့်အတိုင်း အရေးယူဆောင်ရွက်နိုင်သည် သို့မဟုတ် အရေးယူဆောင်ရွက်စေနိုင်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် မော်တော်ယာဉ်ကို ရွှေ့ပြောင်းနေရာချထားရန် လိုအပ်ပါက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရန် ဆောင်ရွက်ရမည်။

၇၂။ (က) ရဲအရာရှိ သို့မဟုတ် ဝန်ကြီးဌာနက တာဝန်ပေးအပ်သည့် ဦးစီးဌာနမှ အရာရှိသည် ဤဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်သည့် ယာဉ်မောင်းသူ လက်ရှိထားသော ယာဉ်မောင်းလိုင်စင်ကို သိမ်းယူနိုင်သည်။ ယင်းသို့သိမ်းယူလျှင် ယာဉ်မောင်းလိုင်စင်သိမ်းယူကြောင်း အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရမည်။
(ခ) ယာဉ်မောင်းလိုင်စင်သိမ်းယူကြောင်း အသိအမှတ်ပြုလက်မှတ်ဖြင့် မော်တော်ယာဉ်ကို နေထိုင်ရာ ဥပစာသို့ပြန်လည်ယူဆောင်ရန် အတွက်သာ ယာဉ်မောင်းနှင်ခွင့်ရှိသည်။

၇၃။ ရဲအရာရှိကဖြစ်စေ၊ ဝန်ကြီးဌာနက တာဝန်ပေးအပ်ခြင်းခံရသည့် ဦးစီးဌာနမှ အရာရှိကဖြစ်စေ မော်တော်ယာဉ် မှတ်ပုံတင်သက်သေခံလက်မှတ်၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလက်မှတ်၊ မော်တော်ယာဉ် စစ်ဆေးချက် သက်သေခံလက်မှတ်များကို စစ်ဆေးရာတွင် ယင်းလက်မှတ်များမှာ အစစ်အမှန်မဟုတ်ကြောင်း ယုံကြည်ရန်အကြောင်းရှိလျှင် အဆိုပါသက်သေခံ အထောက်အထားများကို သိမ်းယူနိုင်သည်။

၇၄။ ရဲအရာရှိ သို့မဟုတ် ဦးစီးဌာနမှအရာရှိသည် အများပြည်သူဆိုင်ရာနေရာတွင် အောက်ပါ မော်တော်ယာဉ်အား စစ်ဆေးတွေ့ရှိလျှင် ယင်းမော်တော်ယာဉ်ကို ယာယီထိန်းသိမ်းနိုင်ရန် အနီးဆုံးရဲစခန်းတွင် အပ်နှံရမည်-
(က) မှတ်ပုံတင်ထားခြင်းမရှိသော မော်တော်ယာဉ်၊
(ခ) မှတ်ပုံတင်ဖျက်သိမ်းထားပြီးသော မော်တော်ယာဉ်။

**အခန်း(၁၃)**
**နည်းဥပဒေများထုတ်ပြန်ရာတွင် ပါဝင်ရမည့်ကိစ္စရပ်များ**

၇၅။ ဝန်ကြီးဌာနသည် နည်းဥပဒေများ ထုတ်ပြန်ရာတွင် အောက်ပါကိစ္စတစ်ခုခုဖြစ်စေ၊ အားလုံးဖြစ်စေ ပါဝင်စေရန် ဆောင်ရွက်ရမည် -
(က) မော်တော်ယာဉ် မှတ်ပုံတင်ခြင်းနှင့်သက်ဆိုင်သည့်ကိစ္စ၊
(ခ) မော်တော်ယာဉ်စစ်ဆေးခြင်းနှင့်သက်ဆိုင်သည့်ကိစ္စ၊
(ဂ) မော်တော်ယာဉ်တည်ဆောက်ခြင်း၊ နောက်တွဲယာဉ်တည်ဆောက်ခြင်း၊ ကိရိယာတန်ဆာပလာ တပ်ဆင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာကိစ္စ၊
(ဃ) မော်တော်ယာဉ်အမျိုးအစား၊ အလေးချိန်နှင့် တင်ဆောင်သည့်ဝန်သတ်မှတ်ခြင်းကိစ္စ၊
(င) မော်တော်ယာဉ် ထုတ်လုပ်ခြင်း၊ မော်တော်ယာဉ် ရောင်းချခြင်း၊ မော်တော်ယာဉ် တည်ဆောက်တပ်ဆင်ခြင်းနှင့် မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာကိစ္စ၊
(စ) မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းဆိုင်ရာကိစ္စ၊
(ဆ) လမ်းအသုံးပြုသူများ သွားလာမှုလွယ်ကူချောမွေ့စေရန်နှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကိစ္စ၊
(ဇ) မော်တော်ယာဉ်ကြောင့် မတော်တဆထိခိုက်မှု ဖြစ်ပွားသည့်အခါ ရဲအရာရှိ၊ မော်တော်ယာဉ် မောင်းနှင်သူနှင့် မော်တော်ယာဉ်အတွက် တာဝန်ရှိသူဆောင်ရွက်ရမည့်ကိစ္စ၊
(ဈ) ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပွားစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာသုံး ပို့ဆောင်ရေးစနစ်ကို ထိရောက်စွာအသုံးပြုရေးကိစ္စ၊
(ည) မော်တော်ယာဉ်ကြောင့်ဖြစ်ပေါ်သော သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေရေးကိစ္စ၊
(ဋ) ယာဉ်မောင်းလိုင်စင် ထုတ်ပေးရန် စစ်ဆေးခြင်းကိစ္စ၊
(ဌ) ယာဉ်အကူလက်မှတ် ထုတ်ပေးရန် စစ်ဆေးခြင်းကိစ္စ၊
(ဍ) မော်တော်ယာဉ်မောင်းသင်တန်းကျောင်းဆိုင်ရာကိစ္စ၊
(ဎ) စီးပွားရေးလုပ်ငန်းသုံး မော်တော်ယာဉ် စည်းကမ်းထိန်းသိမ်းရေးကိစ္စ၊
(ဏ) မော်တော်ယာဉ်သွားလာမှုဆိုင်ရာ စည်းကမ်းထိန်းသိမ်းရေးကိစ္စ၊
(တ) ခြေကျင်လျှောက်သူများ လိုက်နာရန် စည်းကမ်းများကိစ္စ၊
(ထ) စက်ဘီးစီးသူများလိုက်နာရန် စည်းကမ်းများကိစ္စ၊
(ဒ) အချက်ပြအထိမ်းအမှတ်များနှင့် အချက်ပြကိရိယာများဆိုင်ရာကိစ္စ၊
(ဓ) လမ်းညွှန်း၊ လမ်းအမှတ်အသားနှင့် လမ်းအချက်ပြများဆိုင်ရာကိစ္စ၊
(န) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် ရည်ရွယ်၍ လက်ယာကပ် မောင်းစနစ်နှင့် ကိုက်ညီသည့် ဘယ်မောင်းယာဉ်များသာ အသုံးပြုနိုင်ရေးကိစ္စ၊
(ပ) မော်တော်ယာဉ်တွင် အသက်ကယ်လေအိတ်များ ပါရှိစေရေးကိစ္စ၊
(ဖ) အသက်ကယ်ထိုင်ခုံခါးပတ် တပ်ဆင်မောင်းနှင်ရေးကိစ္စ၊
(ဗ) ကလေးသူငယ် အန္တရာယ်ကင်းရှင်းရေး ထိုင်ခုံသုံးစွဲရေးကိစ္စ၊
(ဘ) မော်တော်ဆိုင်ကယ်စီးဦးထုပ်ဆောင်း၍ မောင်းနှင်ရေးနှင့် စီးနင်းရေးကိစ္စ၊
(မ) မော်တော်ယာဉ်မောင်းနှင်စဉ် လက်ကိုင်ဖုန်းအသုံးမပြုရေးကိစ္စ၊
(ယ) ဤဥပဒေအရ ပေးဆောင်ရမည့် အခကြေးငွေများနှင့် သက်ဆိုင်သည့်ကိစ္စ၊
(ရ) ဤဥပဒေအရ ပေးဆောင်ရမည့် အခကြေးငွေများမှ ကင်းလွတ်ခွင့်ပေးရေးကိစ္စ၊
(လ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုခုမှ ကင်းလွတ်ခွင့်ပေးရေးကိစ္စ၊
(ဝ) ဤဥပဒေအရ တင်သွင်းနိုင်သည့် အယူခံအမှုများနှင့်သက်ဆိုင်သောကိစ္စ၊

**စာမျက်နှာ ၁၆ သို့**

အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

**ယမန်နေ့မှအဆက်**

ကရာနီဆိုင်သို့ ပြေးရန်မှာလည်း အကြွေး အစိတ်ရှိနေပြီး ဖြစ်သောကြောင့် မျက်နှာပူ၏။

သက်ခိုင်သည် ဆာလောင်ခြင်းကို သည်းခံ၍ နောက်ဆုံး လက်ကျန်ဆေးပေ့ါလိပ်တစ်ခုကို ဖွာရင်း စာကြိုးစားကြည့် နေ၏။

ယုမောင်ကမူ ဘိုင်ကျသဖြင့် အပြင်လည်း မထွက်နိုင်။ စာကြည့်ချင်စိတ်လည်းမရှိဆိုကာ ခုတင်ပေါ်၌ အိပ်နေ၏။

သို့ရာတွင် မကြာမီပင် ထွန်းငွေနှင့် ကျောင်းသားတစ်ဦး ပေါ်လာကြကာ ယုမောင်ကို နှိုးသည်။

ထွန်းငွေနှင့် ပါလာသော ကျောင်းသားကား နေ့ကျောင်း သားတစ်ဦးဖြစ်သည်။ သူ့ကို ကိုလှဖေ၏ အခန်း၌ မကြာ ခဏ သက်ခိုင်တွေ့ဖူး၏။ နာမည်က ကဗျာဆန်ဆန် 'မိုးမြင့်' ဟု ဖြစ်သည်။ နိုင်ငံရေးကျောင်းသားတစ်ဦးလည်း ဖြစ် ၏။

မိုးမြင့်သည် သက်ခိုင်ကို မြင်ဖူး၊ တွေ့ဖူးသူ ဖြစ်သော ကြောင့် ပြုံးနှုတ်ဆက်သည်။ ထွန်းငွေကမူ ထိုအချိန်၌ သက်ခိုင်နှင့် အတော်ပင် ရင်းနှီး ခင်မင်နေပြီဖြစ်သော ကြောင့် စကားဆို၏။

"စာကျက်လှချေလား ကိုသက်ခိုင်ရ"

"ဟုတ်တယ်. . . နှစ်ဝက်စာမေးပွဲ ရှိနေတာနဲ့"

"အင်း. . . အခုလို အချိန်ကြီးမှာ စာကျက်နိုင်တဲ့ ကျောင်းသားတွေကိုတော့ ချီးကျူးသဗျို့"

"နို့. . . ဘယ်အချိန်ဖြစ်ဖြစ် ကျောင်းသားက စာမကျက် ဘဲ ဘာလုပ်ရမလဲ ကိုထွန်းငွေရ"

ထွန်းငွေသည် ရှိုက်သံနှင့် တဟက်ဟက် ရယ်လိုက်ပြီး ဝေဖန်သည်။

"ကျောင်းသားဆိုတာ စာကျက်ရတယ် ဆိုတာတော့ မှန်ပါရဲ့၊ ဒါပေမဲ့ အခုလို အချိန်မှာ ခင်ဗျားတို့ စာကျက် နေတာဟာ ရောမမြို့ကြီး မီးလောင်နေတုန်း နီရိုးဘုရင်က စောင်းတီး သီချင်းဆိုနေတာနဲ့ မတူဘူးလား"

ခေတ်မသိခင်ကဆိုလျှင် ထွန်းငွေက ပြောပုံမှာ ရန်ဖြစ် ပေါက်ဖြစ်၏။

သူ့ခေတ်ကို သိနေပြီးဖြစ်သောကြောင့် သက်ခိုင်က လေအေးနှင့်သာ ဖြေသည်။

"တူနေမလားတော့ မသိဘူး၊ ဒါပေးမဲ့ မီးရှို့တာက ကျွန် တော်တို့မှ မဟုတ်ဘဲ၊ မီးရှို့သူတွေကိုလည်း ဝေဖန်ဦးမှ ပေ့ါ ကိုထွန်းငွေရ"

"အဟဲ ဟဲ . . . ဝေဖန်မှာပါပဲ၊ အခု လာတာကလည်း အဲဒီကိစ္စတွေကို ဝေဖန်ဆွေးနွေးမလို့၊ ခင်ဗျား နားထောင် မလား"

သက်ခိုင်သည် သူ့စာအုပ် သူကောက်ယူကာ နေရာမှ ထ၏။ ဤရက်များအတွင်း ထွန်းငွေနှင့် ယုမောင်တို့ မကြာ ခဏ ဆွေးနွေးကြသည်ကို သက်ခိုင် တွေ့ဖူးလှပြီ။ တစ်ခါ တစ်ခါ ဆွေးနွေးလျှင် အလွန်ကြာ၏။ နု-အက်တလီချုပ်၊ လကျ်ာ-ဖရီးမင်းစာချုပ်၊ လက်ဝဲညီညွှတ်ရေး၊ လက်နက် ကိုင် တော်လှန်ရေး၊ သိန်းဖေ၏ ဘရော့ဒ်ဒါဝါဒ(ထွန်းငွေတို့ အဆို)စသည်ဖြင့် အကြောင်းကြီး အရာကြီးများ ဖြစ်ကြပြီး လေကြီးမိုးကြီး ကိန်းကြီး ခန်းကြီးနိုင်၏။

ယခု မိုးမြင့်ပါ ပါလာသော်. . . ဘယ်အထိ ရောက်ကြဦး မည် မသိ။

ထို့ကြောင့် သက်ခိုင်သည်-

"နားမထောင်တော့ပါဘူးဗျာ၊ ခင်ဗျားတို့ဘာသာ ဆွေးနွေးကြ၊ ကျွန်တော်တော့ ပြေးပြီဗျို့"ဟု ဆို၍ စာအုပ် ပိုက် ထွက်လာခဲ့၏။

သက်ခိုင်သည် အပေါ်ထပ်မှ ဆင်းလာပြီး ကိုမြင့်သောင်း ၏ အခန်းသို့သွား၏။ ကိုမြင့်သောင်းသည် စာဂျပိုးဖြစ်သော ကြောင့် သူ့အခန်း၌ စာသွားကျက်လျှင် အနှောင့်အယှက် ကင်းသည်။

သက်ခိုင် ရောက်သွားသောအခါ ကိုမြင့်သောင်း၏ အခန်းတွင်း၌ ကိုမြင့်သောင်းက ခရီးဦးကြိုဆိုသည်။

"လာဟေ့ ဖိုးသက်ခိုင်၊ စာကျက်လို့ မရလို့ လစ်ခဲ့တာ မဟုတ်လား၊ အေး. . . ခုတင်ပေါ်မှာကြည့်၊ ကိုယ်လည်း တံခါးပိတ်ထားလိုက်မယ်"

ကိုမြင့်သောင်းသည် အခန်းတံခါးကို စေ့ပိတ်လိုက်၏။

သက်ခိုင်သည် ကိုမြင့်သောင်းတည်သော မန္တလေး နဂါးဆေးပေ့ါလိပ်တစ်လိပ်ကို ကျေးဇူးတင်စွာ မီးညှိဖွာရင်း ခုတင်ပေါ်၌ မှောက်၍ စာဆက်ကျက်သည်။ ကိုမြင့်သောင်း နှင့် စံရွှေက စားပွဲ၌ထိုင်ရင်း ရူပဗေဒပုစ္ဆာ တစ်ပုဒ်ကို တိုးတိုးတိတ်တိတ် တိုင်ပင်ရှင်းလင်း အဖြေရှာနေကြ ၏။

နာရီဝက်ခန့်အကြာ၌ တံခါးလာခေါက်သံကြားရ၏။ ကိုမြင့်သောင်းက လှမ်းမေးသည်။

"ဘယ်သူလဲ"

"ကိုပါဟ. . . ရှနက်ရ၊ စောလွင်ပါ၊ မောင်ရင့်အခန်းထဲ သက်ခိုင်ရှိသလားလို့"

ကိုမြင့်သောင်းက တံခါး ထဖွင့်ပေးသည်။ သက်ခိုင်က လည်း လှမ်းကြည့်၏။ တံခါးပွင့်သွားသောအခါ ကိုစောလွင် ဝင်လာ၏။ သူ့နောက်မှ ဦးချစ်တိုး ပါလာသည်။

"ဟောဒီမှာ သက်ခိုင် . . . မင်းကို တွေ့ချင်လို့တဲ့၊ ယုမောင်က တို့ဆီညွှန်လိုက်လို့"

ဦးချစ်တိုးကလည်း ဝင်ပြော၏။

"ဟုတ်တယ် သက်ခိုင်၊ မင့်အခန်းမှာ မင့်ကို မတွေ့လို့ လာ. . . လိုက်ခဲ့၊ နွယ်လည်းပါတယ်"

"ဟင်. . . မမနွယ်လည်းပါတယ်. . . ဘယ်မှာလဲ"

"ကားထဲမှာပေ့ါ"

သက်ခိုင်သည် သူငယ်ချင်းကိုပင် နှုတ်မဆက်အားဘဲ ဦးချစ်တိုးနောက်မှ လိုက်လာခဲ့သည်။

ငွေရောင်စတူဒီဗေကာကားသည် ထမင်းစားခန်းမကြီး ၏ ရှေ့တည့်တည့်လမ်းပေါ်၌ ရပ်ထား၏။ ကားနောက်ခန်း တွင် မလေးနွယ် ထိုင်နေ၏။

သက်ခိုင်က ကားပြတင်နား ကပ်သွားပြီး မလေးနွယ်ကို နှုတ်ဆက်၏။

"ကြည့်စမ်း. . . မမနွယ်၊ ဘာလာလုပ်တာလဲ"

မလေးနွယ်သည် အေးချမ်းစွာ ပြုံးပြီး တည်ငြိမ်စွာ ဆို ၏။

"မောင်ကို မမနွယ် လာခေါ်တာလေ၊ လာလိုက်ခဲ့ မောင်"

သက်ခိုက်သည် ဘာပြန်ဖြေရမှန်းမသိ။ ပတ်ဝန်းကျင်ကို မူ လှည့်ကြည့်မိသည်။

အဆောင် အောက်ထပ် အခန်းများမှ ကျောင်းသား ဆယ်ဦးခန့်သည် သူတို့အား ဝိုင်းကြည့်နေကြသည်။

သူတို့ထဲတွင် ကိုမြင့်သောင်း၊ ကိုစံရွှေ၊ ကိုစောလွင် သာမက ကိုလေးမောင်ပါ ပါဝင်နေ၏။

သက်ခိုင်သည် သက်ပြင်းရှိုက်ပြီး ပြုံး၍ ဖြေသည်။

"မမနွယ်. . ခဏနေဦး၊ မောင် အဝတ်အစားသွားလဲ လိုက်ဦးမယ်"

"လဲမနေနဲ့တော့၊ လဲရင်လည်း အဘိုးကြီးအိုလို ဝတ်လာ ဦးမယ်၊ အခုလို အင်္ကျီလက်တိုနဲ့က ကြည့်ကောင်းတယ်၊ ပြီးတော့ မမနွယ်တို့မှာ အချိန်မရှိဘူး၊ မြန်မြန်တက်"

ပြောပြောဆိုဆိုနှင့် မလေးနွယ်က ကားနောက်ခန်း တံခါးကို အတွင်းမှ ဖွင့်ပေး၏။

မည်သို့မျှ မတတ်နိုင်သော သက်ခိုင်က ကားတွင်းသို့ ဝင်လိုက်ရ၏။

ကားထွက်လာပြီး ပြည်လမ်းပေါ် ရောက်သောအခါ မလေးနွယ်သည် ကျေနပ်နှစ်သိမ့်စွာနှင့် လက်ခုပ် ကလေး တီး၍ ရယ်၏။

"မမနွယ်. . ဘာရယ်တာလဲ"

"မမနွယ်ကိုယ်ကို မမနွယ် သဘောကျလို့ ရယ်တာပေ့ါ၊ ကဲ. . . အခု မောင် ဘာတတ်နိုင်သေးသလဲ"

သက်ခိုင်သည် ထုံးစံအတိုင်း သူ့အစ်မကို အရှုံးပေးလိုက် ပြီး အတူတကွ လိုက်ရယ်သည်။ ဤသို့ ရယ်လိုက်ရသော အခါ သူ့ရင်မှာ ပေ့ါပါးသွားပြန်၏။ အတန်ကြာမှ သူက မေး သည်။

"မောင် ပြန်ပို့လိုက်တဲ့ ငွေကို မမနွယ် ရသလား"

ရယ်မောနေသော မလေးနွယ်၏ မျက်နှာလေးသည် မညှိုးသည် တိုင်စေ လျှော့ကျ တည်ကြည်သွားသည်။

"ရပါတယ် မောင်၊ မောင့်မာနကို မမနွယ် သိပ်ချီးကျူး မိတယ်. . . သိလား၊ မမနွယ်ကို စိတ်မဆိုးနဲ့နော်၊ မမနွယ် က မှားမိသူကိုး၊ မမနွယ်ကိုခွင့်လည်းလွှတ်ဦး. . နော် မောင်"

"မောင့်ကို ဘာလို့ပြောရတာလဲ မမနွယ်၊ မောင်က ဘာလို့စိတ်ဆိုးရမှာလဲ၊ အမှန်က ဒီလိုသာ လုပ်ခဲ့ရတယ် . . မောင် ဘယ်လောက်စိတ်မကောင်းဖြစ်ရတယ် ဆိုတာကို မမနွယ်သိစေချင်တယ်"

"မမနွယ် ဘယ်လောက် စိတ်မကောင်းဖြစ်ရတယ်ဆိုတာ ကိုတော့ မောင် မသိချင်တော့ဘူးလား"

"ခက်တယ် မမနွယ်ရယ်. . . မမနွယ်ကြောင့် မောင် သိမ်ခက်တာပဲ၊ ဘာဖြစ်လို့ မမနွယ်က မောင့်အတွက် စိတ်မကောင်းရတာလဲ၊ ပြီးတော့ မောင်မှာလည်း ဘာမှ ပူစရာမရှိဘူး"

"မောင့်မှာ ဘာမှ ပူစရာမရှိဘူး၊ ဟုတ်လား. . . အဲဒါ တော့ မောင်မှသားပြောတာပဲ၊ ထားပါတော့လေ . . .

**(ဆက်လက်ဖော်ပြပါမည်။)**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**





BOSS
Laminate Flooring 100%
Ph : 09-5425251, 09-73225484

TAXI
AD-Van (ကားသစ်)
တစ်နေ့-၁သောင်း
(အိမ်ပေးမည်။)
ဖုန်း-၀၉-၂၆၀၇၉၉၇၉၆၊ ၀၉-၇၃၂၅၂၇၁၄

မီးသတိပြု

တန်တယ် ဝယ်ထား
ဒဂုံတောင်၊ စက်မှုဇုန်(၆၄)၊
အင်းတော်လမ်းမှာ
ရေ-မီး-စုံ(ပါဝါပါ)
အမြန်ရောင်းမှာ။
09 30047882





## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ လှိုင်ဈေးလမ်း၊ အိမ်အမှတ်(၈/စီ)နေ (ဘ)ဦးခင်မောင်လွင် [၁၂/တမန(နိုင်)၀၈၁၃၆၁]၊ (မိ)ဒေါ်ဖာသာမာဘီ[၁၀/မလမ(နိုင်)၁၈၂၆၂၈]ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

(ဘ)ဦးခင်မောင်လွင်နှင့် (မိ)ဒေါ်ဖာသာမာဘီတို့၏ သားကြီးဖြစ်သူ မောင်ဇော်ဝင်းထွဋ် [၁၀/မလမ(နိုင်)၂၃၆၉၂၅]သည် မိဘဆွေမျိုးသားချင်းများ၏ ဆိုဆုံးမမှုကို အကြိမ်ကြိမ် နာခံမှုမရှိဘဲ မိမိ၏သဘောဆန္ဒအလျှောက် နေအိမ်မှဆင်းသွားပါ၍ အမွေစား၊ အမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးတင်ထွန်း(စဉ်-၂၃၁၃၄)**
**အထက်တန်းရှေ့နေနှင့် ဥပဒေအကြံပေး**

ပြည်တွင်းရေးရာ

## ယာဉ်ကြောပိတ်ဆို့မှုကင်းရှင်းရေး မြဝတီမြို့တွင် ဆွေးနွေး

**မြဝတီ စက်တင်ဘာ ၁၀**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာပြီး အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်ကြောပိတ်ဆို့မှုကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်ပေါ်စေရေးအတွက် ပြည်သူများ ပူးပေါင်းဆောင်ရွက်သင့်သည်များ ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာဌာနများနှင့် တာဝန်ရှိသူများက ပြည်သူများအား အသိပညာပေးရှင်းလင်းပေးရန်လိုကြောင်းကို ပြောကြားခဲ့သည်။

ထို့အပြင် ၎င်းကလမ်းမများပေါ်တွင် ယာဉ်များဘေးချင်းကပ် ယှဉ်ရပ်မှုမရှိရေး၊ ယာဉ်မောင်းများ ယာဉ်စည်းကမ်း လိုက်နာရေး၊ ယာဉ်ကြံ့ခိုင်မှုအား အမြဲမပြတ် စစ်ဆေးရေး၊ စည်းကမ်းမလိုက်နာသည့် ယာဉ်ပိုင်ရှင်များနှင့် ယာဉ်မောင်းများအား ထိထိရောက်ရောက် အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုရှိစေရေးအတွက် ပညာပေးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်မည်ဖြစ်ပါကြောင်းနှင့် ပြည်သူများပါ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း ဆက်လက်ပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသည့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်၊ ခရိုင်ဥပဒေအရာရှိ ဦးစောသိန်းဖေမြင့်၊ ခရိုင်ပို့/ဆက်ဦးစီးမှူး ဦးအောင်မြင့်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမြင့်ကျော်၊ ယာဉ်ထိန်းတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်ယာဉ်စည်းကမ်း ထိန်းသိမ်းရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ယာဉ်အန္တရာယ်ကင်းဝေးရေး၊ ယာဉ်ကြောပိတ်ဆို့မှု ကာကွယ်ရေး အကြံပြုဆွေးနွေးခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

## မူးမြစ်ကူးတံတားချဉ်းကပ်လမ်း၌ ပါဝင်သောမြေများအား နစ်နာကြေးပေး

**ကန့်ဘလူ စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် မူးမြစ်ကူးတံတား(ကာဘိုး) တည်ဆောက်ရာ၌ ချဉ်းကပ်လမ်းတွင်ပါဝင်သွားသော ယာမြေသီးနှံနစ်နာကြေးနှင့် မြေလျော်ကြေးငွေ ပေးအပ်ပွဲကို စက်တင်ဘာ ၈ ရက်ညနေ ၄ နာရီကမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရွှေဘိုခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်မြေ အသုံးချမှုကော်မတီဥက္ကဋ္ဌ ဦးထူးလွင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဝင်းက နစ်နာကြေးနှင့် မြေယာလျော်ကြေးငွေ ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ခရိုင်လမ်းဦးစီးဌာနမှူးက ယာမြေများပေါ်ရှိ သီးနှံနစ်နာကြေးငွေကျပ် ၄၀ ဒသမ ၀၅ သိန်းကို ပေးအပ်ရာတောင်သူများကိုယ်စား တောင်သူဦးကျော်စိန်က လက်ခံရယူပြီး ယာမြေလျော်ကြေးငွေကျပ် ၁၂၀ ဒသမ ၁၅ သိန်းကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ပေးအပ်ရာတောင်သူများကိုယ်စား တောင်သူဦးချစ်အောင်က လက်ခံရယူသည်။

ယာမြေ ၈ ဒသမ ၀၁ ဧကတွင် လုပ်ကိုင်လျက်ရှိသော တောင်သူ ၃၂ ဦးအား လျော်ကြေးငွေများ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် အခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်လမ်းဦးစီးဌာနမှူး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်မြေအသုံးချမှု ကော်မတီဝင်များ၊ မြို့နယ်လမ်းဦးစီးဌာနမှူး ဦးရဲထွဋ်အောင်နှင့်ဝန်ထမ်းများ၊ဖိတ်ကြားထားသူများ၊ ကာဘိုးကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူများ တက်ရောက်ကြကြောင်းသိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## မွန်ပြည်နယ်၌ စက်မှုနှင့်အသက်မွေးပညာရှေ့လျားသင်တန်းဖွင့်လှစ်

**သထုံ စက်တင်ဘာ ၁၀**

မွန်ပြည်နယ် အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သည့် စက်မှုနှင့်အသက်မွေးပညာ ရွေ့လျားသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဖွင့်ပွဲအခမ်းအနားကို သထုံမြို့ သုဝဏ္ဏခန်းမ၌ စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသိန်းအောင် မွန်ပြည်နယ် လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးနိုင်လဝီအောင်တို့က သင်တန်းဖွင့်အမှာစကားပြောကြား၍ သင်တန်းဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါသင်တန်းတွင် အခြေခံလျှပ်စစ်ပညာသင်တန်း အသေးစားအင်ဂျင်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်းသင်တန်း၊ အခြေခံ သံဂဟေဆက်သင်တန်းများပါဝင်ပြီး သင်တန်းသား ၈၃ ဦးတက်ရောက်သင်ကြား၍ သင်တန်းကာလမှာ တစ်လဖြစ်သည်။

အဆိုပါသင်တန်းသို့ သထုံမြို့နယ်၊ ပေါင်မြို့နယ်၊ ဘီးလင်းမြို့နယ်၊ ကျိုက်ထိုမြို့နယ်တို့မှ သင်တန်းသားများ တက်ရောက်ကြမည်ဖြစ်ပြီး အခမ်းအနားသို့ သင်တန်းသားများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ **ခွန်(ဝင်းပ)**

## ဘားအံခြေတုလက်တုဆိုင်ရာပြန်လည်သန်စွမ်းရေးဌာနမှခြေတုတပ်ဆင်ပေးခြင်းများဆောင်ရွက်



**သံဖြူဇရပ် စက်တင်ဘာ ၁၀**

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတို့ပူးပေါင်းတာဝန်ယူမှုဖြင့် ဘားအံခြေတုလက်တုဆိုင်ရာပြန်လည်သန်စွမ်းရေးဌာနမှ အဖွဲ့ခေါင်းဆောင် ဦးစိုးထိုက်နှင့် ကျွမ်းကျင်ပညာရှင်အဖွဲ့သည် စက်တင်ဘာ ၈ ရက် နံနက်ပိုင်းမှစတင်၍ သံဖြူဇရပ်မြို့နယ် ပြည်သူ့ဆေးရုံဝင်းတွင် မြို့နယ်အတွင်းရှိ ခြေထောက်ပြတ်တောက်နေသူ ဝေဒနာရှင်များအား ခြေတုအသစ်တပ်ဆင်ပေးခြင်းနှင့် ယခင်ခြေတုတပ်ဆင်ထားသူများကို ပြင်ဆင်မွမ်းမံပေးခြင်းလုပ်ငန်းအား နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ခြေတုတပ်ဆင်ပေးရာတွင် ဝေဒနာရှင် အသစ်၊ အဟောင်း ၄၃ ဦးအပါအဝင် ချိုင်းထောက်၊ လက်ထောက်များပါ ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

ခြေတုလက်တုများပြန်လည်သန်စွမ်းရေးနှင့် တပ်ဆင်ပေးခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် သံဖြူဇရပ်မြို့နယ် ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာတင်ဌေး၊ မြို့နယ်ကြက်ခြေနီတပ်ရင်း ဒုတပ်ရင်းမှူးဦးစိုးမင်းနှင့် တပ်ဖွဲ့ဝင်များမှ ပံ့ပိုးကူညီပေးခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(မြို့နယ်ပြန်/ဆက်)**

ZSS
ဇမ္ဗူရွှေစင် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
အောက်တိုဘာ(၂၅)၊ နိုဝင်ဘာ(၈/၂၅)၊ ဒီဇင်ဘာ(၉/၂၃)၊ ဇန်နဝါရီ(၄/၁၈)၊ ဖေဖော်ဝါရီ(၈/၂၂)
Discount
E-mail: zambushwesin@gmail.com

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-6809893
09-6819020

ရွေးကောက်ပွဲဝင်မည့် နိုင်ငံရေးပါတီ အသီးသီးရှိ ကိုယ်စားလှယ်လောင်းများ နှင့် စိတ်ဝင်စားသူများအတွက်......
ရွေးကောက်ပွဲများ အောင်နိုင်ရေး (၂)
မဲဆွယ်စည်းရုံးရေး စီမံခန့်ခွဲမှုမဟာဗျူဟာနှင့်နည်းဗျူဟာများ
ဟိန်းလတ်
WINNING ELECTIONS
Political Campaign Management, Strategy & Tactics
စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါပြီ
ဆန်းစသော်တာ စာအုပ်ထုတ်ဝေရေး၊ ဖုန်း- ၀၉ ၃၃၃ ၄၂၆၀၈

ကံ့ကော်ရိပ်
2009 - 2015 Old Questions Essays and Letters
2002 - 2008 Old Questions Essays and Letters
Model Essays and Letters
151- Essays and Letters
(တွေးနည်း ⟷ ရေးနည်း) Essays and Letters
Selected Essays and Letters
Simplest Essays and Letters
Model Essays and Letters
(တွေးနည်း ⟷ ရေးနည်း) Essays and Letters
မူလတန်း ✓ အင်္ဂလိပ်စာပိုဒ်ရေးခြင်း (Paragraph Writing) Grade-5
✓ တုနှိုင်းမမီ စာစီစာကုံးများ (Model Essays)
Student's Review ■ Grade-9
Old Questions Ideal Essays and Letters
UTA (ရန်ကုန်တက္ကသိုလ်)
ဦးတင်ထွန်း (B.A- English)
Kyaw San Lin (The King's English)
ကောရီစ်စာပေ C/၃၄၊ နေကြာသာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၇၃၀၅၁၁၁၄၊ ၀၉၅၁၂၉၆၇၀၊ ၀၉၅၅၀၁၁၅၄ အမြို့မြို့အနယ်နယ်တွင်ဝယ်ယူရရှိနိုင်ပါသည်။

KMD Computer Centre
Microsoft Official Learning Partner
Microsoft အသိအမှတ်ပြု Network Engineering သင်တန်း နှင့် Software Engineering သင်တန်း
• ကွန်ပျူတာအခြေခံရှိသူတိုင်းတက်ရောက်နိုင်ပါသည်။
• သင်တန်းပြီးဆုံးပါက လုပ်ငန်းခွင်သင်တန်းတက်ရောက်နိုင်ပါသည်။
• အလုပ်အကိုင်လုပ်ငန်းခွင်ဝင်နိုင်ပါမည်။
Network Engineering တန်းခွဲသစ်များ
11 - SEP - 2015 5:40pm - 8:20pm (Mon to fri)
14 - SEP - 2015 7:00am - 9:40am (Mon to fri)
Software Engineering တန်းခွဲသစ်များ
3 - SEP - 2015 2:30pm - 5:30pm (Mon to fri)
22 - SEP - 2015 10:00am - 1:00pm (Mon to fri)
၁၇၄-၁၈၂၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၃၈၁၀၃၅၊ ၃၉၁၂၈၆၊ ၃၈၁၇၇၆။
၃၃၁၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။ ဖုန်း-၅၂၇၄၃၆၊ ၅၃၄၁၇၀၊ ၅၀၂၂၃၃။

# နယ်စပ်မြို့များရှိ လုပ်သားများအလုပ်အကိုင်ရရှိစေရန် သင်တန်းများဖွင့်လှစ်

**မြဝတီ စက်တင်ဘာ ၁၀**

အလုပ်သမားဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် လုပ်သားများ စွမ်းဆောင်ရည်မြင့်မားရေး အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းဆင်းပွဲကို စက်တင်ဘာ ၈ ရက် နံနက် ၁၀ နာရီက မြဝတီမြို့နယ် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန သောင်ရင်းခန်းမတွင် ကျင်းပခဲ့သည်။

ထိုင်းနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံဖြစ်သော မြန်မာနိုင်ငံ နယ်စပ်မြို့များရှိ လုပ်သားများ စွမ်းဆောင်ရည်မြင့်မားပြီး အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိကာ ၎င်းတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြီး အလုပ်သမားဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် လုပ်သားများ စွမ်းဆောင်ရည် မြင့်မားရေး အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများကို မြန်မာ-ထိုင်း နယ်စပ်မြို့ဖြစ်သော မြဝတီမြို့တွင် ဩဂုတ် ၂၁ ရက်မှ ၂၃ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယင်းသင်တန်းဆင်းပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အဖွင့်အမှာစကားပြောကြားပြီး ထိုင်းနိုင်ငံ တာ့(ခ်)ခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး မစ္စတာမွန်တီချန်ချိုင်ဝိဗွန်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံလေဘာရုံးမှ တာဝန်ရှိသူတစ်ဦးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး နှစ်နိုင်ငံတာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

ယင်းသို့ ဖွင့်လှစ်ရာ ကြွေပြားခင်းသင်တန်းနှင့် မော်တော်ဆိုင်ကယ်ပြင်သင်တန်းကို မြဝတီမြို့ သောင်ရင်းခန်းမတွင်လည်းကောင်း၊ အချက်အပြုတ်သင်တန်းကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ရုံးတွင်လည်းကောင်း၊ သင်တန်းဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ဝေ့ရှမ်းကျေးရွာတွင်လည်း ဩဂုတ် ၂၃ ရက်မှ ၂၅ ရက်အထိ အချက်အပြုတ်သင်တန်းဖွင့်လှစ်ခဲ့သည်။ အဆိုပါ သင်တန်းများတွင် စုစုပေါင်းသင်တန်းသား၊ သင်တန်းသူ ၁၀၀ ဦး တက်ရောက်ခဲ့ပြီး ယင်းသင်တန်းများဖွင့်လှစ်ခြင်းကြောင့် လူငယ်လုပ်သားများ စွမ်းဆောင်ရည်မြင့်မားလာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း ခရိုင်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြို့နယ်ဒုတိယဦးစီးဌာနမှူး ဒေါ်မြစန္ဒာဝင်းက ပြောကြားခဲ့သည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# မန္တလေးမြို့ကို ဥယျာဉ်မြို့တော်အဖြစ် အမြဲစိမ်းလန်းစိုပြည်ရေးဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၁၀**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီသည် မန္တလေးမြို့တော်ကြီးကို ဥယျာဉ်မြို့တော်အဖြစ် အမြဲတမ်းစိမ်းလန်းစိုပြည်နေစေရန် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၈ ရက် မွန်းတည့် ၁၂ နာရီက မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီး ဦးအောင်မောင်းသည် တာဝန်ရှိသူများနှင့်အတူ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနရှိ ပျိုးခြံများ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ မြို့တော်ဝန်က မြို့ပတ်ကမ်းနားလမ်းရှိ ကိုလံဘိုပျိုးခြံသို့ ကြည့်ရှုစစ်ဆေးရာ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဌာနခွဲမှူး ဦးမြင့်ထွေးနှင့် တာဝန်ရှိသူများက ပျိုးခြံအတွင်း အရိပ်ရအပင်များ၊ ပန်းအလှပင်များ၊ နှစ်ရှည်ပင်များ ပျိုးထောင်ထားရှိမှု၊ ပျိုးအိတ်များ ပြင်ဆင်နေမှုကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို ကော်မတီမှအပတ်စဉ် ဆောင်ရွက်လျက်ရှိနေသည့်အတွက် အမှန်တကယ်စိုက်ပျိုးရာတွင် ရှင်သန်ကြီးထွားနိုင်ပြီး ပျိုးသက်တမ်းပြည့်အပင်များ စိုက်ပျိုးနိုင်ရေး စုဆောင်းသွားကြရန် တာဝန်ရှိသူများအား ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် မြို့တော်ဝန်က ၄၂ လမ်းပျိုးခြံသို့ ရောက်ရှိကြည့်ရှုစစ်ဆေးရာ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဌာနခွဲမှူးက ပျိုးခြံအတွင်း အရိပ်ရအပင်များ၊ ပန်းအလှပင်များ၊ နှစ်ရှည်ပင်များ ပြုစုပျိုးထောင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့ပြဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် မဖြစ်မနေဖယ်ရှားခဲ့ရသည့် နေရာများတွင် အရိပ်ရအပင်များ အစားထိုးစိုက်ပျိုးနိုင်ရန် စဉ်ဆက်မပြတ် ပျိုးထောင်ပြုစုသွားရေးတို့ကို တာဝန်ရှိသူများအား ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

# စဉ့်ကိုင်မြို့နယ်၌ အိမ်ထောင်စု ၁၉၇ စု အတွက် ဆိုလာမီးများအိမ်အရောက် တပ်ဆင်ဆောင်ရွက်



**စဉ့်ကိုင် စက်တင်ဘာ ၁၀**

စဉ့်ကိုင်မြို့နယ်တွင် မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရန်ပုံငွေကျပ် ၃၇၄ သိန်းဖြင့် ရေကင်းကုန်းကျေးရွာနှင့် အုတ်ဖိုပြင်ကျေးရွာတို့တွင် ဆိုလာမီး ၁၉၇ လုံးကို အိမ်အရောက်တပ်ဆင်ပေးခြင်းအား ICTS ကုမ္ပဏီမှ တင်ဒါအောင်မြင်၍ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီက ကျေးရွာများတွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာများ၌ ဆိုလာမီးများ တပ်ဆင်ရာတွင် ထန်းတောကျေးရွာအုပ်စု ရေကင်းကုန်းကျေးရွာရှိ အိမ်ထောင်စု ၁၀၇ အိမ်နှင့် မီးသွေးဘုတ်ကျေးရွာအုပ်စု အုတ်ဖိုပင်ကျေးရွာရှိ အိမ်ထောင်စု ၉၀ တို့အား အိမ်အရောက် ဆိုလာမီးများ တပ်ဆင်ပေးခြင်းကို စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်ခင်မာစန်းနှင့် ဝန်ထမ်းများသည် စနစ်တကျတပ်ဆင်နိုင်ရေး လိုက်ပါဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးသည့် ရေကင်းကျေးရွာနှင့်အုတ်ဖိုပြင်ကျေးရွာတို့သည် မြို့နှင့်အလှမ်းကွာဝေး၍ လျှပ်စစ်မီးရရှိနိုင်သည့်နေရာနှင့်ဝေးကွာပြီး ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးရရှိရန်ခက်ခဲမှုရှိသော ကျေးရွာများဖြစ်သဖြင့် ကျေးလက် မီးလင်းရေးအတွက် ဆိုလာမီးများကို ကျေးရွာများတွင် အိမ်အရောက်တပ်ဆင်ပေးခြင်းများ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မာစန်းက ပြောကြားခဲ့သည်။ **တင်တင်ထွေး(စဉ့်ကိုင်)**


၁၃၂၂- ခုနှစ်တွင် ပထမအကြိမ် ထွက်ပြီးနောက်
အကြောင်းအမျိုးမျိုးဖြင့်
နှစ်ပေါင်း ၅၀-ကျော် မထွက်နိုင်ခဲ့သော
အပါယ်ဘုံကိုတား
သုဂတိဘုံမှာ ခိုနား၍
နိဗ္ဗာန်ဘုံသို့ သွားနိုင်သော
**ကျေးရူးရှင် သန်လျင်တောရ**
**ဓမ္မဝါဒီ ဆရာတော်ကြီး**
ရေးသားပြုစုသော
**အရိယာဘုံသွား ဉာဏ်လှေကား ကျမ်းကြီး**
ဒုတိယအကြိမ် ထွက်ပြီ။
၎င်းဒုတိယအကြိမ်၌
ဓမ္မဝါဒီ ဆရာတော်ကြီး၏ မူဝါဒသက်သက်ကိုသာ
ဖော်ပြထားပါသည်။
၀၉-၄၄၈၅၃၆၀၀၀/ ၀၉-၂၂၀၀၂၉၆/ ၀၉-၇၉၉၈၉၈၇၄၄၂




**ရန်ကင်းအေးငြိမ်းရိပ်သာ ရက်(၆၀)တရားစခန်းဖွင့်မည်**

မန္တလေးမြို့၊ ရန်ကင်းတောင်ခြေရှိ ကျမ်းပြုဆရာကြီး၊ ဓမ္မာစရိယ ဦးဌေးလှိုင် ဦးစီးဖွင့်ခဲ့သော ရန်ကင်းအေးငြိမ်းရိပ်သာ၌ မောင်ထောင်မြေဇင်းတောရ ဆရာတော်ကြီး၏ အာနာပါန၊ သမထ၊ ဝိပဿနာ ရက်(၆၀) တရားစခန်းကို (၁၃၇၇ခုနှစ်၊ တော်သလင်းလဆန်း ၁၄ရက်)၂၇-၉-၂၀၁၅ ရက်တွင် ဖွင့်မည်ဖြစ်ပါ၍ စခန်းဝင်လိုသူယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

စခန်းကြေး၊ ဆွမ်းစရိတ်ပေးသွင်းရန်မလိုပါ။

**သာသနာ့အကျိုးဆောင်အဖွဲ့**
**ဖုန်း-၀၉-၂၀၃၃၉၂၂၊ ၀၉-၉၁၀၄၆၃၀၆၊ ၀၉-၃၃၆၂၁၃၃**



**သွေးသည်**
**အသက်**



**မိခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ အထကရေကင်း၊ တက္ကသိုလ်ဝင်တန်းမှ မဖြိုးဖြိုးသန်း၏ မိခင်အမည်မှန်မှာ ဒေါ်ဌေးဌေးရီ[၇/မညန (နိုင်)၀၁၆၀၈၃]ဖြစ်ပါကြောင်း။ **ဒေါ်ဌေးဌေးရီ**



**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ အထကရေကင်း ပဉ္စမတန်း(A)မှ မတင်မျိုးဝေ၏ဖခင်အမည်မှန်မှာ ဦးအောင်ဝင်း[၂/တကန(နိုင်)၀၈၈၁၆၉]ဖြစ်ပါကြောင်း။ **ဦးအောင်ဝင်း**



**အခွန်ကြွေးကျန်ငွေများပေးဆောင်ရန် အကြောင်းကြားခြင်း**

၁။ ဒေါ်မြမြအေး[၁၂/ဗဟန(နိုင်)၀၂၆၉၆၆] သိသာရန်မှာ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ ဥယျာဉ်လမ်း၊ အမှတ်-၇၅ နေရပ်လိပ်စာတွင် Diamond Queen ရတနာဆိုင်အမည်ဖြင့် စီးပွားရေးလုပ်ငန်းများ ဆောက်ရွက်ခဲ့ခြင်းကြောင့် ဗဟန်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင် ၂၀၁၁-၂၀၁၂၊ ၂၀၁၂-၂၀၁၃၊ ၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်များအတွက် အမြတ်ခွန်၊ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်များ ပေးသွင်းရန် ပျက်ကွက်လျက်ရှိပါသည်။ ထို့ကြောင့် လူကြီးမင်းမှ ပေးဆောင်ရန် ကျန်ရှိနေသည့် အခွန်ကြွေးကျန် ငွေများအား ၂၅-၉-၂၀၁၅ရက် နောက်ဆုံးထားပေးဆောင်ရန် အကြောင်းကြားပါသည်။

၂။ ဖော်ပြပါ မပြေကျန်ငွေများအား ပေးဆောင်ခြင်းမရှိဘဲ ဆက်လက်ပျက်ကွက်ပါက တည်ဆဲ အခွန်ဆိုင်ရာဥပဒေများအရ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထပ်ဆင့် အသိပေးအကြောင်းကြားပါသည်။

မြို့နယ်အခွန်ဦးစီးဌာနမှူး
ဗဟန်းမြို့နယ်



**Open Tender ခေါ်ယူခြင်း**

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ဆန်း(မေတ္တာမွန်)ဝင်းအတွင်းတွင် အောက်ဖော်ပြပါအတိုင်း အဆောက်အအုံဆောက်လုပ်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဆောင်ရွက်မည့်လုပ်ငန်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ဆန်း(မေတ္တာမွန်)ဝင်းအတွင်းတွင် အလျား (၁၄၄)ပေ×အနံပေ(၄၀) (၈)ခန်းတွဲ၊ (၆)ထပ်အရွယ်ရှိ သံကူကွန်ကရစ်ဝန်ထမ်းအိမ်ရာ အဆောက်အအုံ (၂)လုံး ဆောက်လုပ်ခြင်း။

၃။ တင်ဒါစတင်ရောင်းချမည့်ရက်နှင့်နေရာ - ၁၅-၉-၂၀၁၅ရက်(အင်္ဂါနေ့)
အမှတ်-၁၀၊ ပန်းဆိုးတန်းလမ်း၊
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
(မြို့ပြအင်ဂျင်နီယာဌာန)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၀-၁၀-၂၀၁၅ရက်(သောကြာနေ့)၊
၁၄း၀၀နာရီ

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၁-၂၅၃၃၅၈ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဆောက်လုပ်ရေးကော်မတီ**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**



**Maritime Labour Convention-2006 အား ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုခြင်းအတွက် MSF မှ ဝမ်းမြောက်ဝမ်းသာစွာ ကြိုဆိုထောက်ခံခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ Maritime Labour Convention-2006 အား အတည်ပြုဝင်ရောက်ရန် ၂၈-၈-၂၀၁၅ရက်၊ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၈၃)ရက်မြောက်နေ့တွင် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခဲ့သဖြင့် နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် တင်ပြဆွေးနွေးသည့် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတို့အား ကျေးဇူးတင်ဝမ်းမြောက်ဝမ်းသာ ကြိုဆိုထောက်ခံအပ်ပါသည်။

**Myanmar Seamen's Federation (MSF)**
**မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်**



**ဖခင်အမည်မှန်**

အထက(၃)ဘားအံ၊ အဋ္ဌမတန်း(C)မှ စောစိန်သန်းဦး၏ ဖခင်အမည်မှန်မှာ ဦးဖိုးထော်(ခ)ဦးအေးမြိုင်[၃/ပကန(နိုင်)၀၃၄၈၁၈]ဖြစ်ပါသည်။
ဦးဖိုးထော်(ခ)ဦးအေးမြိုင်



**ဖခင်အမည်မှန်**

အင်းစိန်မြို့နယ်၊ က-၄လမ်း၊ အမှတ်(၂၉၄)နေ မမြတ်ဟယ်ရီကျော်[၁၂/အစန(နိုင်)၂၄၈၂၇၉]၏ ဖခင်အမည်မှန်မှာ ဦးစောထူး(ခ)ဦးမျိုးအောင်[၁၂/အစန(နိုင်)၀၃၈၈၈၆]ဖြစ်ပါသည်။ ဦးစောထူး(ခ)ဦးမျိုးအောင်

# wyrawmueysLwmEi en;ynmoy
# t i*sie , moiwe;om;rsm;
# tv&on

၁။ လျှောက်ထားသူသည်-

(က) **၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၁ရက်**တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဘူးသူ (လူပျို)**ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ပေ၊ ၃လက်မနှင့် ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၇-၉-၂၀၁၅ရက်**မှ စတင်၍ **၂၁-၁၁-၂၀၁၅ရက်**ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ။** နံနက် ၉နာရီမှ ၁၁နာရီထိ

(ခ) **သင်္ချာ။** မွန်းလွဲ ၁နာရီမှ ၃နာရီထိ

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၂ရက်**တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်း ဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့(တောင်ကြီးခရိုင်)တွင် လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းနှင့် သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၂၇-၁၂-၂၀၁၅ရက်**မှ **၂၈-၁၂-၂၀၁၅ရက်**များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်ကျပ်-**၁၄၀၀၀၀/-**၊ ဒုတိယနှစ်ကျပ်-**၁၄၅၀၀၀/-**၊ တတိယနှစ်ကျပ်-**၁၅၀၀၀၀/-**ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက် သတ်မှတ်လစာနှင့် စရိတ်များခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်း ခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း။** အင်ဂျင်နီယာသိပ္ပံ **A.G.T.I (Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း။** တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း။** တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်း တိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ ဆက်လက်တိုးမြှင့်ပေးရေးအတွက် ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်။** ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့် အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှ လျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းပြီးဆုံးပြီးနောက် တပ်မတော်တွင် အနည်းဆုံး(၁၀)နှစ် တာဝန်ထမ်းဆောင်ရမည်။

## ကျေးဇူးတင်ရှိခြင်း

POPULAR PLASTIC · SOGO PVC PIPE & FITTING · SOGO ELECTRICAL · SOGO PE WATER TANK · SOGO SOGO STEEL INDUSTRY

Since - 1985

# POPULAR
Plastic Group



မြန်မာ့ရိုးရာလက်ဖွဲ့သဘင်များ ရေဘေးကူညီရန်အတွက် လှူဒါန်းခြင်း

Popular Plastic Group မှ ရေဘေးရှောင်ပြည်သူများထံ ငွေကျပ်(သိန်းနှစ်ရာ)ခန့် တန်ဖိုးရှိ ငွေကြေးပစ္စည်းများအား ကိုယ်တိုင်ကိုယ်ကျ သွားရောက်လှူဒါန်းနိုင်ရေးအတွက်ချိတ်ဆက် ဆောင်ရွက်ကူညီပေးကြပါသော ဒေသအသီးသီးရှိ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများ၊ ကယ်ဆယ်ရေး စခန်းတာဝန်ခံများ၊ မြန်မာနိုင်ငံနေရာ အနှံ့အပြားရှိ ရေဘေးသင့်ပြည်သူများ အတွက်လိုအပ်သော ပစ္စည်းများကို ပေးပို့လှူဒါန်းရာတွင် သဒ္ဒါတရားထက်သန်စွာဖြင့် လုပ်အားပေးခဲ့ကြသောစက်ရုံ၊ သိုလှောင်ရုံ၊ နယ်ရုံးခွဲအသီးသီးရှိ ဝန်ထမ်းများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

popularplastic1985@gmail.com

Popular Plastic Group



ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်လှူဒါန်းခြင်း


ဥက္ကံမြို့ရှိ ကယ်ဆယ်ရေးစခန်း(၁) မြို့သက်သာဘုရားသို့ သွားရောက်လှူဒါန်းခြင်း



ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့၊ မဟာသိန္နဗာသာရာမကျောင်းတိုက်ရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်လှူဒါန်းခြင်း



ပန္တနော်မြို့၊ အမှတ်(၈)ရပ်ကွက်ရှိ ရေဘေးသင့်ပြည်သူများသို့ လှူဒါန်းခြင်း


ဥက္ကံမြို့ရှိ ကယ်ဆယ်ရေးစခန်း(၂) သို့ သွားရောက်လှူဒါန်းခြင်း


မကွေးတိုင်းရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်လှူဒါန်းခြင်း




ဟင်္သာတခရိုင်၊ အင်္ဂပူမြို့နယ်၊ ရွာကြီးကုန်းရပ်ရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်လှူဒါန်းခြင်း



NM NEW MOTION Travels & Tours
ESCAPE FROM EVERYDAY LIFE...

အမေရိကား Oct-28
အင်္ဂလန်-စဝိန် Oct-15
ကိုရီးယား Oct-21
ဂျပန် Oct-24
စင်ကာပူ Oct-23
ဗန်ကောက် Oct-27
စကန်ဒီနေဗီယား Oct-21
ဟောင်ကောင် Oct-29
ဗီယက်နမ် Oct-21



15,ပထမထပ်၊ ကျွန်းတောလမ်း၊ စမ်းချောင်း။ 01-508 124, 523 253, 09 731 48933-44-55-66


စာအုပ်စာပေလှူမှတ်ဆွေ

ဖခင် အမည်မှန် — ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ WINNERS' ACADEMY ကိုယ်ပိုင် အထက်တန်းကျောင်း၊ အဋ္ဌမတန်း မှ မဇင်မိမိအောင်၏ ဖခင်အမည်မှန်မှာ ဦးအိုက်လုံ(၁၃/တလန(နိုင်)၀၀၇၈၁၈)ဖြစ်ပါသည်။


## သိဂိကြယ်စင်

**ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ**

(သူငယ်တန်းမှတက္ကသိုလ်ဝင်တန်းအထိ)

- ကိုယ်ပိုင်လုံးချင်းတိုက်သစ်တွင် စိတ်အေးချမ်းသာစွာသင်ကြားနိုင်ခြင်း။
- ဝါရင့်ဆရာကြီး၊ ဆရာမကြီးများကိုယ်တိုင် ကျောင်းသားကျောင်းသူ(၅)ဦးလျှင် ဆရာမ(၁)ဦးနှုန်းဖြင့် အနီးကပ်ကြီးကြပ်တာဝန်ယူသင်ကြားပေးခြင်း။
- (၂၀၁၆-၂၀၁၇) ပညာသင်နှစ်အတွက် ကြိုတင်စာရင်းသွင်းအပ်နှံနိုင်ပါပြီ။

ပါမောက္ခကြီးများကိုယ်တိုင် သင်ကြားသော...
တက္ကသိုလ်ဝင်တန်း အနီးကပ်(၅)လပြတ် ဘော်ဒါနှင့်စာသင်ဝိုင်း

အောက်တိုဘာ လဆန်းမှစမည်။

ဘာသာစုံကျွမ်းကျင်အဆောင်မှူး Study Guide များအလိုရှိသည်။

အမှတ်(၆၆)၊ ၁၅၇ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ☎ 09-73095664, 09-5053874



# KMD (နေပြည်တော်)
Computer & Mobile

15 - 17 Sept 2015

SPECIAL SALE!

IT PRODUCT ဝယ်ယူသူတိုင်းအတွက် အထူးအစီအစဉ်

| Notebook ဝယ်ယူသူတိုင်းအတွက် | Branded Desktop ဝယ်ယူသူတိုင်းအတွက် | Projector ဝယ်ယူသူတိုင်းအတွက် |
| --- | --- | --- |
| CASHBACK $20 | CASHBACK $20 | CASHBACK $10 |

Smartphone & Tablet ဝယ်ယူသူတိုင်းအတွက် အထူးအစီအစဉ်

| | | | Tablet |
| --- | --- | --- | --- |
| FREE GIFT 8GB MICRO-SD + SIMCARD | FREE GIFT 16GB MICRO-SD + SIMCARD | FREE GIFT TOSHIBA OTG (16)GB PENDRIVE | FREE GIFT COVER+ SCREENGUARD+ SIMCARD |

နေပြည်တော် - ၁/၈၅၊ ပွဲရုံတန်းလမ်း၊ မြို့မဈေး၊ ☎ - ၀၆၇ ၄၂၀၀၆၅ 📱 ၀၉-၈၃၀၁၇၇၇၆

# သီတင်းကျွတ်ကာလအထူးအစီအစဉ်

(အောက်တိုဘာလ ၃၁ ရက်နေ့အထိသာ)

SUZUKI Way of Life!

Kyat 67 Lakh++
(US$ 5,777++)

Kyat 199 Lakh++
(US$ 17,900 ++)




SUZUKI NEW SUPER CARRY TRUCK

The Brand New ERTIGA

အရေအတွက်အကန့်အသတ် (First come ,First served)

အောက်ပါဆူဇူကီး၏တရားဝင်အရောင်းကိုယ်စားလှယ်များထံတွင်ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

လှိုင်နှင့်စွမ်း မော်တော် | အောင် မော်တော် | မျိုး မော်တော် | ရဲနဒီ မော်တော် | အေအိုင်ဂျီ မော်တော်

---

**မြင့်မြတ်** အမှတ်တံဆိပ် **အမွှေးပြေဆောက်ဆေး**

ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ ဦးခေါင်းတစ်ခုလုံးအုံခဲလေးလံပြီး နာကျင်ကိုက်ခဲခြင်း၊ နားထင်ကြောများကိုက်ခဲခြင်း၊ အာရုံကြောများအားနည်းခြင်းများအတွက် သုံးစွဲနိုင်ပါသည်။

တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် - TMR 011342 (0118)

ပင်ရင်း - မကြာမင်းဆေးတိုက်နှင့် ဆေးကုဌာန - ဖုန်း - ၀၉ ၇၃၂ ၁၁၀၆၁၊ ၀၉ ၇၃၁ ၉၇၅၂၄၊ ၀၉ ၇၃၀ ၄၅၁၁၉။

---

**ပျောက်ဆုံးကြောင်း**

Kyaw Tint & Family construction Co.Ltd ၏ မူရင်းမှတ်ပုံတင် စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားအပ်ပါသည်။

ဖုန်း-၀၉-၂၆၃၀၀၇၉၄၉

---

**ဖခင်အမည်မှန်**

မြစ်ကြီးနားမြို့၊ အထက(၁)၊ ဒသမတန်း(S,) မှ မစတောင်ခေါ်နီစံ၏ ဖခင်အမည်မှန်မှာ ဦးလွှမ်းပေါင်ဖြစ်ပါသည်။

---

**ဖခင်အမည်မှန်**

ဗိုင်းမော်မြို့၊ အထက(၂)၊ ဒသမတန်း (C)မှ မသိမ့်သိမ့်သူ၏ ဖခင်အမည်မှန်မှာ ဦးသန်းထွန်း ၁/မကန(နိုင်)၀၄၄၇၆၈ ဖြစ်ပါသည်။

---

**ယာဉ်မောင်းအလိုရှိသည်**

ယာဉ်မောင်းသက်တမ်း(၃)နှစ်အထက် ဖြစ်ရမည်။ ဗဟန်းမြို့နယ်တွင် နေထိုင်သူကို ဦးစားပေးမည်။ ဆက်သွယ်ရန်- ဖုန်း-၀၉-၅၁ ၂၀၇၄၇၊ ၀၉- ၂၅၄၁၉၁၃၀၄ (ရုံးချိန်အတွင်းသာ)

---

# School of Engineering




အင်္ဂလန်နိုင်ငံ တက္ကသိုလ်များမှ အင်ဂျင်နီယာဘွဲ့များကို ရရှိရန် အသက်မွေးဝမ်းကျောင်းပညာ (Vocational Training) အလေးပေးသော MCC Polytechnic များတွင် တက်ရောက်သင်ကြားနိုင်ပါသည်။

**Middlesex University (UK)**
- B.Sc (Design Engineering)
- B.Engg (Computer System Engineering)




**Birmingham City University (UK)**
- B.Engg (Mechanical Engineering)
- B.Engg (Electrical Engineering)
- B.Sc (Hons) (Construction Management)
- B.Sc (Hons) (Architecture Management)



**Hot-Line: 01-246634, 01-2304156**

MCC Polytechnic (Yangon) - 01-245762, 249152, 395512
MCC Polytechnic (Mandalay) - 09-402671562, 09- 788411256
MCC Polytechnic (Naypyitaw) - 09-31354842, 09-254148940
MCC Polytechnic (Monywa) - 09-265 333 120, 071 -23509
MCC Polytechnic (Yatanarpon) - 02-5178112, 02-5178132

Enroll Now!

---

ao;on tou

---

**ပတ်စ်ပို့ ပျောက်**

မအေလေးမိး(ခ)ချိုသဇင်၁/မကန(နိုင်)၀၇၅၉၈၃၊၏ ပတ်စ်ပို့ (No.မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၈၀၅၂၇၅၈

---

YCTC Business Institute


Earn A World Reconngnised

# MBA

Management & Science University (MSU) Malaysia

(နှစ်သက်ရာ အထူးပြုဘာသာရပ်များ ရွေးချယ်နိုင်ရန်အတွက်)

Specialisation in
- Global Marketing
- Organisational Leadership
- Finance
- Health Care Management



*Installment & Scholarship Avialiable*

*Admission : 1 August 2015 to 30 September 2015*
*MBA Foundation : 3 October 2015 to 31 October 2015*
*MBA Start on : 7 November 2015*

UK, Germany, Japan မှ Dual MBA ရယူနိုင်ပါသည်။

အမှတ်(၂၄)၊ ဘောမင်းကြီးလမ်း (Park Royal Hotel)အနီး။

Tel : (09) 420 163 316, (09) 254 269 644, www.yctcinstitute.com

**မေမြန်မာ** အဆင့်မြင့်ဘုရားဖူးပို့ဆောင်ရေး
*Consultative by Shwe Lan Kha Yee*

▲ အဘထွက်ရပ်ပူဇော်ပွဲ၊ ပုပ္ပါး(သီးသန့်) Sep 29 - 35000
▲ အဘပွဲ–ပုဂံ–ညောင်ဦး–ပုပ္ပါး(စွယ်တော်လေးဆူ)၊ ပခုက္ကူ Sep 28 - 130000
▲ အဘပွဲ–ပုဂံ–ညောင်ဦး–ပုပ္ပါး–လှိုင်ကော်ဘုရားစုံ Sep 28 - 150000
▲ အဘပွဲ–ပုဂံ–ညောင်ဦး–ပုပ္ပါး–တောင်ကြီး–အင်းလေး Sep 28 - 180000

အမှတ်(၂၄)၊ ဖန်းဆိုးတန်းလမ်း(အထက်)၊ ကျောက်တံတားမြို့နယ် Ph: 09250277491, 09-250622428, 09-43127507

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ အမှတ်(၃)အထည်စက်ရုံဝါစိုက်ကွင်း(စစ်ကိုင်း)ပိုင် မြေပေါ်ရှိ အသုံးမလိုတော့သည့် လျှပ်စစ်ပိုင်းဆိုင်ရာ ပစ္စည်းများနှင့် အဆောက်အအုံပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း တင်ဒါဖြင့် ရောင်းချလိုပါကြောင်း ကြော်ငြာအပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | - | ၁/၂၀၁၅-၂၀၁၆ |
| တင်ဒါဖြန့်ရက် | - | ၁၄-၉-၂၀၁၅ |
| တင်ဒါပိတ်ရက် | - | ၂-၁၀-၂၀၁၅ |

၂။ အသေးစိတ်အချက်အလက်များကို အောက်ပါဌာနများတွင် စုံစမ်းနိုင်ပါသည်။
(က) စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ထုတ်လုပ်ရေးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ ဖုန်း-၀၆၇-၄၀၈၁၃၈၊ ၀၆၇-၄၀၈၄၃၉၊ ၀၆၇-၄၀၈၄၉၂
(ခ) အမှတ်(၃) အထည်စက်ရုံ(စစ်ကိုင်း)-မြေပြင်မျက်မြင်အခြေအနေကြည့်ရှုနိုင်ရန်။ ဖုန်း-၀၇၂-၂၂၃၄၀

## စက်မှုဝန်ကြီးဌာန
## အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) Romelt Plant ၏ အလုပ်ရုံ(၁၅)ရုံတွင် တပ်ဆင်ရန် Communication & Alarm Equipment(1)Lot ဝယ်ယူတပ်ဆင်ခြင်းကို မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံ စတင်ထုတ်ယူနိုင်မည့်နေ့ရက် - ၁၁-၉-၂၀၁၅ရက်
တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန် - ၂၈-၉-၂၀၁၅ရက်၊ ၁၄း၃၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းထုတ်ယူနိုင်ပါသည်။


**နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၄၀၅၀၆၀**

**တစ်အိတ်ဝယ်ရင်ပို့ပေးပါတယ်**
ပေါ်ဆန်းမွှေးနှစ်အိတ်ဝယ်လျှင် T ရှပ်တစ်ထည်ယူပါ။
• 09 730 77711 ☎ 01-682844
• 09 730 77722 ☎ 01-682944
စိတ်ကောင်းကြည်လင် ရှန်ပီယံပေါ်ဆန်းမွှေး

## INVITATION FOR OPEN TENDER (7/2015)
## (TENDER NO.MPPE/JET A1/T/2(2015-2016)

1. Open Tender is invited for the Myanma Petroleum Products Enterprise,the Ministry of Energy for the supply of JET A1 (282,000 bbl+10%)
2. Tender Closing Date & Time -24-9-2015,12;00Hr
3. Tender Opening Date & Time -24-9-2015,13;00Hr
4. Delivery Time -1st November 2015 to 2nd January 2016
5. Tender documents and details Information are available at the Department of Finance,the Myanma Petroleum Products Enterprise,Nay Pyi Taw,during office hours commencing 10-9-2015 on payment of Myanmar Kyat One Hundred Thousand (Kyat 100,000)per set.
6. Only bid from tenderer who has purchased tender document officially from the Myanma Petroleum products Enterprise will be accepted for evaluation.

**Managing Director**
**Myanma Petroleum Products Enterprise**
**Ministry of Energy,No (6)Complex,Nay Pyi Taw**
**Contact Phone No. 067-411487/411486/411280**



STRATEGY FIRST

ပိုရှိုးဖလာ စီမံခန့်ခွဲမှုနှင့် မလုံလောက်တော့သော ကိုယ်ပိုင်လုပ်ငန်းရှင်များအတွက်
**own BUSINESS management**
**Level 2: Manage your business (46 hours)**
သင့်လုပ်ငန်းကို စနစ်တကျ စီမံခန့်ခွဲနိုင်ဖို့ နည်းလမ်းကောင်းများ ရှာဖွေပါ။
သင်ကြားပေးမည့် ဘာသာရပ်ခေါင်းစဉ်များ
1. Principles of Management | Lecturer: Daw Aye Aye Win
2. Managing Finance | Lecturer: Htay Htay Myint
3. Managing the Markets | Lecturer: U Aung Chit Khin
4. Managing Manufacturing & Operations | Lecturer: Daw Aye Aye Win
5. Managing Human Resource | Lecturer: Dr. Daw Ohnmar Myint
Wed, Thur, Sat (9:00 am to 12:00 pm) | 16 Sep to 17 Oct 2015 | Fees: 200,000 Ks

#8, Panchan Tower, Myaynigone, Sanchaung Township, Yangon.
**CALL NOW: (09) 250 7171 66 ~ 68**

Home
Think of House, Think of Home



Showroom
**Double Present !**
**BUY FLOOR** → Package Promotion +
( ကြမ်းခင်း 3 ကျင်း )
**GET 1 FREE!**
**လက်ဆောင်**



• Kitchen Cabinet
★ ကျင်းအရေအတွက်အလိုက် လက်ဆောင်များ ခွဲခြားထားပါသည်
** Selected Items Only
☎ 09 79 700 70 73
09 79 700 70 83

**ဂုဏ်ရည်ဆေးတိုက်**

ဂုဏ်ရည် ®

ကြော်ငြာခွင့်ပြုချက်အမှတ်-

ရ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်မှ အောက်ပါရောဂါများအတွက် အစွမ်းထက်တိုင်းရင်းဆေးများ ရရှိနိုင်ပါသည်။

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊ အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊ အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊ အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့် အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

အချိန် - နံနက် (၁၀း၀၀)နာရီမှ ညနေ (၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။) ဖုန်း - ၀၁ ၆၄၂၆၈၂၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀



GOLDEN STAR Travels & Tours
◆ ပုပ္ပါး(ဗွယ်တော်တောင်)–ပုဂံ–ပုဂ္ဂ Sep-28,29
( Popa Mountain Resort , Myanmar Treasure Hotel )
◆ တောင်ကြီး–အင်းလေး(ဖောင်တော်ဦးဘုရား)–ပင်းတယ Oct-23,25
◆ ကျိုက်ထီးရိုး/ရောင်းသာ/ငွေဆောင်(နေ့စဉ်)
Ph;01-544383, 209200, 430480, 703448, 705968

Probox, SUCCEED, AD Van Taxi
ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများ ကြော်ငြာ Sticker ကပ်လိုလျှင် ဆက်သွယ်နိုင်ပါသည်၊ ကြော်ငြာကပ်ခကို ထိုက်ထိုက်တန်တန် ပေးပါမည်၊ အခြားခံစားခွင့်များနှင့် လက်ဆောင်များလည်းရရှိပါမည်၊
09 420 276 999, 09 42 80 42 966

## သစ်တောဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်ရှိ ပုံစံ(စ)ဝင် မီးသွေး/ထင်း/ဝါးသေး/တောင်ထန်း/စလူ/သစ်စက်နှင့်ဆက်စပ်ပစ္စည်းများ၊ ကျွန်းတံခါးချပ်/ပြတင်းအပိုင်းအစများ၊ကျွန်းပရိဘောဂအပိုင်းအစများ လေလံတင်ရောင်းချရန် ကြေညာခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်ရှိ ဖမ်းဆီးရမိသော အောက်ဖော်ပြပါ ပုံစံ(စ)ဝင်ပစ္စည်းများအား ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ၂၁-၉-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ၁၃:၀၀နာရီတွင် မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်အနေဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | မြို့နယ် | လေလံတင်ရောင်းချမည့်ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁။ | လှည်းကူးမြို့နယ် | မီးသွေး၊ ထင်း၊ ဝါး၊ တောင်ထန်း၊ စလူ၊ သစ်စက်အင်ဂျင်၊ မော်တာ၊ ဆက်စပ်ပစ္စည်း၊ ချိန်းဆော၊ သံတလိမ့်တုံး |
| ၂။ | သယ်နီကျွန်းမြို့နယ် | မီးသွေး၊ မီးသွေးအမှုန်၊ ကျွန်းတံခါးချပ်/ကျွန်းပြတင်း အပိုင်းအစများ၊ ကျွန်းပရိဘောဂအပိုင်းအစ |

၂။ လေလံလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင်၁၄-၉-၂၀၁၅ရက်နေ့မှစ၍ ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက သစ်တောဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး ဖုန်း- ၀၁-၆၈၃၅၆၅ နှင့် သက်ဆိုင်ရာမြို့နယ်၊ သစ်တောဦးစီးဌာန၊ သစ်တောဦးစီးဌာန အရာရှိရုံးများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဥက္ကဋ္ဌ
လေလံတင်ရောင်းချရေးကော်မတီ



Official Warranty by: TMW Enterprise Limited "အမြို့ မြို့နယ်နယ်ရှိ Wai Yan Electronics နှင့် Sony Official Dealers ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။"
SONY SHOWROOM YANGON: ■ Yaw Min Gyi, Tel: 01-245311 ■ Kabar Aye, Tel: 01-546006, 401416 ■ Gamone Pwint, Tel: 09-73119900 ■ Bo Aung Kyaw, Tel : 01-398566, 256620, 246513
SONY SHOWROOM MANDALAY: ■ Chan Aye Thar Zan Township. Tel: 02-72580-4 ■ Yadanarpon Diamond Plaza. Tel: 09-91008417
SONY SHOWROOM NAY PYI TAW: ■ Thiri Yadanar Hyper Market. Tel: 067-420791, 420966 WHOLE SALES / DISTRIBUTION : Tel: 01- 554708

CROWN EDUCATION
"ဝင်ကာပူပညာရေးဝန်ကြီးဌာနနှင့် LASALLE အနုပညာကျောင်းမှ ပေးအပ်မည့် Scholarships လျှောက်ထားနိုင်ခွင့်များ၊ ဝင်ခွင့်ဆိုင်ရာများ၊ကျောင်းပြီး အလုပ်အကိုင်အလားအလာများအကြောင်း ရှင်းလင်းဆွေးနွေးပွဲ"

INTERIOR DESIGN
AUDIO PRODUCTION
FASHION
ANIMATION
FILM
MUSIC

✣ Scholarships များအတွက် ကြိုတင်ပြင်ဆင်ခြင်းဆိုင်ရာ သိကောင်းစရာများ၊ ဝင်ခွင့်အတွက် Portfolio များအကြောင်းကို ရှင်းလင်းဆွေးနွေးပေးပါမည်။
✣ IELTS မရှိသူများ LASALLE ၏ ကျောင်းဝင်ခွင့်အင်္ဂလိပ်စာအား ဖြေဆိုနိုင်ရန် စာရင်းပေးသွင်းနိုင်ပါသည်။



Call us :
01 527 838
09 732 56 965

LASALLE COLLEGE OF THE ARTS
www.lasalle.edu.sg
12 Sep
10:00 am - 12:00 noon
CROWN Education Office

အသားဖြူဖွေး နုပျို တင်းရင်း လိုသူတိုင်းအတွက်
လေအား၊ အသားဖြူဆေးသွင်းခြင်း၊ အသားဖြူဆေးသောက်ပြီး စိတ်တိုင်းမကျသူများအတွက် တွဲဖက်အသုံးပြုရန် အထူးသင့်လျော်ပါသည်။
WHITE & BEAUTY
အသားဖြူ ★ ညို ★ ချောကလက် ရောင်
ကျား/မ၊ ကြီး၊ ငယ်မရွေး သုံးနိုင်သည်။




ဝယ်ယူရရှိနိုင်သောဆိုင်များ - Capital, Asia Light, Victoria, Super One, Royal Mart, ဓိနံ့ဂေဟာ (၁၄-လမ်း)၊ ကျောက်မြောင်း(မိနီမတ်စ်)၊ အောင်(ဓတိုး) (ရှု-ဈေးဈေး မ/ဥက္ကလာ)၊ ယုနေပလာဇာ ပ+ဒုထပ် (မွန်၊ ရွှေကမ္ဘာ ပွင့်ဝအိမ်၊ ရွှေပုပ်) အလှကုန်ဆိုင်များ မြို့မကစ်ပြည်လုံး၊ Ph : 09-450066151 သို့ ဆက်သွယ်မှာယူနိုင်ပါသည်။

ရွှေစံအိမ်အဆင့်မြင့်တည်းခိုခန်း
ပန်းဆိုးတန်းလမ်းအောက်ဘလောက်မှ ၅မိနစ် သင်္ဘောစီး၊ ဒလဘက်ကမ်းရောက်လျှင် ၃မိနစ်ဆို ငါကယ်ပီး၊
ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်းအဲကွန်း ရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။
(၁၃၉၉) ဗိုလ်ချုပ်(၁)လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်။
☎ ၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၅၉
၀၉ ၂၅၂၀၈၂၅၃၃
၈၀၀၀ ကျပ်
၁၂၀၀၀ ကျပ်

Hot Line No-0930500100

# မဟာမဲခေါင်ဒေသတွင်းနိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးတက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၀

**အကြိမ်(၂၀)မြောက် မဟာမဲခေါင်ဒေသဝန်ကြီးများအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Kempinski ဟိုတယ်၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။** (အောက်ပုံ)




အဆိုပါ အခမ်းအနားသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများ၊ မဟာမဲခေါင်ဒေသတွင်းနိုင်ငံများဖြစ်သည့် မြန်မာ၊ ကမ္ဘောဒီးယား၊ တရုတ် (ယူနန်ပြည်နယ်)၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများ၊ မဟာမဲခေါင်ဒေသဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ တက်ရောက်ကြသည်။

ဒုတိယသမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် အာဆီယံစီးပွားရေးအသိုက်အဝန်းထူထောင်ရန်အတွက် သတ်မှတ်ထားသည့်အချိန် နီးကပ်လာပြီဖြစ်၍ မဟာမဲခေါင်ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်သည် အဖွဲ့ဝင် တစ်နိုင်ငံချင်းစီအတွက် အလွန်အရေးကြီးပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အရှေ့အာရှ ဒေသတစ်ခုလုံးနှင့် ဒေသတွင်းနိုင်ငံများအကြား စီးပွားရေးပြန်လည်ထူထောင်ရန် ကြိုးပမ်းမှုအတွက် အဓိကကျသည့် မဟာဗျူဟာဖြစ်ကြောင်း။

မဟာမဲခေါင်ဒေသတွင်းနိုင်ငံများအနေဖြင့် ကုန်စည်ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ အခွန်အကောက်စနစ် ခေတ်မီတိုးတက်စေရေးကို ဦးစွာဆောင်ရွက်ပြီး မြန်မာနိုင်ငံအပါအဝင် အခြားဒေသတွင်းနိုင်ငံများ၏ စီးပွားရေးကို ရေရှည်နှင့်ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အာဆီယံပေါင်းစည်းမှုမူဘောင်နှင့် အာဆီယံစီးပွားရေးအသိုက်အဝန်းအတွင်း အမျိုးမျိုးသောပုံစံဖြင့် ချိတ်ဆက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳

# ဟားခါး – ဖလမ်းကြား ကားလမ်းမြေပြို၊ ရေစီးကြောင်းဖြစ်၍ ယာဉ်များညအိပ်ရပ်နား

**ဟားခါး စက်တင်ဘာ ၁၀**

ချင်းပြည်နယ် ဟားခါးမြို့နယ်နှင့် ဖလမ်းမြို့နယ်ကြား ကားလမ်းဆက်သွယ်မှုတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကားလမ်းမြေပြိုပျက်စီးကာ ရေစီးကြောင်းဖြစ်ပေါ်၍ စက်တင်ဘာ ၈ ရက်က ဟားခါးမြို့နယ်အစပ်နှင့် ဖလမ်းမြို့နယ်အစပ်တွင် ကားတန်းများ ညအိပ်ရပ်နားမှုဖြစ်ပေါ်ခဲ့ကြောင်း သတင်းရရှိသည်။



ဟားခါးမြို့ ပတ်ဝန်းကျင်တွင် စက်တင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် မိုးရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့ပြီး စက်တင်ဘာ ၈ ရက်ညက မိုးသည်းထန်ခဲ့ရာ ဟားခါး-ဖလမ်း ဆက်သွယ်ထားသော ကားလမ်းအချို့တွင် လမ်းပန်းဆက်သွယ်ရေးအခက်အခဲဖြစ်ပေါ်ခဲ့ပြီး အဆိုပါညက ဟားခါးမြို့အထွက် ဟားခါးနှင့် ဖလမ်းမြို့နယ်အစပ်တွင် ကလေး၊ တီးတိန်၊ ဖလမ်းတို့မှ ဟားခါးမြို့သို့ ထွက်ခွာလာသော ယာဉ်များ ညအိပ်ရပ်နားခဲ့ရပြီး ဟားခါးမြို့မှ ထွက်ခွာခဲ့သည့် ယာဉ်တန်းများသည်လည်း ပြန်လှည့်လာခဲ့ရသည်ဟု သိရသည်။

"ကျွန်တော်တို့ စက်တင်ဘာ ၈ ရက်ညနေ ဖလမ်းပြန်မလို့ ထွက်သွားတာ။

စာမျက်နှာ ၄ ကော်လံ ၅ သို့ ✳


ယနေ့ မာတိကာ

လုပ်ငန်းစွမ်းဆောင်ရည် — စာမျက်နှာ - ၂

ချင်းတွင်းမြစ်ရေ မြစ်ကြောင်းတစ်လျှောက်မြို့များ၏ စိုးရိမ်ရေမှတ်အထက်ရောက်ရှိ — စာမျက်နှာ - ၇

အသက်ငါးနှစ်အောက် ကလေးငယ်သေဆုံးမှုနှုန်း ကမ္ဘာတစ်ဝန်းတွင် အိန္ဒိယနိုင်ငံ အမြင့်ဆုံးဖြစ် — စာမျက်နှာ - ၁၃







themirror.npt@gmail.com
www.facebook.com/themirrordaily